ဗုဒ္ဓဂေါဘုန်းတော်

ဟာသရသပုံဝတ္ထုများ

ခင်အောင်ခွေန်း | သုဇေသန |

ဒုတိယအကြိမ်

ရွှေကျောင်းပျော်

ဟာသရသပုံဝတ္ထုများ

[၆]

တင်အောင်ထွန်း

[သုတေသန]

ရွှေကျောင်းပျော်စာစဉ်

ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး။
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး။
* အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး။

ရွှေကျောင်းပျော် ဟာသရသပုံဝတ္ထုများ (၆)

စာမူခွင့်ပြုချက်အမှတ် ၅၀၁၅၂၂၀၅၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၄၁၆၀၅၁၁

ဒုတိယအကြိမ်ပုံနှိပ်ခြင်း

၂၀၁၃-ခုနှစ်၊ စောင်ရေ ၁၀၀၀

တန်ဖိုး - ၅၀၀ -ကျပ်

ထုတ်ဝေသူ

ဒေါက်တာဌေးဌေးဝင်း (ယာယီ-စ၀၇)

စ၅၊အနော်မာအရှေ့ ၁ လမ်း၊ သာကေတ၊ရန်ကုန်မြို့။

အဖုံးအတွင်း ပုံနှိပ်သူ

ဦးဝင့်ဗိုလ်ဗိုလ်(စ၇၁၆)

နန်းသဇင်ပုံနှိပ်တိုက်၊ ၁၉၄၊ ၃၉-လမ်း၊ ကျောက်တံတား၊ ရန်ကုန်မြို့။

ဖြန့်ချိရေး

ရွှေကျောင်းပျော်စာပေ

စ၅၊ အနော်မာအရှေ့ ၁ လမ်း၊ သာကေတ၊ ရန်ကုန်မြို့။

ဣန္ဒာသယ စာအုပ်ဆိုင်၊ ဖုန်း - ၀၉ ၇၃၀ ၂၀၆၂၇

သစ္စာမဏ္ဍိုင်စာအုပ်ဆိုင်၊ ဖုန်း - ၀၉ ၅၁ ၂၅၂၈၅

ရွှေတိဂုံဘုရားတောင်ဖက်မုခ်ဈေးတော်ရုံ

ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ရွှေကျောင်းပျော် ဟာသရသပုံဝတ္ထုများ (၆)

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
ကြီးတော်ကြီး ကယ်ပေလို့	၁
ယောက္ခမနားကန်း၍ သမက်ရဟန်းပြု	၇
သမီးတွက်တာ မနေသာ	၁၁
လူမင်း	၂၀
သံနှင့်ရောပေလို့	၂၆
ဇီတံ မေ	၃၂
ပါးကိုက်၍ နားကိုက်သည်	၃၉
သံကိုကြွက်စား သားကိုစွန်ခို	၄၃
ရွာသူကြီးလည်း ဟင်းလိုက်ရတတ်ပါသည်	၄၇
အဆင်မသင့်လျှင် ရှင်ဘုရင်အထုပ်ထမ်းရ	၅၆
အနိမ့်စားမာန	၆၁
သီမန္တရိတ်သား မာန်ကြွားကြွား	၆၈
ပုစွန်ထုပ်လဲကတည်းက အသည်းကွဲရသူ	၇၃
ရိုက္ခာမရ စိတ်အနာရ	၈၁

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
အရှက်ကြီးသူ ဘေးလူကုမ္ပ မိန်းမရ	၈၆
တောသားရှက်ကြောက်တော့ ပြောစကားအဆက်ပျောက်	၉၂
အနောက်သန် လှံတန်းလန်း	၁၀၄
ကျီးနှင့်ခင်ပုတ် ရန်ချုတ်ချုတ်	၁၀၉
မုသားခြုံ လုံပြီထင့်	၁၁၉
မုသားဖလှယ် ဟန်ရေးကြွယ်	၁၂၅

* * * * *

ကြီးတော်ကြီး ကယ်ပေလို့

ရှာဦး ဘုန်းတော်ကြီးကျောင်းသား မောင်မျိုးမြင့်သည် ဘုန်းကြီးအချစ်တော် ဖြစ်၏။

ဘုန်းကြီးအချစ်တော်ဆိုသည်မှာ ကိုရင်ကျောင်းသားများထဲတွင် ပါးပါးနပ်နပ်ရှိသော ကိုရင်ကျောင်းသားသည် ဘုန်းတော်ကြီးခိုင်းလိုက်တိုင်း အဆင်ပြေသဖြင့် ဘုန်းတော်ကြီး၏ အနီးတွင် လက်ကသုံးတောင်ဝှေး ပြုထားခံရသူဖြစ်၏။ ဘုန်းတော်ကြီး၏အထာ ဘုန်းတော်ကြီး၏အကြိုက်ကို သိနေသဖြင့် ဘုန်းတော်ကြီးနှင့် အဓိပ္ပာယ်ပြေနေသော တပည့်လည်းဖြစ်၏။ ကြာတော့ ကျန် ကိုရင်ကျောင်းသားများက ဘုန်းတော်ကြီး အနီးသို့ မသီဝံ့သလောက် အနီ့ကိုရင် ကျောင်းသားသာလျှင် ဘုန်းတော်ကြီး၏ လက်စွဲတော်ဖြစ်နေပြီး ဘုန်းကြီး အချစ်တော် ရာထူးကို ရရှိလေ၏။

ဘုန်းကြီး အချစ်တော်သည် ဘုန်းတော်ကြီး နောက်ပါးက တကောက်ကောက် လိုက်နေရသည်ဖြစ်၍ အလှူ အတန်း ဆွမ်းစား ကွမ်းစားများတွင် ဘုန်းတော်ကြီး၏ပွဲကျကို

ပိုင်ဆိုင်သည့် အခွင့်အရေး ရှိ၏။ ကိုရင်ကျောင်းသားအများ မြေတူး မြေသယ် အမှိုက်ရှင်း လုပ်အားပေးကိစ္စများတွင်လည်း ဘုန်းတော်ကြီးက အခြားခိုင်းစေထားပါက ဘုန်းကြီးအချစ်တော်မှာ အလုပ်ကြမ်းမှ သက်သာခွင့်ရရှိနိုင်၏။ သို့သော်လည်း ဘုန်းကြီးအချစ်တော်များမှာ ဘုန်းတော်ကြီးအနီးတွင် ဘာဆိုလဲ ပြေးဦး ညာဆိုလဲပြေးဦးနှင့် ကျောင်းတက် စာကျက်မမှန်သဖြင့် ဉာဏ်ကောင်း၍သာ အများနှင့်အတန်းမီအောင် လိုက်နိုင်ကြလေသည်။ ဘုန်းတော်ကြီးအနီး နေရသူဖြစ်သည့်အလျောက် တစ်ကိစ္စမဟုတ် တစ်ကိစ္စတွင် ဘုန်းတော်ကြီး၏ အာဘော်နှင့် လွဲချော်တတ်နိုင်ရာ ဘုန်းတော်ကြီး၏ အမန်အဆူ အမြည်အတွန်လောက်ကဏ္ဍာ့ရိုးနေပြီး ခံနိုင်ရည်ရှိရှုလည်း ဖြစ်လေ၏။

ဘုန်းကြီး အချစ်တော် ကျောင်းသား တစ်ဦးအဖို့ ရင်ထိတ်စိုးပူရသော အချိန်တစ်ချိန်ရှိ၏။

ဘုန်းတော်ကြီးက လှမ်း၍အမိန့်ရှိသည်ကို အနီးသို့ ပြေးလာရင်း မကြားတကြား နာယူလိုက်ရသောအချိန်သည် ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားတတ်၏။ နားမလည်၍ ပြန်မေးသည်ကို ဆရာဘုန်းတော်ကြီးများ မကြိုက်တတ်၍ ပြန်မေးဖို့လည်း မဝံ့ရဲပေ။ နားစွန်းနားဖျား ကြားပြီးသမျှနှင့် တလွဲတချော် လုပ်လာပြန်ပါကလည်း အဆူအမန်က မလွတ်၊ နှစ်မျိုးစလုံး ဘယ်ဖက်မှ မလွတ်သဖြင့် အခု အဆူခံရမှာနှင့်

နောက်အဆူခံရမှာ နှစ်ခုအနက် နောက်အဆူခံဖို့ရာကိုသာ သူသူငါငါ ရွေးတတ်ကြသည်။

မသဲမကွဲ မသေမချာကိစ္စကို အရိပ်အယောင်မှန်း၍ လုပ်ဆောင်ခဲ့ရာ ကာရန်သင့်သွားပါက အဆူခံ လွတ်သွားသည်လည်း ရှိ၏။ ခိုင်းတာတခြား လုပ်တာတခြား ဖြစ်လာသည့်တိုင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေ ကောင်းသွားသဖြင့် တော်ရုံတန်ရုံသာ ဆူမန်ခံရနိုင်သည်လည်း ရှိ၏။ သည်တော့ နောင်ခါလာ နောင်ခါစျေး သဘောထားကာ နီးကပ်ပြီး ကျိန်းသေ အဆူခံရမည့် အခြေအနေကိုသာ ကလေးပီပီ ရှောင်ကြသည်။

ဘုန်းကြီးအချစ်တော် မောင်မျိုးမြင့်အဖြစ်ကို ကြည့်ပါ။ ဘုန်းတော်ကြီးက ညနေ ၅-နာရီ ဝတ်တက်ရန် ဘုရားခန်း ဝင်ခါနီး လှမ်းပြောသဖြင့် ထုံးစံအတိုင်း မောင်မျိုးမြင့်ပင် ပြေးသွားရင်း နားထောင်လိုက်ရသည်။

ဘုရားခန်းပေါက်ဝသို့ မောင်မျိုးမြင့်ရောက်သော် ဘုန်းတော်ကြီးက ပြောပြီးသွားသည်။ မောင်မျိုးမြင့် နားလည်သလောက်တော့ နားလည်လိုက်သည်။

'ဟဲ့ ဘယ်သူရှိလဲ၊ အိမ်သွားစမ်း၊ ကြိုး (. . .)ပေး လိုက် ပြောပြပြီး ဒကာမကြီးဆီက တောင်းယူခဲ့'

အိမ်သွားစမ်းဆိုသည်မှာ ဘုန်းတော်ကြီး၏ ရဟန်း ဒါယိကာမကြီးအိမ်ကို ပြောမှန်း မောင်မျိုးမြင့် နားလည်သည်။ (ကြီး)၏ နောက်စကားလုံးတို့ကို ဗလုံးဗထွေး ကြားလိုက်သဖြင့် ကြီးကြီးကြီးလား၊ ကြီးစည်းကြီးလား နားမှာ မသဲကွဲ။ ဘုန်းတော်ကြီးအား ထပ်လျှောက်ကြည့်ဖို့ရာလည်း ဘုန်းတော်ကြီးသည် ဘုရားခန်း ပြူတင်းပေါက်ကို ဖွင့်ရင်း ကျောင်းအနီးရှိ ကုက္ကိုပင်ကိုင်းများဆီ မော်ကြည့်နေသည်။ တစ်ဆက်တည်းဆိုသလို ဆီမီးကပ် ရေချမ်းကပ် ပြုလုပ်ကာ ဘုရားစင်ရှေ့တွင် ထိုင်၍ ဘုရားဝတ်ပြုလေတော့သည်။

မောင်မျိုးမြင့် ထပ်မမေးရဲသဖြင့် နေရာမှ လှည့်ပြန်လာခဲ့ပြီး ကိုရင်ကြီးများအား အစအဆုံးပြောပြ၍ ဘာဖြစ်နိုင်သည်ကို အကြံဉာဏ်ပေးရန် အကူအညီတောင်းခံရသည်။ ကိုရင်ကြီးများကလည်း ဘုန်းတော်ကြီး၏ လှုပ်ရှားမှု အခြေအနေများကို မေးမြန်း၍ တစ်ပါးတစ်မျိုး ခန့်မှန်းပြော ပြောကြသည်။ ကိုရင်တစ်ပါးက 'ဘုရားဝတ်တက်ခါနီး ဆီမီးကပ်တော့ ဓာတ်ဆီမီးခြစ် သတိရပြီး မီးစာကြိုး တောင်းခိုင်းတာ ဖြစ်မယ်' ဟုအဆိုပြု၏။ နောက်တစ်ပါးကလည်း 'ဘုန်းတော်ကြီးက ပြတင်းတံခါးဖွင့်ပြီး ကုက္ကိုပင်ကိုင်းတွေ မော့ကြည့်နေတယ် ဆိုတော့ သစ်ပင်ချိုင်ဖို့ ကြိုးကြီးကြီး ယူခိုင်းတာကော မဖြစ်နိုင်ဘူးလား။ ဟုတ်ပြီ ဟုတ်ပြီ။ ဟိုနေ့က သစ်ကိုင်းခြောက်

ကျောင်းပေါ် ကျိုးကျလို့တောင် ဆွမ်းပို့လာတဲ့ ဒကာကြီးက ကျောင်းဘက်က သစ်ကိုင်းတွေ ခုတ်ပစ်ဖို့ ကောင်းတယ်လို့ ဘုန်းကြီးကို လျှောက်သေးတယ်' ဟု သေချာသလောက် အကြံပြုလေသည်။

မိမိထင်မြင်ချက်ရော မဟာပညာကျော် ကိုရင်ကြီးများ၏အကြံပြုချက်များရော ခေါင်းထဲတွင် လုံးထွေးရစ်ပတ်ယူဆောင်ခဲ့ပြီး မောင်မျိုးမြင့်သည် ဘုန်းတော်ကြီး၏ ရဟန်းဒါယိကာမကြီးအိမ်သို့ လာခဲ့သည်။ ရဟန်းဒါယိကာမကြီးမှာ မောင်မျိုးမြင့်နှင့်လည်း ကြီးတော် တော်စပ်သည်။ ကြီးတော်ကြီးအားလည်း မောင်မျိုးမြင့်က ဖြစ်ပုံကြားပုံ ပြောပြ၍ ဖြစ်နိုင်သည်ကို ခန့်မှန်းခိုင်းသည်။ ကြီးတော်ကြီးထံမှလည်း အကြံသာအိုက်ပြီး အဖြေမရ။

အဖြေမရဘဲ ပြန်လာခဲ့ပါက ကျောင်းရောက်လျှင် ဘုန်းတော်ကြီး၏ အဆူအမန် ခံရတော့မည် သေချာနေ၍ မောင်မျိုးမြင့်သည် ကြီးတော်ကြီးအား အရအပါ ကပ်ခေါ်သည်။ ကြီးတော်ကြီးကလည်း တူတော်မောင်အား သနားငဲ့ညှာပါသည်။ ဘုန်းတော်ကြီးအား ကပ်လှူရန် သံပရာ ဖျော်ရည်တစ်ခွက်ဖျော်၍ လိုက်လာသည်။

ကျောင်းရောက်တော့ ဘုန်းတော်ကြီးမှာ ဘုရားဝတ်တက်၍ ပြီးလုပြီ။ ခဏစောင့်ပြီးသော် ဘုရားခန်းမှ ဘုန်းတော်ကြီး ထွက်လာသည်။

ဒါယိကာမကြီးက ဦးစွာလျှောက်၏။

"အဖျော်ရည် လာကပ်တာဘုရား။ လမ်းမှာမောင်မျိုးမြင့်နဲ့တွေ့လို့ ပြီးမှအိမ်လိုက်ခဲ့တော့ဆိုပြီး ပြန်ခေါ်လာ ခဲ့တယ်ဘုရား"

ကြီးတော်ကြီးလိုက်လာသဖြင့် ဘုန်းတော်ကြီး၏ အဆူအပူခံရမှာ မကြောက်တော့သော်လည်း မောင်မျိုးမြင့်ရင်မှာ ခပ်ထိတ်ထိတ်ပင်ရှိသေးသည်။ ဘုန်းတော်ကြီးက အမိန့်ရှိ၏။

"ဟိုတစ်ခါ နမူနာပြထိုးဖို့ဆိုပြီး ယူသွားတဲ့ (ကြိုးပုတီး) လေ။ ပြပြီးပြီမဟုတ်လား၊ ပြီးရင် ပြန်ပေးပါဦး။ ဥစ္စာရှင် ပြန်ပေးရဦးမယ်။ ဘုရားဝတ်တက်ခါနီးမှ သတိရလို့"

ခုမှ မောင်မျိုးမြင့်ရော ကိုရင်ကြီးများပါ ဟင်းချနိုင်ကြသည်။ မိမိတို့၏ ထင်မြင်ချက်များ တစ်ခုမှ မဟုတ်သည်ကို ပြုံးမိကြရင်း မုသားမကင်းသော်လည်း ဖြတ်ထိုးဉာဏ်ဖြင့် ဘုန်းတော်ကြီး၏ အဆူအမန်မှ ကင်းလွတ်စေခဲ့သော ကြီးတော်ကြီးအား လေးစားအားကိုး မဆုံးကြတော့ပေ။

ဘုန်းကြီးအချစ်တော် မောင်မျိုးမြင့်အဖြစ်က နားလေး၍ မဟုတ်သော်လည်း နားစိုက်ချိန်မရ၍ နားမလည် ခဲ့ခြင်းနှင့် ဘုန်းတော်ကြီးအား ပြန်မမေးရဲခြင်းတို့ကြောင့် ဖြစ်ပေ၏။ ကြီးတော်ကြီး ကယ်ပေလို့သာ မောင်မျိုးမြင့် အဆူအမန် မခံခဲ့ရခြင်းပင် ဖြစ်ပေ၏။

ယောက္ခမနားကန်း၍ သမက်ရဟန်းပြု

သာဝတ္ထိပြည်တွင် ဘုရားရှင်သာသနာ၌ သဒ္ဓါတရား ဖြင့်သက်ဝင်ယုံကြည်သူ အမျိုးကောင်းသား သူကြွယ်တစ်ဦး ရှိလေသည်။ ထိုအမျိုးကောင်းသားသည် ငါးပါးသီလကို ခါးဝတ် ပုဆိုးကဲ့သို့မြဲပြီး ရတနာသုံးပါး၌ အမြဲဆည်းကပ်သူ ဖြစ်လေ သည်။

တစ်နေ့တွင် အမျိုးကောင်းသားသည် သက်နှံးကိုယူ၍ ပန်းနံ့သာတို့ကို လက်မှာစွဲလျက် ဘုရားရှင် သီတင်းသုံးတော်မူ ရာ ဇေတဝန်ကျောင်းတော်သို့ တရားနာယူရန် သွားရောက် လေသည်။ ထိုအချိန်တွင် အမျိုးကောင်းသား၏ ယောက္ခမ ဖြစ်သူသည် သမီးထံသို့ အလည်အပတ် ရောက်ရှိလာလေရာ သမက်ကို အိမ်မှာမတွေ့၍ သမီး၏အိမ်ထောင်ရေး အခြေ အနေအတွက် စိုးရိမ်ပူပန်ပြီး မေးသည်။

"သမီး. . . ညည်းယောက်ျားက ညည်းအပေါ် ကြင်နာ ရဲ့လား"

"သမီးယောက်ျားနဲ့ ပတ်သက်လို့ကတော့ စိတ်ချအမေ၊ အမေ့သမက်က ဘာသာတရားကိုင်းရှိုင်းတာရော အကျင့်

သီလမှာရော ရဟန်းတော်တစ်ပါးတောင် ရှုံးတယ်အမေရဲ့။ ခုလဲ သက်နိုးလျှုရအောင် ဘုရားကျောင်းတော် သွားပြီ”

မိခင်သည် သမီး၏ အဖြေကို ကြားတော့ ကြားသည်။ သို့သော် မိခင်မှာ နားလေးသူဖြစ်၍ နားစွန်နားဖျား တစ်ဝက် တစ်ပျက်သာ နားလည်သည်။

“ဟေ . . . ရဟန်းဝတ်သွားပြီ ဟုတ်လား၊ ဖြစ်မှဖြစ်ရပလေ သမီးရယ်။ သက်နိုးဝတ်သွားတာဆို ငါ့သမီးလေး ခက်ပါပြီ။ မြတ်စွာဘုရားနဲ့ မတွေ့လိုက်နဲ့ ကျွတ်တမ်း ဝင်ကုန်တာမျှားတယ်။ ကံဆိုးလိုက်တဲ့ ငါ့သမီးရယ်။ ဘယ်လိုဖြစ်တာတဲ့လဲ”

ခက်ကုန်ပြီ။ သမီးက သူ့ယောကျ်ားသည် ရဟန်းပုဂ္ဂိုလ်ကဲ့သို့ အကျင့်သီလကျင့်သုံးနေထိုင်သူ ဖြစ်ပါကြောင်း ပြောသည်ကို နားလေးသော မိခင်က ‘ရဟန်းဝတ်သွားပြီ’ ကြားပြီး ထင်ရာတွေ လျှောက်ပြောနေခြင်းဖြစ်သည်။

နားလေးသောမိခင် အော်ကြီးဟစ်ကြီး ပြောဆိုသံကို အိမ်ရှိသူအားလုံး ကြားပြီး ဝိုယိုမြည်တမ်းသူ မြည်တမ်းကုန်ကြသည်။ တစ်ဖန် လမ်းသွားလမ်းလာများ ကြား၍ တစ်ဆင့် တစ်ဆင့် ဖောက်သည်ချကြပြန်သည်။ သူကြွယ်၏ သတင်းမှာ တစ်ဆင့်တစ်ဆင့်နှင့် တစ်ရပ်လုံးဆိုသလို တစ်မုဟုတ်ချင်း ပျံ့နှံ့သွားသည်။

အမျိုးကောင်းသား သူကြွယ်သည် မြတ်စွာဘုရား၏ တရားတော်ကို နာကြားပြီးသော် ကျောင်းလမ်းအတိုင်း သာဝတ္ထိမြို့တွင်းသို့ ပြန်ဝင်လာသည်။ မိမိနေထိုင်ရာအရပ်သို့ မရောက်မီမှာပင် မိမိ၏သတင်းကောင်းက အမျိုးကောင်းသား သူကြွယ်အား ဆီးကြိုနှင့်သည်။

'ဘုရားရှင်ထံမှာ ရဟန်းပြုသွားပြီဆို' ဟု သူကြွယ် နှင့် သိသူများက မြို့အဝင်မှာကတည်းက ဆီး၍ မေးကြသည်။ နဂိုကမှ ဘုရားရှင်၏သာသနာအား ဒါယကာတစ်ဦးအနေနှင့် ကြည်ညိုနေရသည်ကို အားမရနိုင်ဖြစ်၍နေသော သူကြွယ်အဖို့ စိတ်တွင် အကြံကောင်းတစ်ခုကို ကြံမိလေ၏။

"ငါသည် ရ**ဟာ**နန်းမပြုပါဘဲ ရဟန်းပြုသည်ဟု မဂ်လာ ရှိသောအသံသည် ဖြစ်ပေါ်လာသည်။ ကောင်းသောအသံ, မဂ်လာရှိသောအသံ ဖြစ်ပေါ်လာခြင်းပင် ဖြစ်သည်။ ကောင်းသော အသံ, မဂ်လာရှိသော အသံတို့မည်သည် ကွယ်ပ, စကောင်း သောအရာမဟုတ်ပေ။ ယနေ့ပင် ငါသည် ရဟန်းပြုတော့အံ့"

သူကြွယ်က နောက်ကြောင်းပြန်လှည့်သည်။

ဇေတဝန် ကျောင်းတော်ရှိ ဘုရားရှင်၏ထံမှောက်သို့ သွား၍ ရဟန်းဘဝကို အစစ်အမှန် ခံယူလိုက်ပေသည်။

မကြာမြင့်မီ အရဟတ္တဖိုလ်သို့ ပေါက်မြောက်သွားပေရာ "ယောဂ္ဂမ နားကန်း၍ သမက် ရဟန်းပြု" ခဲ့သော ကိန်းဟုပင် ဆိုရမည်ကဲ့သို့ ဖြစ်ခဲ့ပေသတည်း။

(၁၇၁။ ကလျာဏဝဂ်၊ ကလျာဏမေ္တတ်။)

သမီးတွက်တာ မနေသာ

မြန်မာဗုဒ္ဓဘာသာ သားပျို သမီးပျိုများ အရွယ်ရောက်လာပြီဆိုလျှင် အိမ်ထောင်မှုဆိုင်ရာ ရှေးဆိုရိုး တစ်ခုကို လူကြီးမိဘများထံမှ ကြားသိ မှတ်သား ဖူးကြပါသည်။ မြန်မာလူနေမှုမှ ပေါက်ပွားလာသော ရှေးလူကြီးသူမတို့ ထားရှိခဲ့သည့် အိမ်ထောင်မှုဆိုင်ရာ ဒဿနတစ်ခုဟု ဆိုလျှင်လည်း ရပါသည်။

- တက္ကသိုလ်ဆရာ တစ်ဦးက၊
မှာဖူးသည့် ထုံးရည်။
- အိမ်ထောင်မှု ဘုရားတည်၊
ဆေးမင်ရည် စုတ်ထိုး။
- ဤသုံးခု ချက်မပိုင်လျှင်၊
နောင်ပြင်နိုင်ခဲသည့် အမျိုး။

ကျောင်းကန်ပြာသာဒ်နှင့် ဇရပ်တန်ဆောင်းတို့ ယိုယွင်းပျက်စီးလျှင် ဖြစ်စေ၊ အလျှုဒါယကာက တိုးချဲ့လိုရှိ ဖြစ်စေ ပြုပြင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းနှင့် နေရာသစ် ပြောင်းရွှေ့ခြင်းတို့ကို သက်ဆိုင်သူများ သဘောတူညီလျှင် ပြုလုပ်ရန်

မခဲယဉ်းပါ။ သို့သော် ဘုရားစေတီပုထိုးတို့ကို ထိုသို့ပြုလုပ်ရန် အတွက်မူ မြန်မာဗုဒ္ဓဘာသာဝင်တို့မှာ သူသူငါငါ ဝန်လေးကြ၏။ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များပီပီ အစားထိုး၍ မရသော ဌာပနာတော်များ ကိန်းဝပ်စံပယ်ရာ ဖြစ်၍ အရွှေ့အပြောင်း မပြုလုပ်အပ်သော အရာဌာနအဖြစ် သဘောထားကြပါသည်။ ချိုးဖျက်ရန်ကား ဝေလာဝေးစွ၊ ရွှေ့ပြောင်းပြင်ဆင်ရန်ပင် ခဲယဉ်းလှပေသည်။

ထိုးကွင်းမင်ကြောင် ထိုးခံရသူသည်လည်း ကိုယ်ရေအသားပေါ်၌ စွဲထင်ပြီးသား အရေးအကြောင်း အရုပ်အကောင်တို့ကို ဖျောက်ဖျက်ရန်မှာ ကိုယ်မှအသားကို လှီးထုတ်ပစ်မှ ရမည်ကဲ့သို့ရှိလေသည်။ မိမိအသားကိုတော့ ဘယ်သူမျှ အနာခံအပ်ခံ လှီးဖြတ်ကြမည်မဟုတ်ပေ။ မလိုချင်သည့်အရုပ် အကောင်ပေါ်တွင် အခြားအရုပ် အကောင်ဖြင့် အပေါ်မှ ဖုံးအုပ်ပစ်ခြင်းမျိုးသာလျှင် ရတတ်သည်ကို တွေ့ရလေသည်။ သို့သော်လည်း အဓိပ္ပာယ်မရှိသော အင်းကွက်များ၊ အမည်းအကြောင်းများက ကိုယ်ရေအသားအလှအပကို ပျက်စီးရုံသာ ထူးခြားလေသည်။

မောင်မယ်နှစ်ဦးတို့၏ အိမ်ထောင်မှုတွင်လည်း ထို့အတူပင်ဖြစ်ကြောင်း လူပျိုဖော် အပျိုဖော်ဝင်စ အချစ်ရေး

အိမ်ထောင်ရေး စိတ်ကူးစိတ်သန်းများ ပူးဝင်စ သားနှင့် သမီး၊ တူ တူမတို့အား လူကြီးမိဘတို့က အသားပါပါ ဆုံးမသွန်သင်ကြ ခြင်းဖြစ်သော်လည်း ချစ်မှုရေးရာနှင့် အိမ်ထောင်ပြုခြင်း အပေါ်တွင် စိတ်ကူးယဉ်မျှရှိသေးသော လူငယ်လူရွယ်တို့မှာ အသိဉာဏ်နှင့်ယှဉ်၍ နားမလည်နိုင်ကြသေးပေ။ လူကြီးမိဘ များ ပြောရိုးပြောစဉ် ပြောကြတာပဲ ဟူ၍လောက်သာ သဘော ထားကြသည်။ မိဘတို့မှာမူ အချစ်ရေး အိမ်ထောင်ရေး လူမှု ရပ်တည်ရေးအပါအဝင် စီးပွားရေးလောကများကို ဖြတ်သန်း ပြီးကြသူများဖြစ်၍ ဘဝဒဿနဆိုင်ရာ သုံးသပ်ချက်ကို ပီပီပြင်ပြင် သိရှိကြပေသည်။

မသိ ခံနိုင်ရိုးလား။

မိဘနှစ်ပါးတို့အား မြတ်နိုးဖွယ်ရာ သားသမီးများကို ရရှိလာပြီးသည်မှစ၍ ငယ်ရွယ်စဉ်ကာလ ပြုစုစောင့်ရှောက် ခြင်း၊ ဘဝတွင် အများနှင့်တန်းတူလိုက်နိုင်စေရန် သူများ အောက်မကျစေရန် ကျောင်းနေချိန် ပညာသင်ကြားပေး ခြင်း၊ ဘဝခရီးတွင် စီးပွားလူမှု အဆင်ပြေပြီး မကြောင့်ကြရအောင် အလုပ်အကိုင် ပုံစံချပေးခြင်းနှင့် အိမ်ထောင်ရက်သားချပေး ခြင်း စသည်တို့ဖြင့် သားသမီး တို့အပေါ် မိဘတို့၏တာဝန်မှာ မသေးငယ်လှပါ။ သားသမီးတို့၏ အိမ်ထောင်ရေးကိစ္စမှလွဲ၍

အခြားအခြားသော အရေးကိစ္စများတွင် မိဘတို့၏ တာဝန်လုံးလုံးလိုဖြစ်နေပြီး အခြေအနေအရ တာဝန်ကျေနိုင် မကျေနိုင်သာလျှင် မိဘတစ်ဦးနှင့် တစ်ဦး မတူကြပေ။ သို့သော် သားသမီးတို့၏ အချစ်ရေး အိမ်ထောင်ရေး ကိစ္စတွင်မူ စိတ်ဆန္ဒပိုင်းသဘောက ပြဋ္ဌာန်းမှုရှေ့ကျနေရကား မိဘတို့ဖက်က အမြဲတမ်း နောက်ကျနေတတ်ပြီး လိုက်လျော လက်လျှော့ရသည်ကများပေသည်။

လူငယ်တို့ဘာဝ သံယောဇဉ်တွယ်ငြိမှုက ဦးခဲ့ပြီမို့ မိဘတို့မှာ မိဘဝတ္တရားရှိသည်နှင့်အညီ ထိမ်မြားလက်ထပ် မင်္ဂလာဆောင်နှင်းပေးရုံသာ ကျန်တော့တတ်လေသည်။ လင်အိမ် မယားအိမ်လိုက်ပါသွားမည့် သားသမီးတို့အား ကြည့်၍ မိဘတို့သည် အထပ်ထပ်ပွားခဲ့ရသော မြတ်နိုးတနာ ပစ္စည်းစုကို ဖဲ့ခြွေပေးလိုက်ရသကဲ့သို့ ခံစားရရှာသည်။

စင်စစ် မိဘတို့သည် သားနှင့်သမီးတို့အား ချစ်မြတ်နိုးရသည်နှင့်စာလျှင် ပူပင်ရမှုက သာလွန်သဖြင့် အယူနှင့်အပေးမမျှလှပေ။ သို့သော်လည်း ဘယ်မိဘတိုင်းမှာမှ ထိုကဲ့သို့ သဘောထားမရှိကြဘဲ သားသမီးတို့အတွက် စိုးရိမ်ပူပန်ရခြင်းကိုပင် နှစ်ခြိုက်စွာ ခံယူလျက်ရှိကြပါသည်။ သမီးမိန်းကလေးကံအကြောင်းမလှပါက မိဘတို့အဖို့ မတွေးရဲအောင်

ဖြစ်ကြရ၏။ အထူးသဖြင့် မိဘတို့သည် သမီးမိန်းကလေး၏ အိမ်ထောင်ရေးပုံစံ မမှန်မှာ စိုးရိမ်ကြပေ၏။

တစ်ခါက သမီးသုံးယောက်မိခင် မုဆိုးမတစ်ဦးရှိ၏။

သမီးအကြီးက အိမ်ထောင်ကျပြီး ယောကျ္ဍမအိမ်ပါသွား၍ သမီးအတွက် ပူပင်မှုဝေးသွားသည် ဆိုနိုင်၏။ သမီးထွေးမှာ အလယ်တန်းကျောင်းသူအရွယ် ငယ်သေး၍ စိုးရိမ်ဖွယ်မရှိသေး။ သမီးလတ်ကား အရွယ်ရောက်နေပြီဖြစ်၍ သူ့အတွက် မိခင်မှာ စိတ်မချနိုင်ဖြစ်နေသည်။

သမီးလတ်ကလည်း ထင်သလောက် မဆိုးပါ။ မိခင်အား သူ့တွင် ချစ်ကြိုက်သူ ရှိနေပြီဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်း ပြောပြသည်။ မိခင်ကလည်း သူကိုယ်တိုင် ငယ်စဉ်က မိဘပေးစားသူကိုမယူခဲ့ဘဲ မိမိကြိုက်နှစ်သက်သူ ကိုသာ ယူခဲ့သဖြင့် သမီးလတ်၏ ချစ်မှုရေးရာကိစ္စကို မတားပါ။ သမီးလတ်၏ ခင်ပွန်းလောင်းကို အိမ်သို့ သွားလာ ဝင်ထွက်ခွင့်ကိုပါ ပေးထားပါသည်။

ခက်သည်ကား သမီးလတ်၏ချစ်သူသည် နိုင်ငံခြားကုမ္ပဏီ တစ်ခုတွင် အလုပ်လုပ်သူ တစ်ဦးဖြစ်၏။ နိုင်ငံခြားကုမ္ပဏီ ဝန်ထမ်းဖြစ်သည်နှင့်အညီ အိမ်သို့လာတိုင်း ဘောင်းဘီနှင့် ရှူးဖိနပ်ကို အမြဲဝတ်ဆင်၍ လာသည်။ အလုပ်ပိတ်ရက်နားရက်လာလည်း တစ်ခါမျှ ဥရောပဝတ်စုံကို ချွတ်၍လာ

သည်မရှိပေ။ လည်ပင်းခ၌လည်း ဘာမှန်းမသိရသော အရုပ်အကောင်ကို ဆွဲဆင်ထားသေးသည်။

သမီးလတ်ကတော့ သူ့ချစ်သူအပေါ် ယုံကြည်ပြီးသားမို့ ဘာမျှ ဂရုမထားမိ။ မိန်းမငယ်တို့ ထုံးစံအတိုင်း လက်ရှိခဏ အကြောင်းအရာထက်ပိုပြီး အခြားကိစ္စ စိတ်ဝင်စားစရာတစ်ခုကို ခေါင်းထဲထည့်သည်မဟုတ်။ သူ့လူလာခေါ်လျှင် မိခင်အားပြော၍ လိုက်သွားပြီး အိမ်ပြန် လာတော့လည်း မိခင်အား ကတိခံသွားသည့် အချိန်အတွင်း ရောက်အောင်ပြန်လာသည်။ မိခင်မှာသာ သမီးလတ်၏ချစ်သူ အပေါ် တစ်နေ့တခြား သံသယဝင်ဝင်လာနေသည်။

ထိုသံသယကို အခြေခံ၍ တစ်နေ့တွင် အပြင်ကပြန်လာသော သမီးလတ်အား မိခင်က မေးသည်။

"သမီးလတ် ညည်းတို့နှစ်ယောက် သွားကြတော့ ဘယ်တွေရောက်လဲ"

မိခင်၏အမေးက ရိုးရိုးမေးမှန်းသိ၍ သမီးကလည်း ရိုးရိုးဖြေသည်။

"ဘာဖြစ်လို့လည်း မေမေ။ သမီးတို့ ပန်းခြံထဲတင်ပါ။ စျေးထဲလည်း ရောက်သေးတယ် မေမေ"

"ဘာမှမဖြစ်ပါဘူး သမီးရယ်။ ဘုရားတွေ ဘာတွေ မရောက်ဘူးလားလို့"

"ဘုရားတော့တစ်ခါမှ မရောက်သေးဘူး မေမေ"

'ဟုတ်လား ဗုဒ္ဓဘာသာဝင်တွေပဲ ဘုရားတော့ ရောက်မှပေါ့ သမီးရဲ့။ နောက်တစ်ခါ လာရင် ဘုရားတက်ဖို့ပြော သိလား။ မေမေလဲ လိုက်မယ်'

'ဟုတ်. . ဟုတ်ကဲ့. . . မေမေ'

သမီးကတော့ မိခင်၏ သံသယကို မသိ။ မိခင်ကလည်း လူငယ်များ အထင်သေးမှာစိုးရ၍ သူ၏သံသယကို ထုတ်မပြောပေ။ မိခင်သည် သမီးလတ်၏ ခင်ပွန်းလောင်းအား ဘာသာခြားတစ်ဦးဖြစ်မှာ မလိုလားသကဲ့သို့ ခြေလက်အင်္ဂါ ချွတ်ယွင်းသူ ဖြစ်မှာကိုလည်း စိုးရိမ်နေလေသည်။

တစ်နေ့တွင် ပြောထားသည့်အတိုင်း ဘုရားသို့ အတူသွားကြ၍ ဘုရားကုန်းပေါ် တက်မိလေသောအခါမှ မိခင်၏ သံသယများ ရှင်းသွားလေတော့၏။ စောင်းတန်းထိပ်တွင် သမက်လောင်း၏ ရှားဖိနပ်သာမက ခြေစွပ်ပါမကျန် ချွတ်ရလေရာ ခြေအင်္ဂါ ချွတ်ယွင်းမှု မရှိကြောင်းမှာ သေချာသွားသည်။ ရင်ပြင်တော်ပေါ် ရောက်တော့လည်း သမက်လောင်း

သည်ဘုရားကို ဦးချရုံမက ဘုရားရှိခိုးစာတွေပါ ရွတ်ဖတ် ရှိခိုးသဖြင့် ယောက္ခမလောင်းမိခင်မှာ ကျေနပ်၍သွားလေ၏။

မိခင်တို့မည်သည် ဝမ်းကကျွတ်စ သားငယ် သမီးငယ်အား ခြေလက်အင်္ဂါ စုံမစုံ ကြည့်ရှုသကဲ့သို့ အရွယ်ရောက်လာသော သားသမီးတို့နှင့် တွဲဖက်ကြရမည့် ချွေးမနှင့် သမက်တို့၏ ခွဲတ်ယွင်းမှု တစ်ခုခုအတွက် စိုးရိမ်ပူပန်ရရှာပေ၏။

စင်စစ် မိဘတိုင်းသည် သားသမီးတို့၏ ချစ်မှုရေးရာကိစ္စတွင် ဝင်ရောက်၍ စွက်ဖက်ခြင်း မပြုလိုသော်လည်း လျစ်လျူရှု နေ၍ကား မဲ့ရ။ ဘာသာဘာဝ အရွယ်ရောက်၍ ပွင့်ချိန်တန်ပွင့် သီးချိန်တန်သီးကြရာဝယ် အလေ့ကျပေါက်သလို လွှတ်ပေးထားရန်ကား ဘယ်မိဘတိုင်းမှ မလိုလားကြပေ။

သာယာဖြောင့်ဖြူး၍ ညီညွတ်သော အချစ်ရေး အိမ်ထောင်ရေးမျိုးဖြင့် ဘဝခရီးကို အောင်မြင်စွာ ကျော်လွှားဖြတ်သန်းဖို့ရန်မှာ တာထွက်တာစူကောင်းရန် လိုအပ်ကြောင်းကို သည်ခရီးကို ဖြတ်သန်းဖူးပြီးသည့် လူကြီးမိဘတို့သာ ခံစားနားလည်နိုင်သည် မဟုတ်လား။

လူကြီးမိဘတို့အား အလေးဂရုမပြုသည့်အတွက် အဆုံးအမ ဗဟုသုတတို့နှင့် ကင်းဝေးပြီး စိတ်ကူးစိတ်သန်း

နုနယ်စွာဖြင့် ချစ်မှုအစ အိမ်ထောင်မှုဘဝ တာထွက်မှာပင် ပွန်းပဲ့ဒဏ်ရာ ရကုန်ကြသူများ၊ အခြေမခိုင် စခန်းလွဲပြီး လမ်းခွဲ ရောက်ကြရသူများ ဒုနှင့်ဒေးပင် ရှိခဲ့ကြပါ၏။ ယခုခေတ် ကာလသား ကာလသမီးများ လက်ထက်မှသာ မဟုတ် ဟိုး ရှေးပဝေသဏီ အခါကပင် ရှိခဲ့ဖူးပေ၏။

လူမင်း

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်း မင်းပြုသော် ဘုရားလောင်းသည် နိဂုံးရွာကြီးတစ်ရွာတွင် သူဌေးတစ်ဦး ဖြစ်လေ၏။ ဘုရားလောင်းသူဌေးကြီး၏သား အရွယ်ရောက်လေလျှင် ဗာရာဏသီသူဌေးသမီးနှင့် လက်ထပ် ထိပ်မြားရန် လူကြီးချင်း စကားဆိုကြကာ ထိမ်းမြားရန် ရက်မြတ် အချိန်အခါကိုပါ ရွေးချယ်ပြီးကြလေပြီ။

ထိမ်းမြား လက်ထပ်မည့်နေ့ ရောက်ခါမှ ဗာရာဏသီ သူဌေးကြီး၏သမီးသည် ပျောက်ချင်းမလှ ပျောက်သွားပေရာ သူဌေးကြီး၏အိမ်တစ်ခုလုံး ပွတ်လောညံလျက်ရှိလေသည်။ နိဂုံး သူဌေးနှင့် မျက်နှာပျက်ကာ အရှက်ရမည့် အရေးကြောင့် သူဌေးကြီးမှာ နေမရထိုင်မရ ရှိနေပြီး ကျွန်ယောက်ျား ကျွန်မ မိန်းမအားလုံးမှာလည်း အရပ်မျက်နှာမျိုးစုံသို့ လူစုခွဲ၍ ရှာဖွေ ရလေသည်။ သူဌေးကတော်ကြီးဆိုလျှင် မျက်ရည်နှင့်မျက်ခွက် တရုံ့ရုံ့ ဖြစ်၍နေရှာသည်။

သူဌေးသမီး ဘယ်မှာရောက်နေသည်ကို သူဌေး သမီး၏ လူယုံ ကျွန်မတစ်ယောက်သာလျှင် သိလေသည်။ ထိုကျွန်မလည်း ပျောက်လျက်ရှိလေသည်။

လုမင်း

သူဌေးကြီးအိမ်တွင် မြောက်စားမော်ကြွားစရာ နွားလားဥသဘာတစ်ကောင် ရှိသည်။ ထိုနွားလားဥသဘာသည် အရပ်အမောင်း သန်မာထွားကျိုင်း၍ အမွေးအရောင်လည်း လှပတင့်တယ်လေသည်။ အထူးသဖြင့် နွားလဘို့မှာ အခြားသော နွားများထက် ထူးထူးခြားခြား ကြီးမားပြီး နောက်သို့ ကောက်ချိတ်နေလေသည်။

တမြန်မနေ့က သူဌေးသမီးသည် မိခင်အား ထိုနွားလား ဥသဘာအကြောင်း မေးသည်။

"မိခင် --- ဒီနွားကြီးရဲ့ နွားလဘို့ကြီးက ဘာကြောင့် တခြား နွားတွေနဲ့ မတူဘဲ ကြီးနေရတာလဲ မသိဘူး"

မိခင်ကလည်း ကြိုးစား၍ ဖြေရှာပါသည်။

'တခြားနွားတွေနဲ့ မတူလို့ နွားလားဥသဘာဖြစ်တာပေါ့ သမီးတော်ရဲ့ ။ လူမှာ လူမင်းရှိသလို နွားလားဥသဘာဟာ နွားထဲမှာ နွားမင်းပေါ့ကွယ်'

နွားလားဥသဘာ (နွားမင်း) ကို မြင်ဖူးပြီး၍ လူမင်းမမြင်ဖူးရှာသော သူဌေးသမီးသည် နွားမင်းအကြောင်း ကြားသိပြီး၍ နောက်နေ့မှာပင် (လူမင်း)ကို တွေ့မြင်လေတော့သည်။

အိမ်အပေါ်ထပ်မှာ ထိုင်၍ လမ်းဖက်သို့ ရှုမျှော်နေစဉ် ကျောက်ကုန်း (ကျောကုန်း)တွင် ဖုကြီးပါသော လူငကုန်း တစ်ယောက် အိမ်ရှေ့မှ ဖြတ်သွားသည်ကို သူဌေးသမီး မြင်တွေ့လေသည်။ မိခင်ပြောသည့် လူမင်းမှာ ဤသူပင်ဖြစ်ရ မည်ဟု ပေါ့တန်နုနယ်စွာ စဉ်းစားလေ၏။

နိုဂုံး သူဌေးသားနှင့် လက်ဆက်ရမည့်အစား ဤ (လူမင်း) နှင့် လက်ဆက်ရပါက ဂုဏ်ဒြပ်မြင့်မားပြီး လူ့လောက တွင် ပို၍ ထည်ဝါနိုင်သည်။ နွားလားဥသဘ (နွားမင်း) တောင်မှ ယခုလောက် လူတို့၏ အချိုးမြှောက်ခံရလျှင် (လူမင်း) ဆိုပါက လူအားလုံး၏ ချီးမြှောက်မှုကို ရရှိနိုင်သည် မဟုတ် ပါလား။

သူဌေးသမီးသည် ကြာကြာ ဆုတ်ဆိုင်းမနေတော့ဘဲ လူယုံတော် ကျွန်မအား ငကုန်းနောက် လိုက်စေ၍ အကျိုး အကြောင်း ပြောပြ စောင့်ဆိုင်းနေစေသည်။ ပြီးမှ မိဘများကို အသိမပေးဘဲ ရတနာပစ္စည်းအချို့ကို ယူ၍ မထင်မရှား အသွင်အပြင်ဆောင်ကာ ငကုန်းနောက်သို့ လိုက်လေသည်။

နွားလဘို့ကဲ့သို့ ကောက်ချိတ် မနေသော်လည်း ငကုန်း ၏ ကျောကုန်းတွင် အဖုကြီးပါချင်းကမူ နွားလားဥသဘနှင့်

တူလေသည်။ ကွဲပြားသော အချက်ကား နွားလဘို့မှာ နွားကောင်းနွားမြတ်၏ လက္ခဏာတစ်ရပ်ဖြစ်၍ ငကုန်း၏ ကျောကုန်းဖုကမူ ပဋ္ဌိသန္ဓေပါ ကိုယ်အင်္ဂါချွတ်ယွင်းမှု ပုံပန်းမကျမှုသာ ဖြစ်ပေသည်။ သူဌေးသမီးသည် နွားနှင့်လူကို အတူတူ တွက်ခဲ့ခြင်းဖြစ်ပေ၏။

လှပချောမွေ့လှသော သူဌေးသမီးက သူ၏နောက်ဝတ်ကြီးဝတ်ငယ်ပြုစု၍ လိုက်ပါရစေ ခွင့်တောင်းခံရသူ ငကုန်းအဖို့ကား အိပ်မက်မက်နေသလားဟု အကြိမ်ကြိမ် ထင်မိလေသည်။ အိပ်မက်ဖြစ်စေ တကယ်ဖြစ်စေ ဗာရာဏသီမြို့ကြီးမှ ဝေးရာသို့ သူဌေးသမီးကို ခေါ်ဆောင်သွားမှ ဖြစ်မည်ဟု နားလည်ပါသည်။ ငကုန်းသည် သူဌေးသမီးကိုခေါ်၍ ဇနပုဒ်သို့ သွားရာလမ်းအတိုင်း သုတ်ချေတင်သည်။

ငကုန်းအဖို့ တစ်ချက်မှားသည်ကား သူဌေးသမီးကို ခေါ်၍ လာခဲ့သော လမ်းခရီးသည် နိဂုံးရွာသို့ သွားသော လမ်းခရီးဖြစ်နေခြင်းပင် ဖြစ်၏။ ငကုန်းမှာ ပင်ကိုအားဖြင့် ကျန်းမာရေးနှင့် ပြည့်စုံသူမဟုတ်ရကား လမ်းခရီးတွင် သူဌေးသမီးထက်ပင် ပင်ပန်းနွမ်းနယ်နေလေပြီ။ နားရန်စခန်းတစ်ခုရောက်သော် ငကုန်းသည် ပင်ပန်းလွန်းသဖြင့် ညှို့ကြိုးပြတ်သော စောင်းပမာ (ဝီဏာဂုဏ) မြေပေါ်၌ ခွေခွေလေး

အိပ်မောကျသွားလေသည်။ သူဌေးသမီးသည် ငကုန်းအနီးမှ ထိုင်၍ ငကုန်းအား ယပ်ခပ်ပေးနေ၏။

ဘုရားအလောင်း နိဂုံးသူဌေးသည်လည်း ဗာရာဏသီ သူဌေးနှင့် လူကြီးချင်း စီမံပြီးဖြစ်သည့်အတိုင်း သားဖြစ်သူ သတို့သားနှင့်တကွ နောက်ပါအခြွေအရံ အပြည့်အစုံနှင့် ဗာရာဏသီမြို့တော်သို့ မိန်းမတောင်းရန် လာခဲ့စဉ် လမ်းခရီးအကြား၌ ထူးပေ့ဆန်းပေ့ မြင်ကွင်းနှင့် ကြုံနေရသည်။ ကျောကုန်းတွင် ဘုကြီးပါသည့် ငကုန်းနှင့် ဘယ်သို့မျှ လိုက်ဖက်မှုမရှိသည့် အင်မတန် ချောမောလှပသူ အမျိုးသမီးငယ်တစ်ဦးက ငကုန်းအား ဝတ်ကြီးဝတ်ငယ် ပြုစုနေသည်ကို နားစခန်း၌ တွေ့မြင်ရသည်မှာ ငကုန်းကပင် ဘုန်းတန်ခိုးကြီးမား၍ ပေလောဟုမယုံချင်စရာ ဖြစ်နေသည်။ ငကုန်းအား ပြုစုနေသော ချောမောလှပသည့် အမျိုးသမီးငယ်မှာလည်း နိဂုံးသူဌေး၏ ခွေးမလောင်း ဗာရာဏသီသူဌေး၏ သမီးနှင့် ရုပ်သွင်ချင်း ဆင်ဆင်တူနေသဖြင့် ပိုမိုစိတ်ဝင်စားမိလေသည်။

နိဂုံးသူဌေးသည် အမျိုးသမီးငယ်အား မလှမ်းမကမ်းသို့ ခေါ်၍ စကားနှီးနှောကြည့်တော့မှ ဗာရာဏသီ သူဌေး၏ သမီးနှင့် တူသူမဟုတ်။ ဗာရာဏသီသူဌေး၏ သမီးမှ သမီးအစစ်၊ သူ၏ ခွေးမလောင်း သတို့သမီးဖြစ်နေကြောင်း သိရှိရလေ၏။

နိုဂုံးသူဌေးမှာ အံ့ဩထိတ်လန့်၍ မဆုံးတော့။ ချွေးမ အား မေးမြန်း၍ အကြောင်းစုံသိရှိရသောအခါမူ နိုဂုံး သူဌေးသည် ယောက္ခမတစ်ဦး အနေနှင့်ရော သတို့သမီး၏ မိခင်ဖခင်တို့ ကိုယ်စားရော ရင်ကျိုးမတတ် ဖြစ်ရရှာသည်။

ဖြစ်မိမှတော့ ဘာမှမတတ်နိုင်။ ကံသီ၍ ယခုကဲ့သို့ လက်မတင်ကလေး အချိန်မီလိုက်သည်ကိုပဲ နတ်သိကြားများ မ, သည်ဟု သဘောထားရတော့သည်။ နိုဂုံးသူဌေးသည် ချွေးမ ဖြစ်သူ သတို့သမီးငယ်အား ချော့မော့ဖျောင်းဖျ နားဝင်စေကာ သတို့သားနှင့်အတူ ဗာရာဏသီရွှေမြို့တော်သို့ မိန်းမတောင်း သို့မဟုတ် မိန်းမပို့ ခေါ်ဆောင်ခဲ့ရပေသတည်း။

(၂၃၂။ ဥပါဟနဝဂ်၊ ဝီဏာဂုဏဇာတ်။)



သံနှင့် ရောပေလို့

သံယောဇဉ် စကားလုံးသည် မြန်မာစကား၌ အဓိပ္ပါယ် ခြုံငုံအောင် ယဉ်ပါးနေရာ ပါဠိသက်ဝေါဟာရတစ်ခု ဟုပင် မထင်မှတ်ကြတော့ပေ။ သံ + ယောဇန = သံယောဇန- ဟူသော ပါဠိစကားမှ သံယောဇဉ်ဟူသော ပါဠိသက် ဝေါဟာရ ကို မြန်မာတို့ မွေးယူသုံးနှုန်းခဲ့ကြခြင်း ဖြစ်ပါသည်။ သံ- ကောင်းစွာ၊ (မြဲမြံစွာ)၊ ယောဇန- ရစ်ပတ်နှောင်ဖွဲ့ခြင်း ဟူသော အဓိပ္ပါယ်ရှိပြီး မြန်မာတို့သည်လည်း ထိုအဓိပ္ပါယ်ခံစားမှုဖြင့်ပင် သံယောဇဉ် စကားလုံးကို ပြောဆိုသုံးနှုန်းနေကြသည်မှာ ထင်ရှားပါသည်။

သံယောဇဉ်နှင့် ပတ်သက်၍ ကြိုးကဲ့သို့ ဖွဲ့ပတ်ရစ်ချည် တတ်သော တရားဟု စာပေထဲတွင် ဥပမာနှိုင်းခိုင်းထားပြီး အခြားသော ပရိယာယ်အမျိုးမျိုးဖြင့်လည်း အနက်ဖွင့်ကြသေး၏။

ကလေးသားမြေး မျှားသူအား 'သံယောဇဉ်တွေ တစ်လျှောကြီးနဲ့' ဟု လည်းကောင်း၊ 'သံယောဇဉ် တစ်ပြုတစ်

ခေါင်းကြီးနဲ့' ဟု လည်းကောင်း ပြောတတ်ကြသည်။ သီချင်းရေး ဆရာတို့ကလည်း သမုဒယသံယောဇဉ်ကိုပင် တင်စား၍ 'မမြင်ရတဲ့ကြိုးက တိုးလို့ခိုင်သည်' ဟု တေးဖွဲ့စပ်ဆိုထားပါသည်။ သမုဒယသံယောဇဉ်ကြောင့် သောကဗျာပါပွေရသူ အချို့ကမူ 'သြော် --- သံယောဇဉ် သံယောဇဉ် --- သံနဲ့ရောပေလို့သာပေါ့။ မီးနဲ့မျှား ရောခဲ့ရင်လား လူတွေ ပြာဖြစ်ပြီး ကြေမွကုန်ရဲ့' ဟု သံယောဇဉ်ကို တစ်မျိုးမှတ်ချက်ပြုညည်းညူတတ်ကြသည်။

သဘောတရား လေးနက်သည်ဖြစ်စေ၊ မလေးနက်သည်ဖြစ်စေ သံယောဇဉ်တရား၏ ရစ်နှောင်မှု တွယ်ငင်မှု အမျှင်တန်းနေမှုသဘောဖြင့် သုံးနှုန်းပြောဆိုကြခြင်းဖြစ်၍ 'သံယောဇဉ်' ဟူသည့် ပါဠိသက် ဝေါဟာရ စကားလုံးသည် မြန်မာလူမျိုးတို့အကြားတွင် နေ့စဉ်သုံးနှုန်း ပြောဆိုနေသော လူထုသုံး စကားတစ်လုံးဖြစ်နေသည်ကတော့ အမှန်ပင်။

လူတိုင်း ကလေးငယ်ဘဝကပင် သံယောဇဉ်နှင့် ထိတွေ့ဖူးကြ၏။ စာအုပ် ခဲတံ, လွယ်အိတ်, ဖိနပ်စသည် မေ့တတ်ပျောက်တတ်သော သားငယ်အား မိခင်က 'ကိုယ့်ပစ္စည်း အပေါ် သံယောဇဉ်ထားမှပေါ့ သားရဲ့' ဟု ဆုံးမတတ်သည်။ လူပျိုပေါက် အပျိုပေါက်အရွယ် ရောက်ရှိ၍ သမီးရည်းစား ထားတတ်ပြီဆိုသည်နှင့် အသည်း, အသက်တို့

မေတ္တာ, သစ္စာတို့ အကြင်နာ, သံယောဇဉ်တို့ဆိုသည့် သိဂ်ါရ ရသစကားလုံးများကို လှိုင်လှိုင်သုံးတတ်ကြပြီဖြစ်သည်။

အပြောင်အပြက် ရည်းစားစာတစ်စောင်တွင်ပင် သံယောဇဉ်စကားလုံးကို ထည့်၍ သုံးတတ်သဖြင့် ပြုံးကြရ၏။

အတွက်ဆိုတော့ (သ၌) ပါလေ။

တွယ်တာရပါသော (မျှော့)၊ကျွန်နာရပါသော (လျှပ်စစ်)၊ မေတ္တာ (မြစ်တာ) ထားရပါသော (မ) အကွာရာကို၊ ချစ်လိုက်ရတာ (အုန်း) ထမင်းချက်စားတဲ့ နေ့က၊ (မိုက်ကရိုဖုန်း) မို့လဲ ခုလို ဖွင့်ပြောရတာပါ။

တစ်ဦးနဲ့တစ်ဦးဆိုတော့ (နှစ်ဦး) ပေါ့၊ တစ်ဖက်နဲ့ တစ်ဖက် ပေါင်းဖက်ကြမယ်ဆိုရင် (တစ်ရန်) ဖြစ်သွားမှာပါ။ တို့ရဲ့လက်ရှိအခြေအနေ ပြောပါဆိုရင် (တစ်ဖက် ငါးချောင်း၊ နှစ်ဖက် ဆယ်ချောင်း) ပါပဲ။

ဒီနှစ် ဆောင်းတွင်းအမီ အားလုံး ခြုံကြည့် ပြောရမယ်ဆိုရင်ကတော့ ဗန္ဓုလဂွမ်းစောင်ဟာ အနွေးဆုံးလို့ ထင်မြင်မိပါတယ်။

သံယောဇဉ်ဆိုရင် ကြံတောတွင်အထိ မျှော်လင့်လျက် -(ကြံတောသခ်ျိုင်းရှိစဉ်ကို ရည်ညွှန်းသည်။)

(--- --- ---)

နေ့စဉ် နေ့တိုင်း စရိုက်အဖုံဖုံ ဆူကြုံနိမ့်မြင့်မရွှေ့ ပြွက်သတ်ကျပ်ညပ်နေသည့် လူမျိုးတစ်ရာ့တစ်ပါး အကြားဝယ် တိုးဝှေ့ အော်ဟစ်ကာ ပျော့တန်ပျော့ ချော့တန်ချော့၍ တင်းတန်တင်း သွင်းတန်းသွင်းကာ လူညည်းစော် နံလောက်အောင် ဆက်ဆံလှုပ်ရှားနေရသော ဘတ်(စ်)ကား လက်မှတ်ရောင်း ကားစပယ်ယာတစ်ဦး၏ နှုတ်တွင် နေ့ရွှလှပသည့် စကားလုံးတို့ ဘယ်လိုမှ မျှော်လင့်စရာမရှိနိုင်ပါ။ ခရီးသည်များနှင့် စကားပြောအဆင်မပြေဘဲ နှုတ်မှ ဘုတောမိကာ ပြဿနာမဖြစ်အောင် မနည်းထိန်းထားရသည် ဆို၏။ သို့သော်လည်း ယင်းသို့သော အခြေအနေများကြားမှပင် ကားစပယ်ယာ၏ နှုတ်မှ ' သံယောဇဉ်' စကားမျိုးကို ကြားရသည့်အခါမျိုး လူအများ ကြုံဖူးကြမည်ပင်။

အမြန်ယာဉ်ကားသေး စပယ်ယာလူငယ်သည် မှတ်တိုင်တွင် ကားစောင့်ခရီးသည်များထဲမှ အပျိုကလေး များကို ဝှေ့ကြည့်၍ သံယောဇဉ်စကားဖြင့် ရိုကြော ပြောသွားတတ်သည်လည်း ရှိ၏။ ထိုင်စရာ ထိုင်ခုံတော့ မရဘူး၊ နောက်ခြေနင်းခုံမှ တွယ်စီးလိုက်လျှင်သာ ရမည်ဆိုသည့်အဓိပ္ပါယ်ဖြင့် 'သံယောဇဉ် မရဘူး၊ အတွယ်အတာပဲ ရမယ်။ လိုက်မလား၊ မလိုက်ရင် မောင်း ဆရာရေ့'ဟု မြန်မြန်သွက်သွက်ပြောပြီး မောင်းထွက်

သွားတတ် ပါသည်။ ထိုင်ခုံဖြင့် ထိုင်လိုက်ရခြင်းကို (သံယောဇဉ်) ဟု တင်စား၍ ခြေနင်းခုံမှာ ခိုစီးလိုက်ခြင်းကို (အတွယ်အတာ) ဟု ဝေါဟာရပြုထားသည်မှာ ကားစပယ်ယာ၏ သိဂ်ီရ ရသ ကဗျာဟုပင် ဆိုရလေမလား မသိ။

အမြန်ယာဉ် ကားသေးစပယ်ယာကသာ ထိုကဲ့သို့ သံယောဇဉ်စကား အသုံးပြုသည်မဟုတ်။ ဘတ်(စ်)ကားကြီး စပယ်ယာကလည်း သံယောဇဉ်ကို အောင့်သီးအောင့်သက် ဖြစ်အောင်ပြုတတ်ပါ၏။ စပယ်ယာကမေး၍ 'မှတ်တိုင်ပါတယ်' ပြောထားပြီး မှတ်တိုင်ရောက်ခါနီးပါလျက် ထိုင်ခုံကမထသေး သော ခရီးသည်အား ကားစပယ်ယာက နှိုးဆော်သည်မှာ တစ်ဘာသာ သစ်ဆန်းနေပါသည်။

"မှတ်တိုင်ရောက်ပါတော့မယ်ခင်ဗျား၊ ဆွေသံယောဇဉ်, မျိုးသံယောဇဉ်, ဖင်သံယောဇဉ်ဖြတ်ကြပါတော့။ ကျွန်တော်တို့ မှာလဲ သားမယား သံယောဇဉ်အတွက် ဝမ်းစာရဖို့ အလုအယက် လုပ်ရှားနေရပါတယ် ခင်ဗျား။"

ဘယ်သို့ဆိုစေ၊ ပုထုဇဉ်လူသားတို့အဖို့ ဘယ်လို အနေအထားနှင့်ဖြစ်ဖြစ် သံယောဇဉ်ကြီး အတုပ်အနှောင် ခံရခြင်းကို သာယာနှစ်သက်လျက်သာ ရှိကြပါသည်။ သံယော ဇဉ် တွယ်ငင်စရာမရှိဘဲ နှစ်သက်သာယာမှု ကင်းမဲ့ခဲ့ပါလျှင်

အထီးကျန်လူဘဝတွင် ဘာမျှ အဓိပ္ပါယ်မရှိဟု သဘောထားကြပါသည်။

တကယ်တမ်းမှာ သံယောဇဉ်ရယ်လို့ ချည်နှောင်မိပြီဆိုမှဖြင့် ဖြုတ်ဖြတ်ရန် လွယ်လှသည့်ကိစ္စ မဟုတ်မှန်း သိရှိကြပါသည်။ မသုံးစွဲမရင်းနှီးရသေးသော ပစ္စည်းကိုလည်း ပစ္စည်းအသစ်မို့ တွယ်ငင်စွဲမက်နေကြပါသည်။ သုံးစွဲပြီး ပစ္စည်းဟောင်းကိုလည်း သံယောဇဉ်ရှိပြီး တွယ်ငင်ပြီးမို့ မစွန့်ခွာရက်ချင်ကြပါပေ။

သံယောဇဉ်အနှောင်အတုပ်ကို ဖြုတ်ခွာနိုင်သူမှာ လောကတွင် အောင်မြင်သူ ပုဂ္ဂိုလ်များအနက် တစ်ဦးပင်ဖြစ်ပါတော့သည်။

ဇိတ် မေ

ရှေးအခါက ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီးသည် တိုင်းစွန်ပြည်နားဝယ် သူပုန်သူကန်တို့၏ ရန်စွယ်အန္တရာယ်ကို သုတ်သင်ရှင်းလင်း၍ အောင်ပွဲခံ တပ်မတော်ကြီးနှင့်အတူ နေပြည်တော်သို့ ပြန်လာခဲ့သည်။ လမ်းခရီးတောတွင်း မြစ်ဆိပ်တစ်နေရာ၌ ခေါင်းဆေးမင်ကိုလာပြုအပြီး မမျှော်လင့်သော အော်သံတစ်ခုကို ကြားရသည်။

"ဇိတ် မေ၊ ငါအောင်ပြီ။ ဇိတ် မေ၊ ငါ အောင်ပြီ"

အောင်မြင်ပြတ်သားသော အသံဖြင့် တစ်စုံတစ်ဦး၏ ကြွေးကြော်အော်မြည်သံသည် တောလုံး ပဲ့တင်ထပ်သွားသကဲ့သို့ ရှိသည်။

ထိုအသံကြောင့် ရန်သူအပေါင်းကို အောင်မြင်ပြီး ပြန်လာသူ ဗာရာဏသီမင်းအဖို့ ဝန်တိုစရာဖြစ်သွားစေ၏။ ကြွေးကြော်ရမည့်သူက မကြွေးကြော်ရဘဲ ငါကဲ့သို့ အောင်မြင်သူထက် အဘယ်သူက သာလွန် အောင်မြင်ရာသနည်းဟု စူးစမ်းစရာ ဖြစ်လာတော့သည်။

ပုံတံ ၆၆

ဘုရင်မင်းမြတ်၏ အမိန့်ဖြင့် ကြွေးကြော်သူကို လိုက်လံရှာဖွေစေရာ မကြာမီ အမတ်ကြီးများက ကြွေးကြော်သူ အသံရှင် သူဆင်းရဲတစ်ယောက်အား ဘုရင့်ရှေ့တော်မှောက်သို့ ခေါ်ဆောင်လာကြလေသည်။ သူဆင်းရဲကား တောင်သူယာ ခုတ် လက်လုပ်လက်စားတစ်ဦးမျှ ဖြစ်လေ၏။

"မောင်မင်း ငါကိုယ်တော်သည် တိုင်းပြည်ရဲ့ အန္တရာယ်ဖြစ်တဲ့ သူပုန်သူကန် ရန်သူအပေါင်းကို အောင်မြင်ခဲ့သည့်အတွက် ဇိတ် မေ၊ ငါအောင်ပြီ. . . ဟု ကြွေးကြော်ထိုက်ပါသကော။ အသင်သူဆင်းရဲကား အဘယ်အရာကို အောင်နိုင်သူနည်း"

သူဆင်းရဲသည် ရဲရင့်ပြတ်သားသော လေသံဖြင့် ပြဟ္မဒတ်မင်းကြီးအား လျှောက်တင်လေ၏။

"လျှောက်တင်ဝံ့ပါသည် အရှင်၊ ဘုန်းတော်ကြောင့် အရှင်မင်းကြီး၏ အောင်နိုင်မှုသည် ကြီးမားပါသည် အရှင်မင်းမြတ်။ သို့ပါသော်လည်း အရှင်၏ အောင်မြင်မှုတွင် ကိလေသာ သံယောဇဉ်နှင့် ယှဉ်စပ်နေပါသည်။ သူပုန်တို့က အင်အားအသာစု၍ တစ်ကျော့ပြန်တိုက်ပါက ရှုံးနိမ့်နိုင်ပါသေးသည်။ ကျွန်တော်မျိုး၏ အောင်နိုင်မှုကား ကိလေသာ သံယောဇဉ်အတွယ်အနှောင်ကို ဖြတ်တောက်နိုင်ခြင်းဖြစ်၍ မြင့်မြတ်သော အောင်နိုင်ခြင်းဖြစ်ပါသည် အရှင်မင်းကြီး"

ပြဟ္မဒတ်မင်းကြီးသည် စစ်သည် ဗိုလ်ပါဖြင့် အင်အား အသုံးပြု၍ အောင်နိုင်ခြင်းကို သိရှိသော်လည်း သံယောဇဉ် အတွယ်အနှောင်အား ဖြတ်တောက်နိုင်ခြင်းကိုမူ နားမရှင်းပေ။ မင်းကြီး၏ ခွင့်ပြုချက်ရလျှင် သူဆင်းရဲသည် သူ့ဘဝ အဖြစ် အပျက် အလုံးစုံကို မင်းကြီးအား လျှောက်တင်လေ၏။

ဘုရားအလောင်းတော်သည် ဗာရာဏသီပြည်ဝယ် သူဆင်းရဲမျိုးဌ ဖြစ်လေသည်။ သူဆင်းရဲတွင် ပိုင်ဆိုင်မှုဆို၍ ပေါက်တူးတစ်လက်နှင့် မြေသယ်ခြင်းတောင်းသာရှိပြီး ထို ပေါက်တူး တစ်လက်ဖြင့် မြေရိုင်းထွင်ကာ ဘူး, ဖရုံ, ငရုတ်, သခွားတို့ကို စိုက်ပျိုးရောင်းချ စားသောက်ရရှာသည်။ မြေတူး, မြေဆွ ပေါက်တူးတစ်လက်ကို မှီ၍ အသက်မွေးရသဖြင့် သူဆင်းရဲအား မောင်ပေါက်တူးဟူ၍ အများကခေါ်ဝေါ်ကြလေသည်။

မောင်ပေါက်တူးသည် သားမယားမရှိဘဲ တစ်ကိုယ်တည်း ခက်ခဲပင်ပန်းစွာ အသက်မွေးမြူနေရသဖြင့် ကြာတော့လည်း ဘဝကို ငြီးငွေ့လာသည်။ ဘဝကိုငြီးငွေ့ လာလျှင် လူဝတ်ကြောင်ကို စွန့်ချင်စိတ် ပေါက်လာပြီး သူတော်စင် ဘဝနှင့် နေတော့မည်ဟု ဆုံးဖြတ်ကာ ရသေ့ ရဟန်းပြုသည်။

ရသေ့ဘဝနှင့် ဖြစ်နေသော မောင်ပေါက်တူးသည် ဒီဘဝဖန်ရည်စွန်းအဝတ်ဖြင့် အရိုးထုတ်တော့မည်ဟုကား ဆုံးဖြတ်ချက် မရှိသည်မှာ သေချာ၏။ ရသေ့ဘဝနှင့် မပျော်ပိုက်၍ လူထွက်လျှင် လုပ်ကိုင်စားသောက်ရန်ဟု ရည်ရွယ်၍ သူပိုင်ဆိုင်သည့် ပေါက်တူးနှင့် ခြင်းတောင်းကို ချုံကွယ်တစ်ခု အတွင်း ဝှက်ထားခဲ့ခြင်းက သူဆင်းရဲ ကိုပေါက်တူး၏ လူ့ဘဝ သံယောဇဉ် မပြတ်နိုင်မှုကို ဖော်ပြ နေသည်။

ဦးရသေ့ ကိုပေါက်တူးသည် ရသေ့ဘဝနှင့် ကြာလာပြန်တော့ ထိုဘဝ၌ မပျော်မွေ့ပြန်ပေ။ လူဝတ်ကြောင်ဘဝ ခံယူပြန်၍ ချုံကြားတွင်ဝှက်ထားခဲ့သော ပေါက်တူးနှင့် ခြင်းတောင်းကို အားကိုးတစ်ခု ပြုပြန်သည်။ တစ်ဖန် လူ့ဘဝတွင် ဆင်းရဲပင်ပန်း၍ ကြီးငွေ့လာပြန်သောအခါ ပေါက်တူးနှင့် ခြင်းတောင်းကို ချုံကြားဝှက်၍ ရသေ့ ပြုပြန်လေသည်။ ကိုပေါက်တူးသည် လူဝတ်လိုက်၊ ရသေ့ ရဟန်းအသွင် ဆင်မြန်းလိုက်နှင့် အပြောင်းအလဲပေါင်း ၆- ကြိမ် တိုင်လေပြီ။

ကိုပေါက်တူးအဖို့ အသက်ကလေးလည်း ကြီးရင့်လာပြီ ဖြစ်သည်။ ဘဝအတွေ့အကြုံကလည်း ရင့်ကျက်လာပြီဖြစ်သည်။ မိမိအဖြစ်သနစ်ကိုလည်း တရားသဘောနှင့် တွေးတောဆင်ခြင်တတ်လာပြီဖြစ်သည်။ ပြတ်သားမှုမရှိသော ကိုပေါက်

တူး၏ ဘဝတွင် အပြောင်းအလဲတွေ ၆-ကြိမ်မျှ ဖြစ်ခဲ့ပြီး ယခုထိ လေးနက်မှု မရခဲ့။ လူ့ဘဝကို သံယောဇဉ်မပြတ်နိုင်ဘဲ ပြန်ပြန်လည်နေသည်။

စင်စစ် ကိုပေါက်တူး၏ လူ့ဘဝရပ်တည်မှုတွင် သက်မွေးမှု အကြောင်းခံ ရှိသည်။ ကိုပေါက်တူး ပိုင်ဆိုင်သည့် မြေတူးမြေဆွ ကိရိယာ ပေါက်တူးနှင့် ခြင်းတောင်းသည် သူ၏ လူ့ဘဝ အစိတ်အပိုင်းကို စိုးမိုးထားလေသည်။ ရသေ့ဘဝ မပျော်မွေ့ပြီဆိုလျှင် သံယောဇဉ်မပြတ်နိုင်ဘဲ ချုံကွယ်ကြားတွင် ဝှက်ထားခဲ့သော ပေါက်တူးအားကိုးဆီသို့ သံယောဇဉ်ဖြင့် ချဉ်းကပ်မိပြန်ပြီး လူထွက်နေခြင်းပင် ဖြစ်သည်။ ပေါက်တူးသည် လူ့ဘဝနှင့် ရသေ့ဘဝအကြား ကူးချည်သန်းချည် တရားခံ 'ဖေါင်' ဖြစ်နေသည်။

မဖြစ်ချေတော့။ တစ်တရားခံ (ဖေါင်) ကို ကြိုးဖြတ်မှ ဖြစ်ချေတော့မည်။ လူ့ဘဝ အားကိုးရာ ပေါက်တူးနှင့် ခြင်းတောင်းကို လက်စဖျောက်မှ ဖြစ်ပေတော့မည်။ ရှုပ်ပိုင်းဆိုင်ရာ ချုပ်ပျောက် သွားလျှင် စိတ်ပိုင်းဆိုင်ရာ သံယောဇဉ် အာလယ ပြတ်တောက်ပေတော့မည်။

ကိုပေါက်တူးသည် ဝှက်ထားသော ပေါက်တူးနှင့် ခြင်းတောင်းကို ချုံကြားမှယူ၍ နီးရာ မြစ်ကမ်းနဖူးသို့

လာခဲ့သည်။ ကမ်းနဖူးတွင် ရပ်ပြီးသော် ကိုပေါက်တူးသည် မျက်စိကို စုံမှိတ်လိုက်သည်။ လက်တွင်းရှိ ပေါက်တူးကို အရိုးမှကိုင်၍ ဦးခေါင်း အထက်သို့ မြှောက်ကာ နှစ်ပတ် သုံးပတ်ပတ်လျက် ဝှေ့ယမ်းပြီး မြစ်ရေ နက်ဆီသို့ နောက်ပြန် လွှင့်ပစ်လိုက်သည်။

ပေါက်တူး ရေထဲကျသံကိုပင် ယာဖက်ကျသလား ဝဖက်ကျသလား အာရုံထဲ မယူတော့ဘဲ ကိုပေါက်တူး တစ်ယောက် စိတ်ကိုအပြီးဖြတ်ပစ်လိုက်နိုင်ခဲ့သည်။ ပေါက်တူးကျရာ ရေတိမ်ရေနက် မြင်နေလျှင် သံယောဇဉ် မပြတ်မည်စိုး၍ မျက်စိကို စုံမှိတ်ထားခဲ့သဖြင့် အမြင်အာရုံပါ ဖြတ်ပစ်နိုင်ခဲ့ပေပြီ တကား။

"ဇိတ် မေ ငါအောင်ပြီ။ ဇိတ် မေ ငါ အောင်ပြီ။ ဇိတ် မေ ငါ အောင်ပြီ။"

စစ်မြေပြင် အောင်ပွဲမှ အပြန် တောတွင်း တစ်နေရာ၌ ခေါင်းဆေးမင်လာပြုအပြီး ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး ကြားလိုက်သော (ဇိတ် မေ) ကား သံယောဇဉ် အောင်ပွဲရ ကိုပေါက်တူး၏ ကြွေးကြော်သံ ဖြစ်ပါသည်။

စင်စစ် သူ့ဆင်းရဲ ကိုပေါက်တူး၏ တစ်ဦးတည်း ပြုမူခဲ့သော လှုပ်ရှားမှု အားလုံးကို အနီးအနားမှ တစ်စုံတစ်ဦး ကသာ ချောင်းကြည့် တွေ့မြင်ပါက ပြီးစရာကြီးပင် ဖြစ်ပါ၏။ သို့သော် ကိုပေါက်တူးအဖို့ကား သံယောဇဉ် ဖောင်ဖျက် တိုက်ပွဲ တစ်ခုကို စတင်လိုက်နိုင်ခြင်းဖြစ်၍ အောင်ပွဲပင် ဖြစ်ပါသည်။

ဘုရင်မင်းတစ်ပါး၏ သူပိုင်ဆိုင်သော ထီးနန်း စည်းစိမ်ကို စွန့်လွှတ်ခြင်းနှင့် ကိုပေါက်တူး၏ သူပိုင် ပေါက်တူး ကလေးကို စွန့်လွှတ်ခြင်းတို့သည် သံယောဇဉ် သဘောအရ တရားကိုယ် ဓမ္မအားဖြင့် အတူတူပင်ဖြစ်ပါလေသည်။

ပေါက်တူးတစ်လက်ကိုမျှ ပိုင်ဆိုင်သူ ကိုပေါက်တူး သည် ထိုပေါက်တူးကို အကြောင်းပြု၍ သူ၏ သန္တာန်ဝယ် တရားအသိဉာဏ် ကိန်းတည်ဖြစ်ထွန်းစေခဲ့ပြီး စျာန်သမာပတ် နှင့် ပြည့်စုံသော ရသေ့ရဟန်းဘဝကို ရယူပိုင်ဆိုင်ခဲ့သဖြင့် ကုဒါလပဏ္ဍိတ (ပေါက်တူးပညာရှိ) ဟု နာမည်တွင်ခဲ့လေ သတည်း။

(၇၀- ဣတ္ထိဝဂ်၊ ကုဒါလပဏ္ဍိတဇာတ်)

ပါးကိုက်၍ နားကိုက်သည်

ဆောင်းနံနက် ၈-နာရီ အချိန်ဖြစ်၏။

ကျောင်းသားများ လာရောက်စာတက်ချိန်ဖြစ်သော်လည်း တစ်ဦးတစ်ယောက်မျှ အစအန မမြင်သဖြင့် ဘုန်းတော်ကြီးသည် စားပွဲပေါ်မှ ထန်းစေ့ မှုတ်ကိုယူ၍ တိုင်တွင် ငါးချက်ခေါက်လိုက်သည်။ ကုဋီသွားလမ်းဆီမှ ကျောင်းသား တစ်ယောက် ဆယ်စောင်တွဲ စာအုပ်ကိုင်၍ ပြေးထွက်လာသည်။ ကျောင်းသားနာမည် ဖိုးနီ။

ဖိုးနီသည် ဉာဏ်လေးသူဖြစ်၏။ ဆယ်စောင်တွဲ စာအုပ်ကို တစ်နေ့တည်း တစ်ချိန်တည်း ကျက်လာသူ မောင်ပုက အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာရတို့ကို ကျော်ပြီး လောကနီတိ ရောက်နေသော်လည်း ဖိုးနီမှာ ယခုအထိ အတွင်းအောင်ခြင်းကမတက်။ ယခုလည်း ဖိုးနီသည် အတွင်းအောင်ခြင်းတွင် ပါရှိသော ပ္ပါဠိအနက် တစ်ဂါထာကို အထစ်ထစ် အငေါ့ငေါ့ အထောက်အမ များစွာဖြင့် စာပြန်ပြပြီးသွားလေပြီ။

ဖိုးနီ စာပြန်ပြီးသွားသော် ကျောင်းသားမောင်ပု၏ အရိပ်အယောင် မမြင်။ ကျောင်းသားများ ဟူ၍သာ ဆိုရသည်။ ဘုန်းတော်ကြီးထံ စာတက်သည့် ဘုန်းကြီးကျောင်းသားကား စစ်စစ်ပေါက်ပေါက် ဤကျောင်းသား နှစ်ဦးသာရှိသည်။ ကျန်ကျောင်းသားများမှာ ဆွမ်းခံချိန်လောက်သာ ကျောင်းသို့ ဆွမ်းလာခံပြီး ကျန်တစ် ချိန်လုံး အစိုးရမူလတန်းကျောင်းတွင် အတန်းပညာသင်ကြားလျက်ရှိကြသဖြင့် ဘုန်းကြီးကျောင်းသား စစ်စစ်များ မဟုတ်ကြပေ။

ဖိုးနီ ထသွားတော့ " ဘယ်မလဲ မောင်ပု" ဟု ခတ်ငေါက်ငေါက် လှမ်းမာန်လိုက်မှ မောင်ပုသည် ငိုမဲ့မဲ့မျက်နှာဖြင့် တိုင်ဖုံးနောက်ကွယ်မှ ထွက်လာသည်။ လက်ထဲတွင် စာအုပ် မပါဘဲ ဘုန်းတော်ကြီးအနီး ရောက်တော့လည်း ခါတိုင်းလို စာပြန်ဖို့ရာ လုံ့လမစိုက်။ လက်ပိုက် မတ်တတ်ရပ်လျက်က မဝံ့မရဲ မပွင့်တပွင့် လျှောက်သည်။

"တပည့်တော်ရဲ့ ဆယ်စောင်တွဲစာအုပ် ပျောက်သွားလို့ ဘုရား"

ခုမှ မောင်ပု၏ ပြဿနာကို ဘုန်းတော်ကြီး သိရှိရသည်။ မိမိသင်အံနေသည့် စာအုပ်ကို မထိန်းနိုင်ရကောင်းလားဟု မောင်ပုအား တစ်ခွန်းနှစ်ခွန်း မာန်မဲ၍ သေချာစွာ

ရှာခိုင်းရသည်။ "နာရီဝက်ခန့်အထိ ပျောက်သောစာအုပ်ကို ရှာဖွေမတွေ့လျှင် ကျောင်းရှိ ကိုရင်ကျောင်းသားအားလုံး အရိုက်ခံရအောင် လာခဲ့ကြ" ဟုလည်း အမိန့်ထုတ်ရသည်။ ထိုအခါတွင်မှ ကိုရင်ငယ်တစ်ပါးက အစဖော်ပေးသဖြင့် မောင်ပု၏ ဆယ်စောင်တွဲစာအုပ်ကို ကျောင်းသားဖိုးနီ ဝှက်ထားကြောင်း ပေါ်လာသည်။

ဖိုးနီအား ခေါ်ရိုက်မည်ပြုသောအခါ ဖိုးနီသည် ကြောက်ကြောက်ရွံ့ရွံ့နှင့် လျှောက်လဲချက်ပေးသည်။

"တပည့်တော်ရဲ့စောင်ကို ငပုဝှက်ထားတာ ညက တပည့်တော်မှာ ဆောင်းတွင်းကြီး ချမ်းချမ်းနဲ့ ကိုရင်တွေကြားမှာ ချောင်တိုးအိပ်ခဲ့ရတယ်ဘုရား၊ ခုထိ ပြန်မရသေးဘူး"

ဖိုးနီ၏ လျှောက်လဲခုံ၏တွင် စာအုပ် ဝှက်ထားသည် ကိုမငြင်း။ သူ၏ ခြေစောင်ဝှက်ထား၍ ဆယ်စောင်တွဲစာအုပ်ကို ပြန်ဝှက်သည့် အဓိပ္ပာယ် ပါရှိနေပြီ။

" မောင်ပုလာခဲ့ " ဟု ခေါ်လိုက်သည်နှင့် မောင်ပုက လည်း ဖိုးနီ၏ စောင်ဝှက်ထားသည်ကို မငြင်း။ ဖိုးနီ၏ မူလ အပြစ် တစ်ခုကိုသာ ဖော်ပြန်သည်။

"တပည့်တော် တစ်နေ့ညက အိပ်နေတုန်း တပည့် တော်ရဲ့ ခြေမနဲ့ ခြေညိုးကြား လဲမွေ့ညှပ်ပြီး မီးရှို့ထားတာ

မီးပူပြီးလန့်နိုးမှ ဖယ်ပစ်ရတယ်၊ မီးလောင်ဖုဖြစ်ပြီး ဒီနေ့မှ အရေကြည်ဖုပေါက်သွားတယ် ဘုရား။ အဲဒါ ကိုရင်တွေက အကြံပေးတာကို ဖိုးနီလုပ်တာတဲ့ဘုရား"

တစ်ဖန် ဖိုးနီကလည်း လျှောက်ဖို့ပြင်သဖြင့် ဘုန်းတော်ကြီး ၊ လက်ကာပြလိုက်ပြီး ပြဿနာကို ဖြတ်ချရ တော့သည်။

"ကဲ. . . ကဲ. . . တော်ကြ တော်ကြ၊ မင်းတို့ဟာ ပေါက်ပင်ဘာကြောင့်ကိုင်း ဗျိုင်းနားလို့ကိုင်း၊ ဗျိုင်းဘာကြောင့် နား ငါးပေါ်လို့နား ဆိုသလို တစ်နွယ်ငင် တစ်စင်ပါ ပြဿနာ ဆုံးမှာ မဟုတ်တော့ဘူး။ တစ်ဦးနဲ့တစ်ဦး ဆော့ကြ နောက်ကြ ရင်း အချင်းချင်း စိတ်ဝမ်းကွဲကြမယ့် ကိစ္စမျိုးထိ ရောက်ကုန် ကြတာ ဘယ်ကောင်းမလဲ။ ဖိုးနီကလဲ မောင်ပုရဲ့ ဆယ်စောင် တွဲ စာအုပ်ကို ပြန်ပေးလိုက်။ မောင်ပုကလဲ ဖိုးနီရဲ့ စောင်ကို ပြန်ပေးလိုက်။ သံကို ကြွက်စားတော့ သားကိုစွန်ခ်ီတာပေါ့ကွာ။ နောက်ဒါမျိုးမကြားရစေနဲ့ ကြားလား။ ကဲ. . . ကဲ ကိုးနာရီရှိပြီ ဆွမ်းခံသွားဖို့ ပြင်ကြ ပြင်ကြ"

ည ဘုရားဝတ်တက်ပြီးသောအခါ ဘုန်းတော်ကြီး သည် ကျောင်းသားကိုရင်တို့အား သံကိုကြွက်စား သားကိုစွန်ခ်ီ သည့် နိပါတ်တော်လာ ပုံဝတ္ထုကို ပြောပြ၍ သြဝါဒပေးလေ၏။

သံကိုကြွက်စား သားကိုစွန်ချီ

သံကိုကြွက်စား သားကိုစွန်ချီ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းပြုစဉ် ဘုရားအလောင်းတော်သည် တရားသူကြီး အမတ် (ခုံမင်း) ဖြစ်လေ၏။

တစ်နေ့သ၌ တရားသူကြီးထံသို့ ထူးထူးဆန်းဆန်းအမှု တစ်ခုရောက်ရှိလာလေသည်။

တောကုန်သည်နှင့် မြို့ကုန်သည် အဆွေခင်ပွန်းနှစ်ဦးတို့၏ အငြင်းပွားမှုခင်း ဖြစ်လေ၏။ တောကုန်သည်သည် မြို့ကုန်သည် အထံ၌ သံထွန်သွားငါးရာ အပ်နှံထားရာ မြို့ကုန်သည်သည် သံထွန်သွားများကို ရောင်းစားပစ်ပြီးလျှင် ထွန်သွားများထားရာ အရပ်၌ ကြွက်ချေးများ ဖြန့်ကြဲ၍ ထားသည်။ တောကုန်သည်လာသောအခါ မြို့ကုန်သည်က ကြွက်ချေးတို့ကိုပြ၍ " သံထွန်သွားများကို ကြွက်များစားသဖြင့် ကုန်ပြီ"ဟု ပြောသည်။

တောကုန်သည်လည်း အဆွေခင်ပွန်းကုန်သည် သစ္စာဖောက်ပြီကို သိသည်နှင့် "ကြွက်စားမှတော့ ဘာတတ်နိုင်

တော့ မှာလဲ အဆွေရယ်"ဟု အောင့်သက်သက်နှင့် ပြောရှာသည်။

တစ်နေ့တွင် တောကုန်သည်သည် မြို့ကုန်သည်ထံသို့ လာခဲ့ပြန်သည်။ ထမင်းစားခါနီး ရေချိုးရန် ခဏတက် မြစ်ဆိပ်သို့ အဆင်းတွင် မြို့ကုန်သည်၏ သားသည်လည်း တောကုန် ပည်နှင့်အတူ ရေချိုးဆင်းရန် လိုက်လာလေသည်။ သူငယ်နှင့်အတူ မြစ်ဆိပ်ဆင်းလာရင်း တောကုန်သည်၏စိတ်ထဲတွင် အကြံတစ်မျိုး ပေါ်လာသည်နှင့် မြို့ကုန်သည်၏သားကို အခြားမိတ်ဆွေ တစ်ဦး၏အိမ်သို့ လှည့်ဖျားခေါ်ဆောင်သွားပြီး အပ်နှံထားခဲ့သည်။ သူငယ်အား အရပ်တစ်ပါးသို့ မသွားရအောင် ထိုမိတ်ဆွေအား မှာထားခဲ့လေသည်။

တောကုန်သည်ရေမိုးချိုးပြီး၍ မြို့ကုန်သည်၏အိမ်သို့ ပြန်တက်လာသောအခါ သားငယ်အား မတွေ့သဖြင့် မြို့ကုန်သည်က ဆီး၍မေးသည်။

"အကျွန်ုပ်၏ သားငယ် အဘယ်မှာ ကျန်ရစ်ပါသလဲ အဆွေ"

'အဲဒါ ပြောမလို့ပဲ မိတ်ဆွေ၊ မိတ်ဆွေရဲ့သားကို ကမ်းစပ်မှာထားပြီး အကျွန်ုပ်က ရေနက်ထဲဆင်း ရေငုပ်နေတုန်း စွန်ပလွန်တစ်ကောင်က ပျံဝဲလာရောက်ပြီး သင့်သားကို သုတ်ချီသွား

ပါရော၊ လက်ခုပ်တီးပြီး ခြောက်လှန့်ပါသော်လည်း စွန်က မလွှတ်ဘဲ အဝေးပျံသွားခဲ့ပြီ မိတ်ဆွေ"

မြို့ကုန်သည်သည် တောကုန်သည်၏ ပြောစကားကို မယုံပေ။

"မိတ်ဆွေ အသင့်ပြောစကား မယုံနိုင်ပါ။ သူငယ်ကို သုတ်ချီနိုင်မည့် စွန်ဟူ၍ မရှိနိုင်ပါ"

"ထိုစွန်မျိုး ရှိမရှိ မသိပါ မိတ်ဆွေ၊ သင့်သားကို စွန်ချီသွားသည်ကား အမှန်ပါပဲ မိတ်ဆွေ"

"အသင်သည် ခိုးသူတည်း၊ သူယုတ်မာ လူလိမ်တည်း၊ တရားသူကြီး (ခုံမင်း) ထံ တိုင်၍ တရားဆုံးဖြတ်ခံအုံ့"

သို့နှင့် မြို့ကုန်သည်နှင့် တောကုန်သည်တို့သည် အငြင်းပွားကြလျက် ဘုရားအလောင်း တရားသူကြီးထံ ရောက်ရှိလာကြခြင်း ဖြစ်လေသည်။ ဘုရားအလောင်းသည် သားကို စွန်ချီသည့် အငြင်းပွားမှုကို စတင်စစ်ဆေးလေရာ တောကုန်သည်က ဇာတ်ကြောင်းစုံ ရှင်းပြီးသော် ထုချေ လျှောက်ထားလေသည်။

"တရားသူကြီးမင်းခင်ဗျား --- အကျွန်ုပ်၏ သံထွန်သွား ငါးရာကို မြို့ကုန်သည် မိတ်ဆွေထံမှာ အပ်နှံထားခဲ့တာ

ကြွက်စားသွားသည်ဟု မြို့ကုန်သည်က ပြောပါသည်။ ကြွက်တို့သည် သံထွန်သွားများကို အကယ်ပင် စားသောက်ပစ်သည်မှန်ပါက စွန်တို့သည်လည်း သူငယ်ကို သုတ်ချီနိုင်မည် ဖြစ်ပါသည်။ အကယ်၍ ကြွက်တို့သည် သံထွန်သွားငါးရာကို မစားနိုင်ကုန်ငြားအံ့၊ စွန်တို့သည်လည်း သူငယ်ကို သုတ်ချီနိုင်မည် မဟုတ်ပါ။ တရားသူကြီးမင်း ဆုံးဖြတ်ပေးပါခင်ဗျား"

ဘုရားအလောင်း တရားသူကြီးသည် မြို့ကုန်သည်၏ လှည့်စားချက်အပေါ် တောကုန်သည်က တုံ့ပြန်လှည့်စားချက် တစ်ခုအဖြစ် လက်ခံ၍ တရားစီရင်ဆုံးဖြတ် ညှိနှိုင်းပေးလိုက်လေသည်။ ကြွက်စားသည်ဆိုသော သံထွန်သွားတို့ကို မြို့ကုန်သည်က တောကုန်သည်အား ပြန်လည်ပေးစေ၍ မြို့ကုန်သည်၏ သားငယ်ကိုလည်း တောကုန်သည်က ဝှက်ထားရာမှ ပြန်လည် ခေါ်ယူပေးခြင်းအားဖြင့် အငြင်းပွားမှုပြဿနာ ပြေငြိမ်းသွားပေသည်။ ထိုအခါမှစ၍လည်း "သံကို ကြွက်စားသားကိုစွန်ချီ" ဟူသော စကားပုံဖြစ်ပေါ်လာခဲ့လေသည်။

(၂၈၁။ ဗီရဏထမ္ဘဝဂ်၊ ကူဋဝါဏိဇာတ်)

ရွာသူကြီးလည်း
ဟင်းလိုက်ရတတ်ပါသည်

ပရိယတ္တိ စာသင်တိုက် တစ်တိုက်တွင် နာယကအဖွဲ့ ရှိ၏။ ကျောင်းတိုက်ကို အုပ်ချုပ်သော ဆရာတော်ကြီးကို ပဓာန နာယကခေါ်၍ ကျန်ဆရာတော်များကို အနုနာယက ခေါ်ရသည်။ တစ်ဖန် အနုနာယကထဲမှ သိက္ခာဝါကြီး၍ အုပ်ချုပ်မှုတွင် ဆရာတော်ကြီးပြီးလျှင် ဒုတိယ အရေးပါသော လက်ထောက် ပဓာနဆရာတော်ကို တိုက်အုပ်ဟု ခေါ်ကြသည်။ တိုက်အုပ်ဆရာတော်၏ အောက်တွင် တိုက်ကြပ်နှင့် စာချဆရာတော်တို့ ရှိပြန်သေးသည်။

စာသင်တိုက်တစ်တိုက် စည်ပင်ရန်မှာ ဘာသာရပ်ဆိုင်ရာ စာပေများကို အသင်အပြကောင်းသည့် စာချဘုန်းကြီးကောင်းရှိရန် လိုအပ်သည်။ ကျောင်းတိုက် စီမံအုပ်ချုပ်မှု စည်းစနစ်ကောင်းရန်လည်း လိုသည်။ အသင်အပြနှင့် စီမံအုပ်ချုပ်မှု ကောင်းသည်နှင့်အမျှ စာမေးပွဲအောင်စာရင်းတွင် အဖြေက ပေါ်နေသည်။ အောင်ချက်ကောင်းသည်။ စာချ

ဆရာရော စာသင်တပည့်ရော လိုအပ်သော အကျိုးပြီးသဖြင့် ကြိုးစားရကျိုးနပ်သည်။

အနယ်နယ် အရပ်ရပ်မှ သောတုဇန စာသင်သားတို့သည် တစ်ဆင့်စကား တစ်ဆင့်ကြားဖြင့် ထိုကျောင်းတိုက်သို့ ဝင်ရောက်ခွင့်ရရှိရေး ထောက်ခံချက် အမျိုးမျိုး ကိုင်ဆောင်၍ ရောက်ရှိလာကြသည်။ တောရွာကျောင်းထိုင် ငယ်ဆရာတို့ကလည်း ထိုကျောင်းတိုက်သို့ မိမိတို့တပည့်အား ပို့အပ်နှံလာကြ၏။ စားသောက်နေထိုင်မှုအတွက် ကျောင်းတိုက်ဂေါစရဂါမ်နှင့် ကျောင်းဆောင် နေရာထိုင်ခင်း အခြေအနေကြည့်ကာ ပယ်ချနေသည့်ကြားမှ အခန်းများ ပြည့်ကြပ်နေသဖြင့် ခန်းမဆောင်ထဲတွင်ပင် နေရာချထားရသည့် ကိန်းဆိုက်တတ်ပေသည်။

စာသင်သားများလေ ပိုမို ဦးနှောက်ခြောက်ရသူက တိုက်အုပ်ဆရာတော် ဖြစ်တတ်သည်။ တိုက်အုပ်ဆရာတော်သည် ပဓာနနာယကဆရာတော်ကို ဦးထိပ်ထား၍ ကျောင်းတိုက် အုပ်ချုပ်မှုအပြင် ဆွမ်းရေး ကွမ်းရေး သာရေး နာရေးမှအစ ဒါယကာ ဒါယိကာမ ဆက်ဆံရေးပါ စီမံခန့်ခွဲရသည်။ ပဓာနနာယကဆရာတော်မှာ ကျောင်းတိုက်တာဝန်များ ပိုမိုအပ်နှင်းခံရလေလေ ပိုမိုတာဝန်ကြီးလေလေ ဖြစ်ပေသည်။ သို့သော်လည်း ပရိယတ္တိ သာသနာတော်အတွက် ဘဝကို မြှုပ်

နှံထားသူ တိုက်အုပ်ဆရာတော်အဖို့ စာသင်တိုက်အတွက် ကြီးလေးသော တာဝန်များမှာ တစ်ချိန်တွင် ပဓာနနာယကဆရာတော် အဖြစ် တာဝန်ထမ်းရွက်နိုင်ဖို့ရန် အခြေခံများပင်ဖြစ်ပါတော့သည်။

တိုက်အုပ်ဆရာတော် ဘဝတွင် စာချစာသင်ကိစ္စ၊ ဆွမ်းရေး ကွမ်းရေးကိစ္စ အဆောက်အအုံသစ် ဆောက်လုပ်သည့် ကိစ္စတို့ကဲ့သို့ လိုလားစွာ ထမ်းဆောင်ရသော တာဝန်များရှိသလို အပတ်စဉ် အစမ်းစာမေးပွဲကျသူ စာသင်သားတို့အား ဒဏ်ပေးရသော ကိစ္စ၊ စာသင်သားများ ညဉ့်ဖက် စာကျက်မကျက် လိုက်လံအဟဲခတ် ချောင်းမြောင်းရသော ကိစ္စတို့ကဲ့သို့ လိုလိုချင်ချင် မဟုတ်ဘဲ ထမ်းဆောင်ရသော တာဝန်များလည်း ရှိပေသည်။ ဒဏ်ပေးခြင်း၊ စည်းကမ်းလိုက်နာရန် ထိန်းကွပ်ပေးရခြင်း တာဝန်သည် စင်စစ်လူမုန်းခံအလုပ်ဖြစ်၏။ အများတကာ တာဝန်ယူချင်သော ကိစ္စလည်း မဟုတ်ပေ။ သို့သော် တိုက်အုပ်ဆရာတော်တို့သည် ကျောင်းတိုက်အကျိုး၊ စာသင်သားတို့ အကျိုးအတွက် ထိုတာဝန်ကိုလည်း ယူရတတ်ပေ၏။

ထိုတာဝန်လုပ်ငန်းခွင်သည်လည်း တစ်ခါတစ်ခါ လွယ်ကူလှသည် မဟုတ်။

တစ်ခါက စာသင်တိုက်ကြီး တစ်တိုက်က တိုက်အုပ်ဆရာတော်သည် ညဉ့်ဦးပိုင်းအချိန် ကျောင်းစဉ် လှည့်လည်၍ စစ်သည်။ ကျောင်းပတ်လမ်းတစ်လျှောက် လျှောက်ကာ စာသင်သားများ စာပြန်စာအံမှု ပြုကြရန် ကိုယ်တိုင်ပြခြင်းလောက်သာဖြစ်သည်။ အခြားကျောင်းဆောင်များတွင် ဆူညံနေသလောက် ကျောင်းဆောင်တစ်ခုကမူ ထူးထူးခြားခြား တိတ်ဆိတ်၍ နေသည်။ စာမအံကြဘဲ တစ်ခုခုပြုနေကြခြင်းဖြစ်မည်ဟု သင်္ကာမကင်းရှိသည်နှင့် တိုက်အုပ် ဆရာတော်သည် ကျောင်းဆောင်နောက်ဖက် ထောင့်အနီး တိုးကပ်သွားသည်။ တံစက်ကြောင်း မြောင်းနှုတ်ခမ်းပေါ် အရောက် ကျောင်းဆောင်အထက်ထပ်မှ သွန်ချလိုက်သောရေဆိုးတို့က တိုက်အုပ်ဆရာ၏ ပခုံးထက်သို့ ဖြန်းခနဲ ကျရောက်လာပြီး သင်္ကန်းများ ရွှဲရွှဲစိုသွားလေသည်။ ဦးခေါင်းထက် တည့်တည့် မကျသည်ပဲ ကျေးဇူးတင်ရပေဦးမည်။

တိုက်အုပ်ဆရာတော်သည် အသာအယာ နောက်သို့ ပြန်ဆုတ်ရသည်။ စိုသွားသော သင်္ကန်းမှ လက်ဆေးရေအနဲ့ တွင် ကြက်သွန်နီ အစိမ်းနံ့များ ပါနေရကား ဧကန္တ ညနေဖက် ဝမ်းအဆာကို ကြက်သွန်သုတ်၊ ဂျင်းသုတ် ပြုလုပ်စားသောက်ကြခြင်းဖြစ်ဟန် ရှိသည်ဟု တိုက်အုပ်ဆရာတော် တွက်ချက်ကြည့်မိပေသည်။

တိုက်အုပ်ဆရာတော် လမ်းပေါ် ပြန်ရောက်တော့မှ စာသင်သား တစ်ဦးဦး မြင်သွားပုံရပြီး နေရာရွှေ့သံ၊ လှုပ်ရှားသံ များနှင့်အတူ စာအံစာကျက်သံ တစ်ပြိုင်တည်း ညံသွားပေတော့သည်။

တိုက်အုပ်ဆရာတော်သည် ရေစိုသက်နှီးကို လဲပစ်ရန်အတွက် ထိုကျောင်းဆောင်အနီးမှ မိမိသီတင်းသုံးရာ ကျောင်းဖက်သို့ ပြန်လှည့်ခဲ့ရသည်။ တိုက်အုပ်ဆရာတော်အနေနှင့် ထိုကိစ္စအတွက် စိတ်ဆိုးဒေါသထွက်ရန်မှာ မူလကတည်းက စာသင်သားတို့အကျိုး မျှော်ကိုးမှုသက်သက်ဖြင့် ကျောင်းတိုက်ကို လှည့်လည်ကာ ထိန်းသိမ်းကြီးကြပ်ရခြင်းဖြစ်၍ စိတ်ကို ပရဟိတ လုပ်ငန်းအတွက် ပို့လွှတ်ပြီးသား မဟုတ်ပေလော။

အခြား တိုက်အုပ်ဆရာတော်တစ်ပါး၏ အတွေ့အကြုံ ကမူ သည်ထက်ဆိုးသေး၏။ ရယ်ပွဲဖွဲ့စရာလည်း ကောင်း၏။

နှစ်စဉ် ကျောင်းတုံက် အစမ်းစာမေးပွဲကို အစိုးရ ပါဠိ ပထမပြန်စာမေးပွဲမတိုင်မီ ရက်သတ္တ နှစ်ပတ်ခန့်အလိုတွင် ကျင်းပမြဲတည့်။ နွေရာသီ မူလတန်း, အလယ်တန်းကျောင်းများ ပိတ်ချိန်နှင့်လည်း တိုက်ဆိုင်သဖြင့် ကျောင်းအားရက်တွင် ရှင်ပြုအလှူပွဲများလည်း ပေါများချိန်ဖြစ်သည်။ ရပ်ဝေလေ့ ရှာဝလေ့အရ ဘုရားပွဲ၊ ရှင်ပြုအလှူပွဲများတွင် ဆိုင်းတို့ အငြိမ့်တို့

ထည့်တတ်ရာ စာမေးပွဲမပြီးကြသေးသူ ရဟန်းသာမဏေတို့နှင့် ဆန့်ကျင်ဘက်ဖြစ်နေပြီး စာသင်တိုက်မှ တိုက်အုပ်ဆရာတော် အဖို့လည်း ထိန်းကွပ်ဆုံးမ၍ မရနိုင်လောက်အောင် ဖြစ်တတ်ပေ၏။

တစ်နေ့ အလှူပွဲတစ်ခုတွင် အငြိမ့်ထည့်ရာ အငြိမ့်မှာ နာမည်ကြီး အငြိမ့်ဖြစ်နေ၍ ကျောင်းတိုက်ရှိ စာသင်သားများသည် ပွဲခိုးကြည့်ရန် တာစူနေကြသည်။ ည ၉-နာရီကျော်လျှင် ဝင်းတံခါးပိတ်၍ ကျောင်းပြင်ပ မည်သူမျှမထွက်ရ အမိန့်ကလည်း ရှိနေသည့်ပြင် စာမေးပွဲ နီးချိန်ဖြစ်သဖြင့် ထိုအမိန့်ကို ပိုမိုတင်းကြပ်ထား၍လည်း ခက်နေကြသည်။ ည ၁၀-နာရီကျော်တော့ တိုက်အုပ်ဆရာတော်၏ကျောင်းမှ မီးများ ပိတ်ပြီဆိုသည်နှင့် ကျောင်းအနောက်ဖက် မှောင်ရိပ်ကျသည့် နေရာသို့ စာသင်သားများ အယျှိုအလျှို ရောက်လာကာ အုတ်တံတိုင်း နံရံပေါ် ကျော်၍ခုန်ချကုန်ပြီး အငြိမ့်ပွဲဆီသို့ ရောက်ကုန်ကြလေ၏။

ညဉ့် နာရီပြန် နှစ်ချက်လောက်တွင် အငြိမ့်ခန်း ပြီးဆုံးလေ၏။ စာသင်သား ပွဲကြည့် ကိုယ်တော်များသည် ညဉ့် နှစ်နာရီထက် နောက်ကျ၍မူ အိပ်ရေးပျက် မခံဝံ့ကြပေ။

တိုက်အုပ်ဆရာတော်သည် ကျိန်းစက်ရာမှ တရေးနိုးတော့ ကုဋီသို့ဆင်းရင်း စာသင်သားများ ပွဲခိုးကြည့်ကောင်း

ကြည့်နိုင်သည်ဟု သံသယဖြင့် ကုဋ္ဌီစကြီးလမ်းနှင့် ဆက်ရက်ကျောင်းအနောက်ဖက် ပတ်ကြည့်သည်။ မှောင်ရိပ်ကို အကာအကွယ်ယူ၍ ကျောင်းအနောက်ဖက် အုတ်တံတိုင်းပေါ် ကျော်တက်ဝင်လာသော ကိုယ်တော်များကို တွေ့ရှိလေရာ တိုက်အုပ်ဆရာတော်သည် မှောင်ရိပ်မှပင် ထိုနေရာသို့ အသာလျှောက်သွားလေသည်။

"ကြည့်စမ်း -ကြည့်စမ်း၊ ခုလောက် စာမေးပွဲကြီးနီးနေတာကြီး ပွဲခိုးကြည့်ကြတယ်ပေါ့။ ဘယ်သူတွေလဲ လာခဲ့ကြ လာခဲ့ကြ"

ကိုယ်တော်များသည် တိုက်အုပ်ဆရာတော်မှန်း သိလျှင် စကားဆုံးအောင်ပင် မစောင့်ကြဘဲ ၄က်ပျောပင်များ အကြားမှ အလျှိုအလျှို ထွက်ပြေး ပျောက်ကွယ်ကုန်ကြပြီ။ အုတ်တံတိုင်းအနီးခ၌ တိုက်အုပ်ဆရာတော် တစ်ပါးသာ ကျန်ရစ်ခဲ့လေ၏။

ထိုစဉ် အုတ်တံတိုင်းပေါ်သို့ ကိုယ်တော်တစ်ပါး ကုန်းကုန်းကွကွနှင့် ကျော်တက်လာသည်။ ထိုကိုယ်တော်သည် လူတစ်ရပ်နီးပါးရှိ အုတ်တံတိုင်းပေါ်မှ ကျော်မဆင်းရဲဘဲ ဖြစ်နေသည်ကို တိုက်အုပ်ဆရာတော်သည် ရပ်ကြည့်နေလိုက်သည်။ ထိုကိုယ်တော်က တိုက်အုပ်ဆရာတော်ကို မြင်သွားပြီး အမှောင်

ထဲတွင် တိုက်အုပ်ဆရာတော်မှန်း မသိဘဲ အကူအညီတောင်းသည်။

"ကိုယ်တော် တပည့်တော် မဆင်းနိုင်လို့ဘုရား။ ဒီဘက် နည်းနည်းတိုးပြီး ကူပေးပါဦး။ နို့မို့ ကျသွားလိမ့်မယ်ဘုရား။"

တိုက်အုပ်ဆရာတော်သည် ရုတ်တရက်ဆိုတော့ အုတ်တံတိုင်းပေါ်မှ ထိုကိုယ်တော် လိမ့်ကျမှာစိုးရိမ်ပြီး အုတ်တံတိုင်းအနီး တိုးပေးလိုက်သည်။ တံတိုင်းပေါ်မှ ကိုယ်တော်သည် အနီးရောက်လာသော တိုက်အုပ်ဆရာတော်၏ ပခုံးကို လက်လှမ်းကိုင်ပြီး ခို၍ ဆင်းလိုက်သည်။ အောက်ရောက်၍ တိုက်အုပ်ဆရာတော်မှန်း သိသော် ထိုကိုယ်တော်မှ မပြေးသာတော့ဘဲ အမိခံလိုက်ရ၏။ ပွဲခိုးကြည့်သော စာသင်သားများ အနက် ထိုကိုယ်တော် တစ်ပါးကိုသာပဲ တိုက်အုပ်ဆရာတော်သည် အမိဖမ်းနိုင်ခဲ့လေသည်။

ကိုယ်တော်တစ်ပါး မိမှတော့ ထွက်ပြေးကြသော ကျန်ကိုယ်တော်များလည်း ပြေးမလွတ်ကြတော့။ ရဟန်းသာမဏေများကို အုပ်ချုပ်ရသည်မှာ တစ်ခုကောင်း၏။ ဘုရားရှင်၏ အဆုံးအမနှင့် မဝေးကြသူများ ဖြစ်ကြသဖြင့် ပုထုဇဉ်လူငယ် ဘာဝမိုက်မှားမိခဲ့စေကာမူ မိမိအပြစ်ကို ဆရာဘုန်းကြီးအား ဘူးခံ၍ လိမ်ညာဖုံးဖိခဲ့သည်။ ဆရာဘုန်းကြီးကလည်း အပြစ်ကို

ဝန်ခံသူ တပည့်များအားခွင့်လွှတ်၍ နောင်ကောင်းဖို့ကိုသာ ဆုံးမရလေသည်။

ရွာသူကြီးပေမယ့် အလျှုတွင် ဟင်းလိုက်ရတတ်သည့် အခါမျိုး ကြုံရတတ်ပေသည်ဟု တိုက်အုပ်ဆရာတော် သဘောပေါက်-ပွားပေ၏။ ဤသို့ပင် စာသင်တိုက် ပဓာနနာယက ဆရာတော်၊ တိုက်အုပ် တိုက်ကြပ် ဆရာတော်တို့သည် စာသင်သားတို့အကျိုး မျှော်ကိုး၍ စေတနာ, ဝါသနာ, အနစ်နာဖြင့် ကြောင့်ကြစိုက်ခဲ့ကြရှာပါသည်။

အဆင်မသင့်လျှင် ရှင်ဘုရင်အထုပ်ထမ်းရ

ရှေးရှေးသော မင်းမြတ်တို့သည် မိမိအုပ်ချုပ်သော တိုင်း နိုင်ငံသားတို့၏ အကျိုးကို ရှေးရှုလျက် အဖြစ်အပျက် အမှန်နှင့် ဆန္ဒအမှန်ကို သိရှိရန် ပြည်သူတို့အတွင်း ရုပ်ဖျက်၍လေ့လာခဲ့သည့် သာဓကများရှိခဲ့ကြ၏။ ရှင်ဘုရင်က လူထုလူတန်းစားထဲမှ အသွင်တစ်မျိုးမျိုးယူ၍ ရုပ်ဖျက်ထားခိုက် မြင်တွေ့သိရှိခဲ့သမျှသည် အဘယ်သူမျှ တင်ပြခြင်းမရှိသော ဖြစ်ရပ်မှန်များ ဖြစ်ပေ၏။

ဗာရာဏသီ ပြည်၌ ဘုရားအလောင်း မင်းပြုစဉ် မင်းကြီး၏ထံပါး၌ ဗေဒင်နက္ခတ် တတ်ကျွမ်းသူ ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့ ဝန်းရံလျက် ရှိလေသည်။ ထိုပညာရှိ အမတ်တို့ထဲတွင် ဖခင် ဗြဟ္မဒတ်မင်းကြီးလက်ထက်က မင်းမှုထမ်းခဲ့ဖူးသော နက္ခတ်ပညာအရာတွင် ကျွမ်းကျင်သူပညာရှိ ပုရောဟိတ် ပုဏ္ဏားအမတ်တစ်ဦးမှာ ရာထူးလျှောကျခံထားရပြီး မထင်မရှားအသွင်ဖြင့် မြို့စွန်၌ နေထိုင်လေသည်။

တစ်နေ့တွင် ဗာရာဏသီမင်းကြီးသည် ပြည်သူတို့၏ ဘဝကို လေ့လာရန် သူဆင်းရဲအသွင် ရုပ်ဖျက်၍ နန်းတော်မှ

အဆင်မသင့်လျှင် ရှင်ဘုရင် အထုပ်ထမ်းရ

F.5A

ထွက်ခွာခဲ့သည်။ မနီးအဝေးမှ စောင့်ရှောက်ရန် တာဝန်ကျ လုံခြုံရေးအဖွဲ့များလည်း တစ်ဦးမျှမပါဝင်ပေ။

တစ်နေရာရောက်သော် တိုက်ခိုက်ခိုးယူပြီးစ ခိုးသား ဓားပြတစ်စုနှင့် ဆုံတွေ့လေ၏။ ခိုးသား ဓားပြများသည် မင်းကြီး အား မင်းကြီးမှန်းမသိကြဘဲ ဖမ်းဆီးခေါ်ဆောင်သွားကြလေ သည်။ ခိုးသား ဓားပြများက သူဆင်းရဲအသွင် မင်းကြီး၏ ကိုယ် ပေါ်မှ အပေါ်ရုံပုဆိုးကိုပင် ဆွဲယူ သိမ်းလိုက်ကာ မင်းကြီးအား သေရည်အိုးများကို ထမ်းခိုင်း၍ လိုက်ပါပို့ဆောင်စေသည်။ ခိုးသားဓားပြများသည် သူတို့၏စခန်းသို့ ရောက်လျှင် စခန်း သိမ်းပျော်ပွဲစားကြမည် ဖြစ်ပါသည်။

မြို့စွန်တစ်နေရာရှိ ရာထူးချခံထားရသော ပုရောဟိတ် ပုဏ္ဏားကြီး၏ အိမ်ရှေ့သို့ ရောက်ကြသည်။ ထိုအချိန်တွင် ပုရောဟိတ်ပုဏ္ဏားကြီးမှာလည်း အိမ်ပြင်ထွက်၍ နက္ခတ်ကြည့် နေချိန်နှင့် တိုက်ဆိုင်လျက်ရှိသည်။

ပုရောဟိတ်ပုဏ္ဏားကြီးက ပုဏ္ဏေးမအား လှမ်းပြော လိုက်သည်။

"ရှင်မရေ. . . ငါတို့ရဲ့ ရှင်ဘုရားကြီး ရန်သူလက် ကျရောက်နေပါပကောလား"

ခိုးသားဓားပြများ ခေါ်ဆောင်ရာနောက်သို့ သေရည်အိုးများ ထမ်း၍ လိုက်ပါနေရသော ဘုရင်ကြီးသည် ပုရောဟိတ်ပုဏ္ဏားကြီး၏ စကားသံကို ကြားလိုက်ရသည်။ ပုဏ္ဏားကြီးကတော် ပုဏ္ဏေးမက ပြန်ပြောသည်။

"အို. . . ပုဏ္ဏားကြီးရယ် မင်းကြီးအထံက ရိက္ခာစည်းစိမ်တွေ ရနေကြတဲ့ ပညာရှိပုရောဟိတ်တွေ အပုံပါတော်။ ဘုရင်ကြီးရဲ့ကိစ္စ သူတို့ ဆိုကြလိမ့်မပေါ့"

မင်းကြီးသည် ထိုအကြောင်းကို မှတ်သားထားလိုက်၏။

ခရီးအတန်ရောက်သော် အသနားခံ တောင်းပန်သဖြင့် ခိုးသားဓားပြများလက်မှ မင်းကြီးပြန်လွတ်လာသည်။ ထိုအခါတွင်လည်း မင်းကြီးသည် ဆင်းရဲသားအသွင်ဖြင့် ပုရောဟိတ်ပုဏ္ဏားကြီး၏ အိမ်ရှေ့လမ်းမှပင် ပြန်လာခဲ့လေသည်။ ထိုအချိန်ထိလည်း ပုရောဟိတ်ပုဏ္ဏားသည် နက္ခတ် ကြည့်၍ အကျိုးအပြစ်ကို ဝေဖန်ဖတ်ရှုဆဲဖြစ်လေသည်။

"ရှင်မရေ --- ငါတို့ဘုရင်ကြီး ရန်သူ့လက်မှ လွတ်ပြီဟဲ့"

ပုရောဟိတ်ပုဏ္ဏား၏ ဝမ်းမြောက်စွာ ပြောဆိုသံကို အိမ်ရှေ့မှ ဖြတ်သန်းသွားသော မင်းကြီးကြားရပြန်သည်။ မင်း

ကြီးသည် ပုရောဟိတ် ပုဏ္ဏားကြီး၏ အိမ်ရှိရာကို မှတ်သားထား ခဲ့ပြီး နန်းတော်သို့ ဝင်ခဲ့လေသည်။

နံနက် အရုဏ်ကျင်း အလင်းရောက်၍ ညီလာခံ သဘင်တွင် မင်းကြီးသည် ရာထူးလက်ရှိ နန်းတွင်းမှ ပုရော ဟိတ် ပညာရှိ အမတ်တို့အား မေးမြန်းလေ၏။

"အသင် ပုရောဟိတ် ပုဏ္ဏားကြီးတို့ အသင်တို့ ညက နက္ခတ်အကောင်းအဆိုး ကြည့်ဖြစ်ကြပါ၏လော"

ပုရောဟိတ်အားလုံးပင် တိုင်ပင်ထားကြည့်အလား တစ်သံတည်းဆိုသလို လျှောက်တင်ကြလေသည်။

"ညဉ့်အချိန်က နက္ခတ်အဆိုးအကောင်း ကြည့်ဖြစ်ကြ ပါသည် အရှင်မင်းကြီး"

"ကိုယ်တော် အရှင်မြတ်အတွက် နက္ခတ်ကောင်း၏ လော၊ အန္တရာယ် တစ်စုံတရာများ ရှိခဲ့လေသလော"

ပုရောဟိတ်များ၏ လျှောက်တင်သံအဖြေက သံပြိုင် ပင်။

"ဘုန်းတော်ကြောင့် နက္ခတ် ကောင်းလှပါသည် အရှင် မင်းကြီး၊ အရှင်မင်းကြီးအဖို့ အန္တရာယ်ဆို၍ မြူမျှမသန်းခဲ့ပါ၊ အရှင်မင်းကြီး"

နန်းတွင်း ပုရောဟိတ် ပုဏ္ဏားများသည် တစ်ဦးမျှ နက္ခတ်ကို မကြည့်ဖြစ်ခဲ့ကြ။ ညဉ့်က ဘုရင်ကြီးကိုယ်တိုင် ခိုးသား ဓားပြများလက်ဝယ် အန္တရာယ်ရှိခဲ့သည်ကို မသိကြဘဲ ရမ်းတုတ်လိုက်ကြခြင်း ဖြစ်သည်။

မင်းချင်းတို့အား စေခိုင်း၍ မြို့စွန်တွင် ရာထူးချထားခြင်းခံရသော ပုရောဟိတ် ပုဏ္ဏားကြီးအား ရှာဖွေခေါ်ဆောင်လာစေသည်။ နန်းတွင်း ပုဏ္ဏားတို့၏ ရမ်းတုတ် အစီရင်ခံစာမှာ ပါစင်အောင် လွဲချော်ခဲ့ပြီ။ ဖြီးချခြင်းသက်သက် ပေါ်လွင်သွားတော့သည်။

မင်းကြီးသည် နန်းတွင်းရှိ ပုရောဟိတ် ပုဏ္ဏားတို့အား နန်းတော်မှ နှင်ထုတ်လိုက်ပြီး ရာထူးချထားခြင်းခံရသော ပုရောဟိတ် ဟုဏ္ဏားကြီးအား လိုရာဆုကို တောင်းစေ၍ နန်းတွင်း၌ ချီးမြှောက်ထားရှိလေတော့သတည်း။

(၂၈၉၊ အဘိန္ဓရဝဂ်၊ နာနာဆန္ဒဇာတ်)

အနိမ့်စား မာန

ဗုဒ္ဓဘုရားရှင်က လူပုဂ္ဂိုလ်များအတွက် ဆရာတပည့်ကျင့်ဝတ်၊ ရဟန်းသာမဏေများအတွက် ဥပဇ္ဈာယာစရိယ ဆရာ့ကျင့်ဝတ်နှင့် အန္တေဝါသိက, သဒ္ဓိဝိဟာရိက တပည့်ကျင့်ဝတ်စသည်ဖြင့် ဆရာကောင်းတပည့် ပန်းကောင်းပန်နိုင်ဖို့ရာ ဆုံးမသွန်သင်ပေးထားပါသည်။ သိဂ်ါလသုတ် ကျင့်ဝတ်များ၊ မင်္ဂလသုတ် ကျင့်ဝတ်များ၊ ရှင်ကျင့်ဝတ်များ၊ ရဟန်းကျင့်ဝတ်များနှင့် ဇာတ်နိပါတ် သာဓကများတွင် သင်ကြားပြီး ကြားဖူးနားဝ ရှိပြီးလည်း ဖြစ်ကြပါသည်။ သို့ဖြစ်ပါလျက် တွေးခေါ်ပုံ ယူဆပုံ မရင့်ကျက်သေးသော တပည့်ဖြစ်သူ ရဟန်းငယ်တစ်ပါးပါး သာမဏေ တစ်ပါးပါးထံမှ တရားဓမ္မနှင့် ဆန့်ကျင်ပြောဆိုသံ တစ်မျိုးမျိုး ကြားရခြင်းလောက် မနှစ်မြို့စရာသည် လောကတွင် မရှိနိုင်ဟု ဘုန်းတော်ကြီး ဦးသုမန ထင်မိ၏။

ဒီနေ့ ဥပုသ်နေ့ စာဝါနားရက်ဖြစ်၏။

ညနေက ရဟန်းငယ်နှင့် ကိုရင်ကြီး တစ်ပါးတို့ အခြေအတင် ပြောဆိုနေသံကို ဘုန်းတော်ကြီး ဦးသုမန နားနှင့် ဆပ်ဆပ် ကြားခဲ့ရသည်။

ဘယ်အကြောင်းက စကားဆက် ရလာသည်တော့ မသိ။ ရဟန်းငယ်က ပြောသည်။

"တပည့်ဖြစ်သူဟာ ဆရာဥပဇ္ဈာယ်ရဲ့ စကားဆိုရင် မြေဝယ်မကျ နားထောင်ရမယ်၊ ဆရာဥပဇ္ဈာယ်က ဝါးခြမ်းကြီးကို ယူလာပြီး ' ဒါ ဝါးလုံးပဲ' လို့ ပြောလာရင်တောင် တပည့်ဟာ ဆရာဥပဇ္ဈာယ် ပြောတဲ့အတိုင်း လိုက်ပြောရမယ်။ ဆရာဥပဇ္ဈာယ်ကလဲ ဒီလိုတော့ မပြောပါဘူး၊ ပမာပြောတာပါ။ ဒါပေမယ်လို့ အဲဒီလို ပြောရင်တောင် ဥပဇ္ဈာယ်နဲ့ မဆန့်ကျင်ရဘူး လို့ ဆိုလိုတာ"

ကိုရင်ကြီးက ရဟန်းငယ်အား ကန့်လန့်လုပ်၍ ပြန်ပြော၏။

"ဦးပဉ္စင်းကလဲ ဒါတော့ မဟုတ်ဘူး ဘုရား။ တပည့်ကိုယ်တိုင်ကလဲ အသိတရားနဲ့ ပြည့်စုံနေမှပဲ၊ ဝါးခြမ်း ဝါခြမ်းပေါ့၊ ဝါးလုံး ဝါးလုံးပေါ့။ ဆရာဥပဇ္ဈာယ်လဲ ပုထုဇဉ်ပဲ။ ဆရာမှားတိုင်း တပည့်ဆက်မှားနေရင် အစဉ်အဆက်ကြီး တစ်ခုလုံး ဆက်မှားကုန်မှာပေါ့။ အမှန်တရားဟာ အမှန်တရားပဲပေါ့။ အမှန်တရားဖက်က ရဲ့ရင့်ရမှာပေါ့၊ မဟုတ်ဘူးလား"

ကိုရင်ကြီးက အမှန်တရားနဲ့ ကိုင်ပေါက်လိုက်ပြီး စကား လမ်းကြောင်း ရည်ရွယ်ချက်ပါ ပြောင်းသွားသဖြင့်

ရဟန်းငယ်သည် ဘာမှ ပြန်မပြောနိုင် ရှိသွားသည်။ ကိုရင်ကြီး ကသာ သူ့စကား ပြန်ကောက်၍ ပြောနေပြန်သည်။ ကိုရင်ကြီး၏ စကားသံ ပြတ်သွားမှ ရဟန်းငယ်ထံမှ စကားသံ ထွက်လာသည်။

"ကိုယ့်လူ ကိုရင်ကြီးက အာဂလူပဲ။ မာနကြီးသကိုး"

ကိုရင်ကြီးကမူ ရဟန်းငယ်၏ ထိုစကားကိုပင် လက်မခံပေ။

"ဦးပဉ္စင်းကလဲ တပည့်တော်ကို မာနကြီးသတဲ့။ အဲဒါလဲ ဦးပဉ္စင်းမှားတာပဲ။ မာနဆိုတာ တစ်ခုခု တစ်မျိုးမျိုး မြင့်မားတဲ့သူမှ မနာလို ဖြစ်လို့ရတာ။ ဓနဥစ္စာ မျှားသူက ဓနဥစ္စာ အကြောင်းပြုပြီး မာနကြီးတယ်။ ရုပ်ဆင်းရှုပကာ လှပသူက ရုပ်ဆင်းရှုပကာ အကြောင်းပြုပြီး မာနကြီးတယ်။ ပညာတတ်သူက ပညာအကြောင်းပြုပြီး မာနကြီးတယ်။ တပည့်တော်မှာ ဘာရှိသလဲ။ ဥစ္စာ, အလှအပ, ပညာ ဘာတစ်ခုမှ မပြည့်စုံပဲဘဲ ဦးပဉ္စင်း ပြောသလို မာနကြီးချင်လို့ကို ကြီးမရဘူး ဘုရား'

ဘုန်းတော်ကြီး ဦးသုမနလည်း ဦးပဉ္စင်း မှတ်ချက်ပြုသလို ကိုရင်ကြီးအား အာဂ ကိုရင်ကြီးပေပဲဟု ထပ်လောင်း မှတ်ချက်ပြုမိပေ၏။ အသိညာဏ် အနယ်မထိုင်သေးသော

ငယ်ရွယ်သူတို့၏ တစွပ်ထိုး အပြောအဆိုမျိုးလို့သာ သဘော ထားလိုက်ရပေ၏။

အချိန်အား ရသည်နှင့် ဦးပဉ္စင်းရော ကိုရင်ကြီးပါ ခေါ်၍ မာနတရားအကြောင်း အကျယ်ပြောပြရသည်။

"မာနဆိုတာ ထောင်လွှားမှု၊ မိမိကိုယ်ကို မြှင့်တင်မှု၊ စိတ်ကြီးဝင်မှု၊ ငါလိုလူ ဇမ္ဗူမရှိ၊ ငါ့ထက်သာသူ မရှိ ဆိုပြီး လက်မ တထောင်ထောင် မြောက်ကြွနေမှု စ, တာ အားလုံး မာနပဲ။ ဒါပေမယ့် အများထက် သာလွန်တဲ့ ရာထူးဂုဏ်ရှိန် စည်းစိမ် ဥစ္စာ အလှရူပတာတွေ အခြေခံပြီးမှ မာနရယ်လို့ ဖြစ်တာလား။ ဒါ စဉ်းစားရမယ်။ တို့ဘုရားက မာနသုံးမျိုးသုံးစား ရှိကြောင်း ဟောပြထားတယ်။ သေယျမာန်, မဇ္ဈိမမာန်, ဟီနမာန် တဲ့။ မြန်မာလိုကတော့ အမြတ်စားမာန်, အလယ်အလတ်စား မာန်, အနိမ့်စားမာန်လို့ ခေါ်ဆိုသင့်တယ်။ အမြတ်စားမာန်က စည်းစိမ်, ပညာ, ရူပကာအားဖြင့် မြင့်ခြင်း မြတ်ခြင်းကို အကြောင်းပြုပြီး ဖြစ်တဲ့ မာန်မာနဖြစ်တယ်။ ဒါက ထင်ရှား တယ်။ ကိုရင်ကြီး ပြောတဲ့အတိုင်း ပြည့်စုံမှု အရင်းခံနဲ့ စိတ်နေ မြင့်မှုဖြစ်တယ်။ အလယ်အလတ်စားမာန် ဆိုတာက အဆင့် အတန်းတူညီ သူချင်းနဲ့ ယှဉ်ပြိုင်ဖြစ်တဲ့ မာန်မျိုးဖြစ်တယ်။ 'သူနဲ့ငါ အဆင့်အတန်းတူချင်း ဘာဂရုစိုက်စရာ လိုသလဲ' ဆိုတဲ့ တန်းတူ အပေါ်မှာ ထားတဲ့ စိတ်နေမြင့်မှု ဖြစ်တယ်။ အနိမ့်စား

မာန် ဆိုတာကတော့ မိမိအထက် မြင့်မြတ်သူအပေါ် ထားတဲ့ စိတ်နေမြင့်မှု ဖြစ်တော့ 'သူဟာ ငါ့ထက် အဆင့်အတန်း မြင့်တော့ကော ငါက ဘာဂရုစိုက်စရာလိုမှာလဲ' ဒီလို မာနမျိုး ထားမှုပဲ။ မာနတရားကို ဒီလိုသုံးစား ခွဲရပါမယ်'

"နောက်တစ်ခု သတိပြုရမှာက တို့ရဲ့ ဗုဒ္ဓဘုရားရှင်ဟာ လူတန်းစား ကိုက်ညီခြင်း ဆိုတဲ့ လောကီ အလုပ်လောက်ကို ရည်မှန်းချက် ထားတာမဟုတ်ဘူး။ ပုဂ္ဂိုလ် သတ္တဝါတိုင်းရဲ့ စိတ်နေတိမ်းစောင်းမှုကို ပြုပြင်တာ။ အယုတ်အလတ် အမြတ် မရွေး ပုဂ္ဂိုလ်သတ္တဝါတိုင်းရဲ့ သန္တာန်မှာ ပေါ်ဆဲ ပေါ်လတ္တံ့ အကုသိုလ်စိတ်စေတသိက်ကိုသာ တားဆီးတာ။ ပြည့်စုံကြွယ်ဝ သူရဲ့ စိတ်နေ တောင့်တမှုဟာလဲ အကုသိုလ်ဖြစ်ဖို့ စိတ်နေ စိတ်ထားဖြစ်တာမို့ မာနသဘောဟာ အထက်ကော အောက်ကော အားလုံးနဲ့ ဆိုင်တယ်။ မာနကို ရှောင်ခွါနိုင်ပါမှ ရိုသေ ထိုက်သူကို ရိုသေခြင်းမင်္ဂလာ၊ မိမိကိုယ်ကို နှိမ့်ချခြင်း နိဝါတ မင်္ဂလာတို့ကို ကျင့်သုံးနိုင်မှာဖြစ်ပြီး (ကြီးသူကို ရိုသေ, ရွယ်တူကို လေးစား, ငယ်သူကို သနား) ဆိုတဲ့ ကုသိုလ်စိတ်တွေ ထပ်ဆင့် တိုးပွားလာနိုင်မှာပေါ့။ မာနရှိနေရင် ချမ်းသာသူဟာလဲ မိမိရဲ့ ပြည့်စုံချမ်းသာမှုနဲ့ပဲ သူများတကာရဲ့ မုန်းတီးခံရသလို ဆင်းရဲ သူဟာလဲ တစ်ပါးသူရဲ့ အကူအညီ မရရှိဘဲ ကြီးပွားလမ်း အခွင့် အရေးတွေ ပိတ်ဆို့ကုန်တာ လောကမှာ မျက်မြင်ပဲ"

"အဲဒီတော့ ကိုရင်ကြီးဟာ ဝေဖန်ရေးစာတစ်ချို့ ဖတ်ပြီး သူ သိနားလယ်တယ်ဆိုတဲ့ အသိပညာ မာန်မာနနဲ့ ပြောပစ်ခဲ့တယ်ဆိုတာကိုပဲ သူမသိရှာဘူး။ ဟိုစာဖတ် ဒီစာဖတ်ပြီး အသိဉာဏ် မစုံသေးခင်မှာ ထော်လော်ကန့်လန့် အတွေးအခေါ်တွေ မဝင်စေနဲ့ဦး ကိုရင်ကြီး။ မီးရထားစီးရင် အတွင်းမှာ လူကနေပြီး ပြူတင်းပေါက်က တစ်ဆင့် ဟိုအဝေး လှမ်းကြည့်တော့ အဝေးက သစ်ပင်တွက လိုက်လာနေတယ်လို့ ထင်မှတ်ရတယ်။ ပြူတင်းပေါက်ကနေ အပြင်ကို ဦးခေါင်းထွက်ကြည့်ရင် အဝေးက သစ်ပင်တွေ မလိုက်လာတော့တာ တွေ့ရမယ်"

"အေး --- ငယ်ငယ်က ဆရာမိဘကို ပစ်ပယ်စိတ်တစ်မျိုးနဲ့ အယူအဆလမ်းလွဲထားရင် သွားရော။ လူ့လောက အသက် ၄၀-၅၀ အရွယ်လောက် မှားမှန်းသိချိန် ရောက်တဲ့ အခါ လွန်ပြီးသမျှ အမှားတွေ စီးပိုးမှု ဒဏ်ရာဒဏ်ချက်ကြောင့် အမှန်လမ်းဟာလဲ မပပြင်နိုင်တော့ဘူး။ ရခဲတဲ့ လူဘဝ၊ ရခဲတဲ့ ဘုရားသာသနာနဲ့ တွေ့ပါရက်နဲ့ ဘဝလမ်းလွဲဖို့ သံသရာလမ်းလွဲဖို့ မကြံကြနဲ့။ ဘုရားရှင် လက်ထက်က ဘုရားရှင်ကို ကိုယ်တိုင် ဖူးတွေ့ရပါရက်နဲ့ ပညာမာန် လမ်းလွဲခဲ့ကြတဲ့ သစ္စကပရိုဗိုဇ်တို့၊ ရှင်ဒေဝဒတ်တို့ဟာ ဘုရားရှင်ရဲ့ အခြေအချက် မခံကြရရှာဘူး။ ဒါပဲ ကိုရင်ကြီး။ ကဲကဲ --- ခုတော့ ဒါလောက်ပဲ။

နောက်အကြောင်းကြုံမှ ဇာတ်နိပါတ်ထဲက သာဓကတွေနဲ့ ထပ်ပြောပြဦးမယ်။ ခုတော့ ဒီလောက်နဲ့ပဲ ရပ်ကြစို့"

နောက် အကြောင်းကြုံရင် ပုံဝတ္ထုနှင့်တကွ ပြောပြဦးမည်ဟု ဘုန်းတော်ကြီး ဦးသုမနက အမိန့်ရှိခဲ့သော်လည်း အကြောင်းသည် ထိုနေ့မှာပင် ကြုံခဲ့လေ၏။



သိမန္တရိတ်သား မာန်ကြွားကြွား

ထိုနေ့က ဥပုသ်နေ့ဖြစ်၍ ည -ဘုရားဝတ်တက်မြဲ ဖြစ်၏။

ဘုရားဝတ်တက်အပြီး သံယာအများအား ဆရာတော်က ဆုံးမသြဝါဒပေးမြဲဖြစ်ရာ ထိုညက ဘုန်းတော်ကြီး ဦးသုမန၏ သြဝါဒသည် ညနေက ကိုရင်ကြီးတို့အား ပြောဟောခဲ့သည့် အကြောင်းအရာပင် ဖြစ်ပြီး ဇာတ်နိပါတ် ပုံဝတ္ထုများဖြင့် တန်ဆာဆင်၍ အကျယ် ဟောပြလေ၏။ ဘုန်းတော်ကြီး ဟောပြသော ဇာတ်နိပါတ် ပုံဝတ္ထုများတွင် နွားချေးပိုးထိုး ပုံဝတ္ထု ကိုကား ကိုရင်ကြီးရော သံယာအများပါ သဘောကျမှတ်သား မိကြလေ၏။

လွန်လေပြီးသောအခါ အင်္ဂတိုင်း၌ နေကြကုန်သော သူတို့နှင့် မဂဓတိုင်း၌ နေကြကုန်သော သူတို့သည် ကုန်သွယ်ခြင်း လူမှုဆက်သွယ်ခြင်းတို့ဖြင့် တစ်တိုင်းနှင့်တစ်တိုင်းသို့ ကူးလူးဆက်ဆံလျက် ရှိကြသည်။ တိုင်းနှစ်ခုအကြား သီမန္တရိတ် အရပ်သည် ကုန်ရောင်းကုန်ဝယ်သွားသူတို့၏ လှည်း ရပ်နားစခန်း ပြုကြရာ နေရာဖြစ်၏။



သိမန္တရိတ်သား မာန်ကြွားကြွား

လှည်းကုန်သည်တို့သည် ထိုနယ်ခြား သီမန္တရိတ် အရပ်၌ ရပ်နား၍ ပါလာသော သေအရက်များနှင့် ထမင်းဟင်းများကို စားသောက်ကာ အချိန်တန်သော် ထိုအရပ်မှ ထွက်ခွာသွားကြလေ့ရှိ၏။ လှည်းစခန်းတို့၏ ထုံးစံအတိုင်း လှည်းကုန်သည်များ ထွက်ခွါသွားသော် လူများ စွန့်ပစ်ခဲ့သော ဘူးခွံ ခွက်ခွံများ၊ စားကြွင်းစားကျန်များ၊ နွားစာ ကောက်ရိုးမြက်ခြောက်များ၊ နွားမြင်းတို့၏ မစင်အညစ်အကြေးများမှာ စခန်းတစ်ခုလုံး ပြန့်ကြဲ ကျန်ရစ်လေသည်။

လှည်းကုန်သည် နောက်တစ်ဖွဲ့ ရောက်ရှိလာတော့လည်း ဤသို့ပင် စခန်းချ ရပ်နား ထွက်ခွာသွားကြပြန်ရာ စခန်း၌ အမြဲနေ လူဟူ၍ မရှိဘဲ စားကြွင်းစားကျန် ရှာဖွေစားသောက်ကြသည့် ကျေးငှက်များ၊ မြေကြွက်များနှင့် တစ်ခါတစ်ရံ ဖြတ်သွား ဖြတ်လာ သားရဲတိရစ္ဆာန်များသာ ရှိလေသည်။ ၎င်းတို့သည်လည်း လှည်းကုန်သည် အလာအသွားကြဲသည့် အခါများတွင် စခန်း၌ မရှိကြဘဲ ကုန်သည်များ ရောက်ရှိစခန်းချချိန်များတွင်သာ ၎င်းတို့အား တွေ့ရှိရပြီး ကျန်အချိန်များတွင်ကား အခြားအရပ်ဒေသများသို့ သွားရောက် ကျက်စားနေကြလေ၏။

သီမန္တရိတ် လှည်းစခန်း၌ အမြဲနေသည်ဟု ဆိုနိုင်သူကား ထိုအရပ်မှာပင် မွေးဖွား ကြီးပွားကြသည့် ချေးပိုးထိုးကောင်များပင် ဖြစ်၏။ လှည်းကုန်သည်တို့၏ နွားမြင်း သတ္တဝါများ စွန့်ချသွားသော မစင်အညစ်အကြေးများအောက်၌ ပေါက်ပွားကြီးပြင်းလျက် နွားချေး မြင်းချေးများကို စားသောက်အိမ်ဖွဲ့ကာ အသက်ဆက် နေထိုင်ကြလေ၏။

တစ်နေ့တွင် လှည်းစခန်း သီမန္တရိတ် အရပ်၌ ချေးပိုးထိုး တစ်ကောင်သည် ကံကောင်းသဖြင့် ကုန်သည်များ စွန့်ပစ်ထားသော စားကြွင်းများထဲမှ သေအရက် အကြွင်းအကျန် အနည်းငယ်ကို မြေအိုးကွဲ တစ်ခုအပေါ်တွင် တွေ့ရှိသောက်သုံးမိလေ၏။ သေအရက်၏ တန်ခိုးဖြင့် မူးရစ်ရီဝေနေသော ချေးပိုးထိုးသည် နွားမစင်ပုံတစ်ခု အပေါ်သို့ အတက်တွင် နွားမစင်များက စွန့်ပြီးစဖြစ်၍ ပျော့နေရာ ချေးပိုးထိုးကောင်၏ ဝန်ဖြင့် အောက်သို့ပိဆင်းသွားသည်။ ဒါသည်ပင် သေအရက်ဖြင့် မူးရစ်ရီဝေနေသော ချေးပိုးထိုးကောင်အဖို့ မဟာပထဝီ မြေကြီးသည်ပင် သူ၏ ကိုယ်အလေးချိန်ဒဏ်ကို မခံနိုင်ဟု သွေးကြွမာန်တက်စရာ ဖြစ်သွားသည်။ ထိုမာန၏ စေ့ဆော်မှုကြောင့် မိမိထက် အဆအရာအထောင်မက ကြီးမားသော ဧရာနန္တ သတ္တဝါမျိုးကိုပင် မှုမည့်လက္ခဏာ မရှိပေ။

ထိုအချိန်တွင် တောဆင်ရိုင်းကြီး တစ်ကောင်သည် လှည်းစခန်းကိုဖြတ်၍ ချေးပိုးထိုးကောင်ရှိရာ နွားချေးပုံအနီးသို့ ရောက်ရှိလာသည်။ သို့သော်လည်း နွားချေးပုံမှ အနံ့အသက်ကြောင့် တောဆင်ရိုင်းကြီးသည် နှာခေါင်းရှုံ့ကာ အခြားတစ်ဖက်သို့ လှည့်ထွက်သည်။

သေအရက်ဖြင့် မာန်တက်နေသော ချေးပိုးထိုးကောင်သည် သူ့တူရွှမ္ဘ လှည့်ထွက်သွားသော တောဆင်ရိုင်းကြီးအား သူ့ကိုကြောက်၍ ထွက်ပြေးသွားသည်ဟု ပေါ့ဆမိုက်မဲစွာ တွေးထင်ပစ်လေသည်။ အရက်မူးသူတို့၏ ထုံးစံအတိုင်း ခေါင်းထဲဝင်လာသော အတွေးအထင် စိတ်ကူးသည် ချက်ချင်းဆိုသလို လက်တွေ့ ပြောင်းလဲသွားစမြဲ မဟုတ်လား။

ချေးပိုးထိုးကောင်သည် တောဆင်ရိုင်းကြီးအား **စစ်**ကြေညာလေသည်။

"အသင် ဆင်ရိုင်းကြီး မှတ်တယ်. . . ။ အကျွန်ုပ်ကို မြင်ရုံနဲ့ လှည့်ထွက် ရှောင်ပြေးပါသလော။ အကျွန်ုပ်နှင့် နှစ်ကိုယ်ချင်း ရင်ဆိုင်ပါဦးလော့"

ချေးပိုးထိုး၍ ခန့်သံကို ကြားလျှင် သတ္တဝါချင်း နားလည်သော ဘာသာစကားဖြင့် တောဆင်ရိုင်းကြီး သိရှိလေ၏။

F.6A

တောဆင်ရိုင်းကြီး၏ ခြေလှမ်းမှာ တုံ့သွား၏။ စကား တုံ့မူပြန်မပေး။ လှည့်ထားပြီး ဦးခေါင်းကိုလည်း ပြန်၍ မလှည့်။ တကယ်တော့ တောဆင်ရိုင်းကြီးက သူ၏ ခြေ မလောက်မျှ မရှိသော ချေးပိုးထိုးကောင် မည်းမည်း နက်နက်ကို ဖက်ပြိုင် နေစရာကော လိုပါမည်တဲ့လား။

တောဆင်ရိုင်းကြီးသည် ချေးပိုးထိုးကောင်ရှိရာ နွားချေးပုံအနီးသို့ နောက်ခိုင်းလျက်နှင့် ခြေလှမ်းတို့ကို ပြန်ဆုတ်သည်။ ဆင်ကြီး၏ အမြီးနှင့် ချေးပိုးထိုးကောင်တို့ တည့်တည့် ရှိသောအခါ ဆင်ကြီးသည် သူ၏ အမြီးကို မြောက်လိုက်သည်။

တောဆင်ရိုင်း၏စအို့မှ မစင်အညစ်အကြေးများက အဆက်မပြတ် ထွက်ကျလာပြီး တောင်ပို့ငယ်တမျှ အစုအပုံကြီး ဖြစ်သွားလေ၏။

သေရည် တစ်စက်ဖြင့် မာနတံခွန် ထူနေသော ချေးပိုးထိုးကောင် အဖို့ရာကား အသက်ကို ဘယ်ကထွက်လိုက် ရမှန်းပင် မသိနိုင်ဘဲဆင်ချေးပုံအောက် နစ်မြုပ်ဆုံးပါး ကိစ္စတုံ်း သွားရှာလေသတည်း။

(၂၂၇။ ကာသာဝဝဂ်၊ ဂူထပါဏဇာတ်)

F.oB

ပုစွန်တုပ်လဲကတည်းက အသည်းကွဲရသူ

'လင်နှင့်မယား လျှာနှင့်သွား' ဟု ဆိုရိုးစကားရှိ၏။

တစ်နေ့တစ်နေ့ အစာစားရာ, စကားပြောရာ, ကွမ်းစားရာကအစ လူတစ်ဦး၏ ပါးစပ် ဟစိဟစိလုပ်ခဲ့သမျှ အထက်သွားနှင့် အောက်သွားတို့ ဖိညှပ်ထိခိုက်မှုသည် အကြိမ်ပေါင်း မရေမတွက်နိုင်ပေ။ လူတို့၏ လျှာသည်လည်း သွားအဖုံး နှစ်ခုအတွင်း၌ တည်ရာယူလျက် အထက်သွားနှင့် အောက်သွားနှစ်ခုအကြား ဝင်ချေထွက်ချေ ရှောင်တိမ်းချေ ပြုကာ သွားနှင့်အမြဲတမ်းလို ပွတ်သပ် ပွေ့ဖက်နေရသည်။ သို့သော် ထူးခြားသည်မှာ သွားနှစ်ခုအကြား ညပ်တော့မည် ဆိုလျှင် လျှာကရုပ်ပြီးဖြစ်သကဲ့သို့ အထက်သွားနှင့် အောက်သွား အံ့ကျထဲသို့ လျှာရောက်လာပြီဆိုလျှင် သွားက ဆက်မဝါးဘဲ နေရာတွင် ရပ်ပစ်လိုက်ခြင်းတို့မှာ အလိုအလျောက် စည်းဝါးကိုက် ဖြစ်နေ သည်။ လျှာနှင့် သွားတို့၏ တစ်ဦးအပေါ် တစ်ဦး သတိရှိမှု၊ ညှာတာမှု၊ ချစ်ခင်မှု၊ ပူးပေါင်းမှု သဘောအဓိပ္ပာယ်ကို ဖော်ပြ နေပါသည်။

သို့တိုင် လျှာဖက်ကဖြစ်စေ၊ သွားဖက်ကဖြစ်စေ အခန့်မသင့်သော အခြေအနေတစ်ရပ်ရပ်တွင် သည်မျှ ကြင်နာကြသော လျှာနှင့် သွားတို့သည်ပင် ထိခိုက် ဖိညှပ်ခံရမှု ရှိပေသေးသည်။ ထို့ထက် လင်နှင့်မယားတို့၏ အခန့်မသင့်မှုက ပိုများပါသည်။ လူတစ်ဦးအဖို့ လျှာကို ကိုက်မိသည်ဆိုခြင်းမှာ တစ်ပတ်မှ တစ်ခါ၊ တစ်လမှ တစ်ခါ ဆိုသလို ရှိနိုင်သော်လည်း အသေးအကြီး အကြောင်းရပ်မျိုးစုံဖြင့် လင်နှင့်မယားတို့၏ စိတ်သဘောထားချင်း မတိုက်ဆိုင်ဘဲ ကတောက်ကဆ ဖြစ်ရမှု ကား နေ့စဉ်နှင့်အမျှ ရှိနိုင်သည်။ လူမှုစီးပွား အဆင်မပြေမှု များသော အိမ်ထောင်အဖို့ကား ထိုထက် များနိုင်ပေသည်။

လျှာနှင့်သွားတောင် ကိုက်မိတတ်သေးသည် မှန်သော်လည်း ကိုက်ဖိုဖန်များသော် မကောင်းပေ။ လင်နှင့်မယားတို့၏ အခန့်မသင့်မှု ကတောက်ကဆ ဖြစ်မှုသည်လည်း ကြိမ်ဖန်များသော် မကောင်းပေ။ အဘယ်ကြောင့်နည်း။ လျှာကိုက်မိသူများသည် သွားအကိုက်နှင့် လျှာအထုတ်တို့ အံလွဲနေပြီး ဆိုင်ရာ အာရုံကြောတို့ အားနည်း၍ ဖြစ်ရသဖြင့် လေဇန်း(အကြော) ရောဂါ၏ ကြိုတင်နိမိတ်လက္ခဏာတစ်ခုဟု သိရှိရပါသည်။ လင်နှင့် မယားတို့ ကတောက်ကဆ ဖြစ်ဖန်များခြင်းသည် လည်း အိမ်ထောင်ရေးအတွက် မကောင်းပေ။

ချစ်စခင်စ ကြင်စဦးများအဖို့ ကတောက်ကဆ ဖြစ်လိုက် ပြန်ချော့လိုက်နှင့် ချစ်ရည်ချစ်သွေး တက်နေချိန်မို့ ကြည်နူးမှု အရသာတစ်မျိုး ထပ်ဆင့် ခံစားနိုင်သော်လည်း အိမ်ထောင်သက်တမ်း ကြာလာချိန် လူမှုရေး၊ စီးပွားရေး မပြေလည်မှု အကြောင်းခံဖြင့် အိမ်ထောင်အရေးတွင် ငြီးငွေ့လာချိန်တို့၌ကား လင်မယားတို့အား စိတ်အခန့်မသင့်မှု မကြာခဏဖြစ်ပေါ်ခြင်းသည် မလိုလားသင့်ပေ။ ငယ်ရွယ်စဉ်ကလို မဟုတ်။ ပြေပျောက်လည်း ပြေပျောက်ခဲ့၏။ တစ်စတစ်စ ရင်တွင်းအနာ ရင့်မာလာပြီး အခြားသော အကြောင်းထောက်ထားစရာ တွယ်နှောင်စရာများကလည်း ကယ်တင်ခြင်း မပြုနိုင်ခဲ့သော် ထိုလင်နှင့်မယားတို့ အတူတကွ ထူထောင်ခဲ့သောအိမ်ထောင်သည် ပြိုကဲ့တတ်ပါသည်။ အိမ်ထောင်မှု ပြိုကွဲ၍ ယောကျ်ားရော မိန်းမရော ဘယောက်ဘယက် ဖြစ်ပြီးသော်ကား နှောင်းနောင်တသည် ချစ်ခြင်းမေတ္တာ၏ ဖြူစင်ရိုးသား၍ ရင့်ကျက်မှုမျိုး ရင်းစားမရရှိနိုင်တော့ပေ။

တစ်ခါက ဇနီးမောင်နှံ နှစ်ဦးရှိသည်။

ကြင်စဦး ဇနီးမောင်နှံတို့ ထုံးစံအတိုင်း ချစ်လို့ခင်လို့ မဝန်ိုင်ကြဘဲ တတွဲတွဲနှင့်ရှိပြီး တစ်ယောက်အကျိုးကို တစ်ယောက်က လိုလားမဆုံးအောင် ရှိလေသည်။ မိဘအိမ်

ဖြစ်လင့်ကစား အိုးခွဲချက်စားကြသဖြင့် ထမင်းစားပွဲတွင်လည်း တစ်ဦးမျက်နှာတစ်ဦး ကြည့်စားကြသည့် အတွက် အမြဲ ဟင်းတစ်ခွက် တိုးလျက်ရှိလေသည်။

တစ်နေ့ ထမင်းဝိုင်းတွင် ကြင်စဦးဇနီးမောင်နှံအဖို့ ပြဿနာတစ်ရပ်နှင့် ကြုံနေသည်။ အခြားပြဿနာမဟုတ်။ ထမင်းဝိုင်း ပုစွန်ဟင်းတွင် ပုစွန်တုပ်ကြီးသုံးကောင် ပါရှိရာ နှစ်ဦး အဝေမတည့် ဖြစ်နေကြသည်။ ပုစွန်တုပ်အသေး နှစ်ကောင်ကို တစ်ယောက်တစ်ကောင်စီ ယူ၍ စားပြီးကြပြီ ဖြစ်သည်။ ဝတ္ထုထဲ ရုပ်ရှင်ထဲကလို ကျန်ပုစွန်တုပ်တစ်ကောင်ကို ခင်စားပါ၊ မောင်စားပါနှင့် သူ့ပန်းကန်ထဲရောက်လိုက် ကိုယ့် ပန်းကန်ထဲရောက်လိုက် ဖြစ်နေပြီး လင်မယားနှစ်ဦး တစ် ယောက် တစ်ပိုင်းစီ ဝေစားပစ်လိုက်ရမည့်အစား မစားရက်ခြင်း ပြိုင်နေကြသည်။

နောက်ဆုံးတွင် နှစ်ဦးသားမဲခွဲရန် သဘောတူလိုက် ကြသည်။ လင်မယားနှစ်ယောက်အကြားထား၍ ဟင်းပန်းကန် ထဲတွင်ပုစွန်တုပ်ကို ကျောရိုးမှထောင်လိုက်မည်။ ပြီး ထမင်း စားပွဲခုံကို လှုပ်ပေးမည်။ မိမိဘက် ပုစွန်တုပ်လဲကျသူက စားစတမ်း။

ယောကျ်ားလုပ်သူက ဟင်းပန်းကန်ထဲတွင် ပုစွန်တုပ် ကိုထောင်လိုက်သည်။ ဇနီးသည်မိန်းမဘက်က ကြည့်လို့လား

တော့မသိ၊ ပုစ္ဆန်တုပ်သည် ယောက်ျားဖက် ခပ်ယိမ်းယိမ်း ထင်ရသည်။ ပြီး၍ ခုံလှုပ်လိုက်သောအခါ ထင်သည့်အတိုင်း ပုစ္ဆန်တုပ်မှာ ယိမ်းနေသော ဘက်သို့ လဲကျသွားသဖြင့် ယောက်ျား ပိုင်ဆိုင်သွားတော့သည်။

ယောက်ျားကလည်း သူမဲပေါက်ခဲ့ပြီမို့ သူ၏ထမင်း ပန်းကန်ထဲသို့ ပုစ္ဆန်တုပ်ကြီးကို ကောက်ထည့်လိုက်ပြီး ဦးခေါင်း ပိုင်းမှစ၍ အရသာခံ စားပါလေတော့သည်။ ဇနီးသည်သည် ကြင်စဦးတို့ ထုံးစံအတိုင်း ယောကျာ်းစားလည်း စားပါစေတော့ ဟု သဘောထား ကျေနပ်ရှာ၏။

သို့သော် ယောက်ျားသည် ဘယ်နည်းနှင့်မျှ သူတစ်ဦး တည်း ပုစ္ဆန်တစ်ကောင်လုံးတော့ စားမည်မဟုတ်။ မျိုလို့ မကျ သဖြင့် ပုစ္ဆန်တုပ်အလယ်ပိုင်း အသားကလေး မျှပေဦးမှာပါဟု မျှော်မှန်းကြည့်မိသေး၏။ သို့သော် မှန်းချက်နှင့်နှမ်းထွက် မကိုက်ပါ။ ယောက်ျားသည် ပုစ္ဆန်တုပ်အလယ်သားကိုလည်း သူ့ပါးစပ်ထဲကိုသာ တွင်တွင်သွတ်နေသည်။ ဇနီးသည်မှာ ပုစ္ဆန်တုပ်အမြီးပိုင်း ကလေးတော့ ပေးနိုင်ရဲ့ဟု နောက်ဆုံး မျှော်ကြည့်မိပြန်သေး၏။ အထင်ကား ပါစင်အောင်လွဲလေ၏။ ယောက်ျားသည် ဇနီးသည်အား ရှေ့မှာထားပြီး ပုစ္ဆန်တုပ်ကြီး တစ်ကောင်လုံး သူ့ချည်းဝါးပစ်ခဲ့လေသည်။

သည်တော့မှ ဇနီးသည်သည် လင်သားထံမှ ကြင်နာမှု မျှော်လင့်ချက် ရုပ်သိမ်း၍ ထမင်းစားလက်စသတ်ကာ ဆေးကြောသိမ်းဆည်းရန် ပြင်လေသည်။ ထိုစဉ်က ဇနီးသည်၏စိတ်ထဲတွင် မည်သို့မျှ တေးမှတ်ထားခြင်းလည်း မရှိခဲ့ပေ။

ထိုလင်မယားတို့သည် အိမ်ထောင်သုံးနှစ် သက်တမ်းအတွင်း သားသမီးမထွန်းကားခဲ့ဘဲ အိမ်ထောင်မှု၏ ဒဏ်ရာ ဒဏ်ချက်တို့သာ တစ်နေ့ထက်တစ်နေ့ ထပ်ပိုများပြား ဖိစီးခံရလေသည်။ ဆွေဆွေမျိုးမျိုး ကိစ္စဝိစ္စများအပြင် တစ်ဦးနှင့် တစ်ဦး စရိုက်မတူညီသည့် သွင်ပြင်လက္ခဏာများမှာလည်း ကြင်စဦးကဲ့သို့ ဖုံးဖိသိုသိပ် မနေကြတော့သဖြင့် လင်မယားကတောက်ကဆဖြစ်စရာတွေက များများလာသည်။ တကျက်ကျက် ရန်ဖြစ်ဖန် များများလာသောအခါ တဖြည်းဖြည်း အိမ်ထောင်မှုအပေါ် ငြီးငွေ့လာသည့် အလျောက် တပူးတွဲတွဲ နေထိုင်မှုမျိုး နည်းပါးလာပြီး နောက်ဆုံးတွင် အိမ်ထောင်ရေးပေါက်ကွဲမှုကြီးအဆင့်သို့ ရောက်ရှိသွားကြလေသည်။

မိန်းမက မိမိလင်သားကို နှိမ့်ချပြောလာသည်။

"ရှင် ဘာအသုံးကျလို့လဲ"

"အေး. . . မင်းက အသုံးမကျတဲ့ကောင် ယူထားတာကိုကွ။ တော်ပြီကွာ၊ မိန်းမတစ်ယောက်ရယ်လို့ ယူလိုက်တာ

တစ်ဆွေလုံးတစ်မျိုးလုံး ယူထားရသလို အမွေးအတောင်ပေါက်
မယ်မှ မကြဲသေးဘူး၊ ဝိုင်းနှိပ်စက်လိုက်ကြတာ။ ဒါလဲ မိန်းမက
သဘောမပေါက်ဘူး။ ကျေးဇူးတရားလည်း နားမလည်ဘူး။'

"အို လင်ယူမယားယူတာဘဲ ဘာကျေးဇူးနားလည်
ရမှာလဲရှင့်။ ရှင်ကော သူများသားသမီး ယူထားတာ မိန်းမ
အပေါ် ဘာ ကြင်နာခဲ့လို့လဲ။"

" နေစမ်းပါဦး၊ မိန်းမအပေါ် မကြင်နာရအောင် ငါက
ဘာတွေလုပ်နေလို့လဲ"

"အို ရှင်မကြင်နာတာ အစစအရာရာပဲတော့။ ကျုပ်က
ရှင်နဲ့ စည်းကတည်းက ရှင့်အကြောင်းသိတာ။ ပုစွန်တုပ်မဲ့ရှိုက်
ဆုံးဖြတ်တုန်းကတည်းက ရှင်ဟာ ရှင့်ဖက်ယိမ်းထားတော့
ရှင့်ဖက်ပဲလဲတာပေါ့တော့။ ကျုပ်က ပုစွန်တုပ်ကြီးလဲကတည်း
က ကျုပ်အသည်းကွဲခဲ့တာ တော်ရေ့"

လင်မယား ကတောက်ကဆဖြစ်ဖန်များ၍ ရိုးနေသည်
လည်း တစ်ကြောင်း၊ စိတ်ချဉ်ပေါက်ပြီး အရှိန်တက်နေသည်က
တစ်ကြောင်းတို့ဖြင့် နှစ်ဦးစလုံး စိတ်လွတ်လက်လွတ် ပြောထည့်
ကြသည်။ ယောက်ျားကလည်း ' ဒီမိန်းမ ဒါလေးကအစ အနာ
အတေးထားတယ် ' ဟုမိန်းမအား နာကျည်းမှု များသွားသည်။
တောက်တစ်ချက်ခေါက်၍ အိမ်ပေါ်ကနေ အကျီအဝတ်အစား

လဲဆင်းသွားသော လင်အား မယားက 'ကြွ- ကြွ' ဟု ငေါ့လိုက်သေးသည်။

ထောက်ထားငဲ့ညှာစရာ သားသမီးကလည်း မရှိ ပြန်လည်စေ့စပ်ပေးမည့်သူလည်း မရှိ။ ထိုနေ့ကစ၍ ထိုလင်မယားတို့ ကွဲကွာသွားကြသည်မှာ ယနေ့အထိ ကြေးရွှေဂဟေ ပြန်လည် မစပ်ကြတော့ပေ။



ရိုက္ခာမရ စိတ်အနာရ

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် မင်းကြီးသည် သားတော်အား ဘေးပယောဂ များကြောင့် ထီးနန်းလုယူမည်စိုးသဖြင့် နယ်နှင်၍ ထားလေသည်။ မင်းသားသည် ကြင်ယာတော်မင်းသမီးနှင့်အတူ တိုင်းစွန် ပြည်နား လယ်သမား ရွာတစ်ရွာတွင် သွားရောက်နေထိုင်ရလေသည်။

နှစ်အတန်ကြာ၍ ခမည်းတော်ကြီး နတ်ရွာစံပြီဟု ကြားသိရသောအခါ သားတော်မင်းသားနှင့် ကြင်ယာတို့သည် နေပြည်တော်သို့ ပြန်ခဲ့ကြလေ၏။ လမ်းခရီး နားစခန်းတစ်ခု ရောက်ရှိသည့်အခါ မင်းသားနှင့်မင်းသမီးတို့သည် နားကြရင်းနှင့် အိမ်ရှင် လယ်သမားကြီး စီစဉ်ပေးလိုက်သော စားမြိန်စာထုပ်ကိုဖြေ၍စားသည်။ စားမြိန်စာထုပ်က တစ်ထုပ်တည်းဖြစ်ရာ မင်းသားသည် စားရင်းစားရင်းနှင့် ကြင်ယာတော်အား မကြွေးမိဘဲ တစ်ဦးတည်း စားပစ်လိုက်မိလေသည်။ မင်းသမီးသည် ဆာလောင်နေသော်လည်း မြိုသိပ်ကာသာ နေလိုက်လေသည်။

နေပြည်တော်သို့ ရောက်ရှိသော် မင်းသားသည် ရာဇာ ဘိသိက်သွန်းမြောက်ခံရပြီး ဗြဟ္မဒတ်မင်းကြီး၏ အရိုက်အရာ ကို ဆက်ခံခဲ့လေသည်။ မူလကြင်ယာတော်မင်းသမီးသည် လည်း မိဖုရားခေါင်ကြီး နေရာရရှိကာ ဗာရာဏသီပြည်ကို မင်းမိဖုရား နှစ်ပါး စိုးစံအုပ်ချုပ်ကြလေ၏။

ဗာရာဏသီမင်း၏ ကြင်ယာတော်မင်းသမီးမှာ မိဖုရား ခေါင်နေရာ ရရှိချီးမြှောက်ခံရငြားပါသော်လည်း နေ့စဉ်ပင် ရင်ထဲ တစ်အုံ့နွေးနွေး ခံစားနေရသော အကြောင်းရှိလေ၏။ အကြောင်းမှာ မိဖုရားကြီးသည် ရှင်ဘုရင်၏ ကြင်နာမှု ယုယမှု မခံစားရသောကြောင့် ဖြစ်ပေ၏။ ရှင်ဘုရင်က ချီးမြှောက် ပေးကမ်းသည်ဟူ၍ ဘာတစ်ခုမျှ ရဖူးခြင်းမရှိပေ။ မိန်းမတို့ ဘာဝ မိမိလင်ယောကျ်ား၏ ကြင်နာမြတ်နိုးမှု အရိပ်လက္ခဏာ ခံစားပိုင်ဆိုင်ချင်ကြသည် မဟုတ်လား။

ရှင်ဘုရင်၏ ပညာရှိအမတ်ကြီးကလည်း ထိုအကြောင်း ကို သိရှိနားလည်သဖြင့် မိဖုရားနှင့် တိုင်ပင်၍ ဇာတ်တိုက်ထား ကြသည်။ ပညာရှိအမတ်ကြီးနှင့် မိဖုရားကြီးတို့သည် ရှင်ဘုရင် ၏ရှေ့မှောက်၌ အတိုင်အဖောက်ညီညီ စကားပြောကြရန် ဖြစ်လေသည်။ တစ်နေ့တွင် ဘုရင်ကြီး ရွှေစိတ်တော် ကြည်သာ နေခိုက် ဘုရင့်အနီးတွင် ထိုင်နေသော မိဖုရားခေါင်ကြီးအား ပညာရှိအမတ်ကြီးက မေးမြန်းလေသည်။

"အရှင်မ မိဖုရားခေါင်ကြီး အရှင်မတို့သည် အလွန်ရက်ရောကြပါကုန်လျက် သက်ကြီးရွယ်အို အဖိုးအဖွားတို့အားဝတ်စုံဖြစ်စေ၊ စားသောက်ဖွယ်ဖြစ်စေ ပေးကမ်းမှု ပြုသင့်သည်ထင်ကြောင်းပါ အရှင်မကြီး။"

" ပညာရှိ အမတ်ကြီးရယ်. . . . . ဒီမေးခွန်းကို အမတ်ကြီးပဲ မေးရက်ပလေတယ်။ အမတ်ကြီးလည်း သိသားနဲ့။ အမတ်ကြီးတို့ ဘုရင်မင်းမြတ်က ခ်ီးမြှင့်ပေးသနားခြင်း တစ်စုံတစ်ရာမှ မရှိဖူးပဲ၊ အရှင်မအနေနှင့် ဘာကိုပေးကမ်းလို့ ဘာကိုလျှောဒါန်းသမှု ပြုနိုင်မှာလဲ အမတ်ကြီးရယ်"

" အဘယ်သို့ ဆိုပါသလဲ အရှင်မ။ အရှင်မတို့သည် ဘုရင်မင်းမြတ်ရဲ့ မိဖုရားခေါင်ကြီး မဟုတ်ပါသလော"

"အမတ်ကြီးပြောတဲ့အတိုင်း မိဖုရားခေါင်ကြီးတော့ ဟုတ်ပါတယ် ပညာရှိအမတ်ကြီး။ သို့ပေမယ့် ရာထူးသာရပြီး ဘာတစ်ခုမှ မရတဲ့ မိဖုရားခေါင်ကြီးဆိုတာလည်း အမတ်ကြီး သိမှာပါ။ အမတ်ကြီးတို့ ရှင်ဘုရင်ဟာ သူ့မိဖုရားကို ယခုအချိန်ထိခ်ီးမြှင့်မြှောက်စားဖို့ အသာထားဦး။ ဇနပုဒ်လယ်တောကနေ နေပြည်တော်သို့အလာ လမ်းမှာ ပါလာတဲ့ စားမြိန်စာထုပ်ကို တောင် ဘေးကကြင်ယာကို မျှကျွေးဖို့ မစဉ်းစားခဲ့ဘူး ပညာရှိ အမတ်ကြီးရဲ့"

မိဖုရားကြီးနှင့် ပညာရှိအမတ်ကြီးတို့သည် ရှင်ဘုရင်ကို ဘေးမှာထားပြီး တည့်တည့်ကြီး တရားစောင်းခုတ်၍ ခနဲ့နေကြလေသည်။ ဘုရင်ကြီးမှာလည်း စိတ်ကောင်းနေချိန်မို့ ပြုံးရွှန်းထောင်ရင်း ထိုစဉ်ကအကြောင်းကို ပြန်အမှတ်ရနေလေသည်။

ပညာရှိအမတ်ကြီးသည် ဗြဟ္မဒတ်မင်းကြီး၏ အရိပ်အကဲကို ရှုဆင်ခြင်ရာ အခွင့်သာသည်ကို သိသဖြင့် မိဖုရားအား ဆက်၍ လျှောက်တင်လေသည်။

' လျှောက်တင်ဝံ့ပါသည် အရှင်မ မိဖုရားခေါင်ကြီး။ အရှင်မအား ဗြဟ္မဒတ်မင်းကြီးက စုံမက်မှု ရှိမှရှိပါသလော။ စုံမက်မှုမရှိလျှင် သည်အရပ်မှာ နေသဖြင့် ဘာအကျိုးရှိနိုင်မှာ တဲ့လဲ အရှင်မ။ လောကတွင် မချစ်မနှစ်သက်သူနှင့် ယှဉ်တွဲပေါင်းဖော်နေရခြင်းသည် ဆင်းရဲခြင်းမည်ပါသည်။ ဘုရင်ကြီးအဖို့လည်း ဆင်းရဲမည်သာဖြစ်ပါသည် အရှင်မ။ ဤကမ္ဘာကြီးသည်အကျယ်ကြီးပါ။ ငှက်တွေဟာ သစ်ပင်မှာ စားစရာ အသီးကုန်သွားရင် သစ်ပင်ကို စောင်းငဲ့လို့တောင်မကြည့်တဲ့ အခြားအသီးရှိရာ သစ်ပင်ဆီ ထွက်သွားကြတယ်မဟုတ်လား '

ပညာရှိအမတ်ကြီးသည် မိဖုရားကြီးအား မြှောက်ပင့်အပြောကလေးပါ ထည့်ပေးသည်။ ပညာရှိအမတ်ကြီး၏ ပြော

စကားမျှားသည် ဗြဟ္မဒတ်မင်းကြီးအား တိုက်ရိုက်ထိမှန်လေ၏။ ဘုရင်ကြီးအား အိမ်နီမ့်စ်ဘဝကို ပြန်လည်သတိရစေပြီး မိဖုရားခေါင်ကြီးအား ချစ်ခင်စုံမက်မှု ထပ်ဆင့် ဖွံ့ဖြိုးလာစေတော့သည်။

ပညာရှိအမတ်ကြီး၏ ကောင်းမှုကြောင့် ထိုနေ့မှစ၍ မိဖုရားကြီးသည် မိဖုရားခေါင်တစ်ဦး၏ စည်းစိမ်အပြည့်အဝ ရရှိ၍ အသက်ထက်ဆုံး မင်းမိဖုရားတို့ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ တိုင်းပြည်အုပ်ချုပ် နေထိုင်သွားကြလေသတည်း။

(၂၂၃။ ကာသာဝ ဝဂ်။ ပုဋ္ဌဘတ္တဇာတ်)

အရှက်ကြီးသူ ဘေးလူကူမှ ဝိန်းမရ

ရဟန်းတွဲ့ဦးသြဘာသ တဖြစ်လဲ ရွှေကျောင်းမပျော်လူပြန်တော် ဆရာကလေး ကိုအေးမောင်သည် လူကသာ မြန်မာဆေးဆရာ တစ်ဦးလုပ်ပြီး လူမျိုးပေါင်းစုံနှင့် ဆက်ဆံနေရသည်။ အရှက်အကြောက် အင်မတန်ကြီးသူဖြစ်သည်။ ရဟန်းဘဝက ထွက်လာတာကိုက အရှက်နှင့်မကင်း။ လူကြားထဲ စကားပြောရ တရားဟောရသည့်အလုပ်ကို ရှက်ကြောက်သဖြင့် လူထွက်ခဲ့သည်ဟု မကြာမကြာ ပြောတတ်လေသည်။

ရဟန်းဘဝက ပရိယတ္တိစာပေ မသင်ခဲ့ဘဲ ဗိန္ဓောဆေးပညာဘက် အားသန်ပြီး လေ့လာလိုက်စားခဲ့၍ ထိုပညာလေးဒဏ်းကိုးဖြင့် လူထွက်ခဲ့ပြီးနောက် လူ့ဘဝရောက်ရှိခဲ့သည်မှာ လေးငါးခြောက်နှစ် ရှိပြီဖြစ်သော်လည်း ယခုထိ လူပျိုကြီးဘဝနှင့်သာရှိသေးသည်။ သူ့အားကြိုက်သူ မရှိ၍မဟုတ်။ လူပျိုစစ်စစ် သန့်သန့်ဖြူဖြူ ကိုအေးမောင်အား ခိုး၍ကြိုက်နေသော အပျိုပေါက် ကောင်မကလေးများပင် ရှိသည်။ ကျေးလက်တောရွာတွင် မြန်မာဆေးဆရာအလုပ်မှာ ဝင်ငွေအတန်အသင့်နှင့်ဂုဏ်မင်ယ်လှသဖြင့် မိကောင်းဖခင် သမီးရှင်တို့လည်း နှစ်သက်ကြ၏။ သို့သော် မောင်မင်းကြီးသား ဆေးဆရာဖက်က ခက်နေသည်။

ဆေးဆရာသည် လူနာမိန်းမပျိုအား လက်ကောက်ဝတ်ကိုကိုင်၍ သွေးစမ်းခြင်းနှင့် နဖူးကို လက်ဝါးဖြင့်စမ်း၍ ကိုယ်ပူရှိန်ခန့်မှန်းခြင်းတို့ကို လူနာတစ်ဦးအပေါ် ဆေးဆရာတစ်ဦး၏ စိတ်ထားသန့်ဖြင့် ရဲရဲဝံ့ဝံ့ ပြုမူသော်လည်း သာမန်မိန်းကလေးတစ်ဦးအားမူ ဟိုစိတ်သည်စိတ်ဖြင့် စေ့စေ့မျှကြည့်ရဲသူမဟုတ်ပေ။ စကားကိုလည်း မေးလွန်းမှ ပြောလေ့ရှိသည်။ လူထူလျှင် ထိုနေရာ၌ ကြာကြာနေလေ့ မရှိပေ။

မအေတစ်ခုသားတစ်ခု ဖြစ်သည်နှင့်အညီ အသက်အရွယ်ကြီးရင့်ပြီဖြစ်သော မိခင်က မိဘတို့ဝတ္တရားအတိုင်း ဆရာလေး ကိုအေးမောင်အား အိမ်ထောင်ပြုရန် နားချ၏။

'အမေကလည်း ရှက်စရာကြီးဗျာ၊ ဘာလဲ အမေက ကျွန်တော်နဲ့ မနေချင်ခတ္တဘူးလား' ဟု ပတ္တောာ -ပိတ်ပြုလုပ်ရာ မိခင်မှာ သည်အကြောင်း နောက်ထပ် မဟာရဲတော့ပေ။ ကျောင်းနေဖက်သူငယ်ချင်းများက ဘာကြောင့်မိန်းမမယူသေးတာလဲ မေးသည့်အခါ ဆရာကိုအေးမောင် ဖြေကြားသည့်အဖြေမှာ ရယ်စရာလည်းကောင်း၏။

"မိန်းမယူတာတော့ ဟုတ်ပါပြီ ကိုယ့်လူတို့ရာ၊ ညအတူအိပ်ကြပြီး မနက်ကျ ဒီ မျက်နှာတွေကြည့်ပြီး မျက်နှာဘယ်လိုလုပ်ထားရမလဲဆိုတာ စဉ်းစားမရဘူး"

ကျောင်းနေဖက် သူငယ်ချင်းများက ပြန်ပြောကြသည်။

"ခင်ဗျားဥစ္စာကလည်း မဟုတ်သေးပါဘူး။ အစတော့လဲ ဒီလိုပဲပေါ့။ နောက်တော့လဲ ရိုးသွားမယ့်ကိစ္စပဲဗျာ"

"မဖြစ်ပါဘူးကွာ။ ငါက မိန်းကလေးတွေနဲ့ အလိုက်သင့် အလျားသင့် မပြောတတ်တာက ခက်တယ်"

'ကဲဗျာ- ခင်ဗျား မိန်းမတော့ ယူဦးမယ် မဟုတ်လား'

ဆေးဆရာက ဝန်လည်းမခံ၊ ငြင်းပယ်ခြင်းလည်း မပြု။ မတုန်မလှုပ် ပြုံးဖြီးဖြီးကြီး လုပ်နေသည်။

"ခက်တယ်ဗျ။ ခင်ဗျားမှာလည်း နှမသားချင်းကလေးပါလာတာ မဟုတ်ဘူး။ ဝမ်းကွဲညီတွေတောင် အိမ်ထောင်ကျနေပြီ။ ခင်ဗျားရဲ့ လုံချည်, အင်္ကျီတွေ ခင်ဗျားအမေက လျှော်လျှော် နေရတာ မသင့်ပါဘူး။ ဘာမှ ပြောမနေနဲ့ဗျာ။ ခင်ဗျားစိတ်ထဲက ဘယ်သူ့ကို ကြိုက်နေတယ်ဆိုတာ ကျွန်တော်တို့သိပါတယ်။ ကျွန်တော်တို့စိမ်ရာသာ ခင်ဗျားလိုက်တော့ဗျာ"

ဆရာ ကိုအေးမောင်မှာ ရှက်ကလည်းရှက်။ သည်ကိစ္စတွင် ဘာပြန်ပြောရမည်ကိုလည်း မသိသဖြင့် 'ဟောဗျာ ခင်ဗျားတို့ကလဲ' ဟုပြောပြီး ကျောင်းနေဖက် သူငယ်ချင်းများ၏ မျက်နှာကိုပင် မကြည့်ရဲတော့သလို မျက်နှာလွှဲပစ်သည်။ ငယ်သူငယ်ချင်းများကလည်း နားလည်ပါသည်။

"ကဲ- ကဲ- ခင်ဗျားတို့ကလဲ ဘာလဲ လုပ်မနေနဲ့။ ကျွန်တော်တို့ကလဲ ဒီအမျိုးသမီးနဲ့ဆို သဘောတူပြီးသား။ သူ့ရဲ့ မိဘဆွေမျိုးတွေကလဲ ငြင်းကြမှာမဟုတ်ဘူး။ တစ်ရွာလုံးလည်း သဘောတူမှာပါ။ ဒီကိစ္စ ကျွန်တော်တို့ စီမံမှုဖြစ်မယ်။ ဒါပဲ။"

တစ်နေ့တွင် ဆေးဆရာနှစ်သက်သော မိန်းကလေး၏ အိမ်သို့ ဆေးကုသသွားရန် အကြောင်းပေါ်လာသည်။ မိန်းကလေး၏ မိခင်အား မီးယပ်ရောဂါ ဆေးကုသပေးရမည် ဖြစ်သည်။ ဆေးဆရာအား လာပင့်သူမှာ ဆေးဆရာ၏ သူငယ်ချင်းပင် ဖြစ်သည်။ လမ်းတွင် သူငယ်ချင်းက စည်းဝါးကိုက်၍ စကား သင်ပေးသည်။

"ဆရာနှင့်တွေ့မှ အားလုံးရောဂါပျောက်သွားမှာမို့ မစိုးရိမ်ပါနှင့်။ ဒါထက် ခက်ခဲတဲ့ နှလုံးသားရောဂါကိုတောင် ကုပေး နိုင်တာ ယုံပါ။ ရိုးမြေကျထိ မသွေတမ်းပါ "

ဆေးကုသပြီး၍ မိန်းကလေးက ဆေးဆရာအား အိမ်ဝအထိ လိုက်ပို့သည့်အခါ သင်ပေးထားသည့် စကား အတိုင်း ပြောရန်လည်း မှာကြားထားသည်။

ဆေးဆရာမှာ ခါတိုင်းကဲ့သို့ လူနာတစ်ဦးနှင့်တွေ့ရန် လာသော ဆရာ့သမာဓိမျိုးနှင့် ခြားနားနေသည်။ စိတ်လှုပ်ရှား နေသည်။ အိမ်ပေါ် စတက်ကတည်းက ရှိုးတိုးရှန့်တန့်

အမူအရာနှင့် အလွဲလွဲအချော်ချော် ဖြစ်နေသည်။ ဖိနပ်ကို ဖိနပ်ချွတ်တွင် ချွတ်ရမည့်အစား အိမ်မပေါ် အထိ စီးလာသဖြင့် ကျောင်းနေဖက်သူငယ်ချင်းက လက်ကုတ်၍ သတိပေးရသည်။

လူနာမှာ လူကြီးရောဂါမီးယပ်ဖြစ်သည်။ လောလော ဆယ်သက်သာမည့် စားဆေး၊ လိမ်းဆေး၊ ရှူဆေးများ ပေး၍ ဆေးကုသမှုပြုသည်။ ဆေးကုသပြီးစီး၍ ဆေးဆရာပြန်သော အခါ တွေးထင်ထားသည့်အတိုင်း မိန်းကလေးက အိမ်ပေါက်ဝ သို့ ပို့ဆောင်နှုတ်ဆက်သည်။

ဆေးဆရာသည် သူငယ်ချင်း သင်ပေးထားသည့် အတိုင်း အခွင့်အရေးကို လက်လွတ်မခံဘဲ ပြောရှာပါသည်။ အခွင့်အရေး လက်မလွတ်သည်ကတော့ မှန်ပါသည်။ သို့သော် ဆေးဆရာသည် ရှက်စိတ်ဖြင့် မွန်ထူနေရကား အဓိပ္ပါယ်တွေ တလွဲတချော်ဖြစ်ကုန်သည်။

" ဆရာနှင့်တွေ့မှ အားလုံး ကိစ္စချောသွားရစေ့မယ်၊ လူပါ နှလုံးရောဂါပါ ပျောက်သွားစေရမယ်၊ သခ္ခါ့ရှင်းမှာ အရိုးဆွေး တဲ့အထိ စိတ်ချနော်"

ဆေးဆရာကား သူ့စကားအဓိပ္ပါယ် ဘယ်ရောက် နေသည်ကို သိရှိပုံမပေါ်။ မိန်းကလေးက ' အို. . ' ဟု ဆိုပြီး မျက်နှာပျက်သွားမှ ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

ဆေးဆရာအနီးမှ ကျောင်းနေဖက်သူငယ်ချင်းမှာ မနေသာတော့။ ' ကဲ. . မထူးတော့ပါဘူး' စကားအစချီကာ ဆေးဆရာကိုယ်စား ရည်းစားစကား ဝင်ပြောပေးရသည့်ကိန်း ဆိုက်သွားတော့သည်။

ဆေးဆရာမှာ ရှက်စိတ်ဖြင့် မျက်နှာနီရဲနေကာ ထိုနေရာမှ တစ်ချီးတည်း သုတ်ချေတင်တော့သည်။

သို့သော် အဖြေကားကောင်းပါသည်။ ထိုမှစ၍ ဆေးဆရာကိုအေးမောင် နှင့်မိန်းကလေးတို့သည် သမီးရည်းစားများ ဖြစ်သွားကြပြီး လူကြီးမိဘများ သဘောတူ လက်ထပ်ထိမ်းမြားပေးသည့် ဇနီး မောင်နှံအဖြစ် ရာသက်ပန် ရည်စူးသွားနိုင်ခဲ့ကြပေသတည်း။



တောသားရှက်ကြောက်တော့ ပြောစကား အဆက်ပျောက်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိတိုင်းဝယ် လယ်ယာလုပ်ငန်း လုပ်ကိုင်သော ပုဏ္ဏားမျိုးဌာဖြစ်လေသည်။ အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ပညာသင်ကြား တတ်မြောက်ပြီးလျှင် မိဘတို့အား ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်စေရန် အကြံဖြင့် ဘုရားလောင်းသည် ဗာရာဏသီပြည်သို့သွား၍ ဗြဟ္မဒတ်မင်းကြီးထံ ဝင်ရောက်ခစားလေရာ မင်းကြီး၏ ချစ်မြတ်နိုးမှုကို ခံရလေသည်။

ဘုရားလောင်း၏ ဖခင် သောမဒတ္တပုဏ္ဏားသည် လယ်ယာလုပ်ငန်း လုပ်ကိုင်ရင်း နွားနှစ်ကောင် (နွားတစ်ရှည်း) ရှိသည့်အနက်မှ နွားတစ်ကောင်သည် ရောဂါဖြင့် ကောက်ကာ ဝင်ကာ သေဆုံးသွားလေသည်။

နွားနှစ်ကောင်ဖြင့် ထွန်ယက် လုပ်ကိုင်နေရသော သောမဒတ္တပုဏ္ဏားအဖို့ လယ်ထွန်ဖို့ရာအတွက် အခက်အခဲနှင့် ကြုံရရှာလေသည်။ ထိုအကြောင်းကို မင်းခယောက်ျားဖြစ်နေသော သားလုပ်သူထံ လာရောက်တွေ့ဆုံ၍ ဗြဟ္မဒတ်မင်းကြီး

ထံမှ နွားတစ်ကောင် ရရှိနိုင်ဖို့ရာ အသနားခံပေးရန် ပုဏ္ဏားကြီး က သားအား ပြောရှာသည်။

"ဖခင် ကျွန်တော့်မှာ မင်းကြီး၏ ချစ်ခင်ယုံကြည်မှု ရရှိသည်မှာ မကြာသေးသဖြင့် တောင်းခံပေးဖို့ရာ မသင့်ပါ။ မင်းတို့မည်သည် အလိုတော်မကျပါက အမျက်တော်ရှသွား နိုင်ပါသည်။ ဖခင်ကိုယ်တိုင်သာ တောင်းပါက သင့်လျော်ပါ မည်ဖခင်"

သားက ချင့်ချင့်ချိန်ချိန် ပြောပြသည့်အခါ ပုဏ္ဏားကြီး ကလည်း သူ၏အားနည်းချက်ကို တင်ပြရှာ၏။

"မှန်တယ် ငါ့သား။ သို့သေသိ ဖခင်အကြောင်းလဲ ငါ့သား အသိသားနဲ့။ လူနှစ်ယောက် သုံးယောက် ရှိရင်ပဲ စကား ပြော်ဖို့ရာ ရှက်ရွံ့နေတဲ့သူက ဘယ်လိုလုပ်ပြီး မင်းကြီးဆီမှာ နွားတစ်ကောင် တောင်းဝံ့မှာလဲ ငါ့သားရယ်"

"ဘာပဲဖြစ်ဖြစ် ဖခင်၊ ကျွန်ုပ်အနေနှင့် နွားတစ်ကောင် တောင်းပေးရန်မှာ မသင့်ပါ။ ဖခင်သာ နန်းတော်ထဲ လိုက်ခဲ့ပါ။ မင်းကြီးရှေ့မှောက် ရောက်တဲ့အခါ အကျွန်ုပ် သင်ပေးထားတဲ့ အတိုင်းသာ ရွတ်ဆိုလိုက်ရင် ပြီးရောပဲ ဖခင်။ ခက်စရာမရှိပါ ဖခင်"

နောက်ဆုံးတွင် သားကနားချသည့်အတိုင်း ပုဏ္ဏားကြီးမှာ ရင်လေးလေးနှင့် လက်ခံလိုက်ရရှာသည်။

သားအဖနှစ်ယောက် ဗီရဏာထမ္ဘက သုသာန်သို့ ရောက်ဖြစ်ကြသည်။ သမန်းမြက်ဖုတ်များကို အစည်းများပြု၍ ဤကားမင်းကြီး၏ ရာဇပလ္လင်ရှိသည့်နေရာ၊ ဤကားအိမ်ရှေ့မင်းသားခစားသည့်နေရာ၊ ဤကားစစ်သူကြီး ခစားသည့်နေရာ စသည်ဖြင့် သားက ဖခင်ပုဏ္ဏားကြီးအား နန်းတွင်းအနေအထားကို မှတ်သားစေသည်။ ထို့နောက်မှ ဖခင်ဖြစ်သူ နေရမည့်နေရာကို ပြ၍ နန်းတော်တွင်းရောက်လျှင် 'အောင်ဇေယျတု-ပါ အရှင်မင်းကြီး ဟု-ဦးစွာ နှုတ်ခွန်းဆက်ပြီးပါမှ ဤဂါထာကို ရွတ်ဆိုပါ' ဟု ဖခင်ပုဏ္ဏားကြီး ရွတ်ဆိုမည့် ဂါထာကိုသင်ပေးသည်။

ဂါထာ၏အဓိပ္ပါယ်မှာ- 'မင်းမြတ် အကျွန်ုပ်တွင် နွားနှစ်ကောင် မူလက ရှိခဲ့ပြီး ဒီ နွားနှစ်ကောင်နှင့် လယ်ကလေးကို ထွန်ယက်လုပ်ကိုင်စားနေရာက နွားတစ်ကောင်မှာ ယခုအခါ သေဆုံးသွားသည့်အတွက် အရှင်မင်းမြတ်က အဖက် နွားတစ်ကောင် ပေးသနားတော်မူပါမှ အကျွန်ုပ်မှာ ထွန်ယက်လုပ်ကိုင်စားသောက်၍ အရှင်မင်းကြီးတို့အားလည်း အခွန်ဆက်သနိုင်မည် ဖြစ်ပါသည် အရှင်မင်းမြတ်' ဟူ၍ဖြစ်သည်။

ထိုဂါထာကို သောမဒတ္တပုဏ္ဏားကြီးသည် တစ်နှစ်ပတ်လုံး ကျက်မှတ်သင်ယူခဲ့ရသည်။ ပွဲမဝင်မီ အပြင်တွင် ကျင်းပဆိုသည့်အတိုင်း အကြိမ်ကြိမ် ဇာတ်တိုက်ပြီး၍ သေချာပြီဆိုသောအခါ သားလုလင်သည် ဖခင်အား သင့်တင့်လျောက်ပတ်သော လက်ဆောင်ပဏ္ဏာကို ယူစေ၍ ဗြဟ္မဒတ်မင်းကြီး၏ထံမှောက်သို့ ခေါ်သွင်းလာခဲ့သည်။

"အောင်ဇေယျတု-ပါ အရှင်မင်းကြီး"

ဗွေဆော်ဦး အဆင်ချောနေပြီမို့ လုလင်မှာ ကျေနပ်သွားသည်။ ပုဏ္ဏားကြီးမှာ လုလင်၏အနီးတွင် ခစားနေသဖြင့် မင်းကြီးက လုလင်အားမေးသည်။

"လုလင် ဤပုဏ္ဏားကြီးသည် လုလင်နှင့်မည်သို့ တော်စပ်ပါသလဲ"

"အကျွန်ုပ်၏ ဖခင်ဖြစ်ပါသည် အရှင်မင်းကြီး"

"ကောင်းပြီ-အသင်ပုဏ္ဏား၊ အဘယ်အကြောင်းဖြင့် ငါကိုယ်တော်ထံမှောက် အခစား ရောက်ရှိလို့ လာပါသလဲ။ လျှောက်ထားစရာရှိလျှင် လျှောက်တင်စေ"

ဗြဟ္မဒတ်မင်းကြီးထံမှ အခွင့်ရလျှင် ပုဏ္ဏားကြီးသည် စိတ်လှုပ်ရှားမှုများစွာဖြင့် မိမိတစ်နှစ်ပတ်လုံး ကျက်မှတ်ခဲ့သော ဂါထာကို ရွတ်ဆိုလိုက်လေသည်။

"အရှင်မင်းမြတ်၊ နွားနှစ်ကောင်နှင့် အကျွန်ုပ် လယ်ကို ထွန်ယက်လုပ်ကိုင်ခဲ့ရာမှ ယခုအခါ နွားနှစ်ကောင်အနက် တစ်ကောင်မှာ သေဆုံးသွားခဲ့ရာ ကျန်ရှိသော နွားတစ်ကောင်ကို အရှင်မင်းကြီး သိမ်းယူတော်မူပါ အရှင်မင်းကြီး"

သွားပြီ။ ပုဏ္ဏားကြီးသည် အကြောက်လွန် အရှက်ကြီးပြီး လျှောက်တင်မှားလေပြီ။ ဂါထာတွင် ဒေဟီ-အသနားခံသည့် အဓိပ္ပါယ်မှ ဂဏ္ဍ -သိမ်းယူတော်မူပါ အဓိပ္ပါယ်သဘော လွဲချော်ခဲ့လေပြီ။

ဂါထာကို နှုတ်တက် ကိုယ်တိုင်သင်ပေးခဲ့သော သားလုလင်မှာ မင်းကြီးရှေ့မှောက်ဖြစ်၍ ဖခင်၏အမှားကို ပြုပြင်ပေးရန် မဝံ့ရဲပေ။ တော်ပါသေး၏။ ဗြဟ္မဒတ်မင်းကြီးက လုလင်အားကြည့်၍ ပြုံးရယ်တော်မူ၏။

"လုလင်. . . သင်တို့အိမ်၌ နွားတွေ အလွန်များယောင်တကား"

မတတ်သာတော့။ ဖခင်ကြီး၏ စကားအမှားကို ပြန်ဖုံး၍ လျှောက်တင်ရန်အခွင့်ကို သောမဒတ္တလုလင် ရရှိလိုက်ခြင်းပင်ဖြစ်သည်။

"မှန်လှပါ အရှင်မင်းမြတ်၊ အရှင်မင်းကြီး ပေးသနားတော်မူသော် နွားတွေ များပြားပါမည် အရှင်မင်းကြီး"

သောမဒတ္တလုလင် အလျှောက်ကောင်းသွားသည်ပဲ ဆိုရမည်လား။ ဗြဟ္မဒတ်မင်းကြီးသည် လုလင်၏လျှောက်တင်ချက်ကို နှစ်သက်သွားကာ သောမဒတ္တလုလင်၏ ဖခင်ပုဏ္ဏားကြီးအား တောင်းခံသည်ထက် အဆများစွာ တိုး၍ နွားစ(၈)ရှည်း(၁၆-ကောင်)ကို ပေးသနားလိုက်ရုံသာမက ပုဏ္ဏားကြီးနေသောရွာကိုပါ အပိုင်စားပေးလိုက်လေသတည်း။

(၂၁၁။ ဗီရဏထမ္ဘဝဂ်။ သောမဒတ္တဇာတ်)



အနောက်သန် လုံ့တန်းလန်း

အောင်ညီတစ်ယောက် မြို့ဆေးရုံတွင် ကွယ်လွန်သွားပြီ ဖြစ်ကြောင်း ရွာသို့ သတင်းရောက်လာသဖြင့် တစ်ရွာလုံး စိတ်မကောင်းကြ။ ရွာဦးကျောင်းဆရာတော်ကဆိုလျှင် သူ့တပည့်အတွက် စိတ်မကောင်းရင်း 'ဒီကောင် လူ့ဘုံမှာ နောက်တာအားရလို့ တစ်ခြားဘုံမှာ သွားနောက်ဦးမယ့် ကောင်' ဟုညည်းညူ ပြောရှာသည်။

ရွာကလူများသည် အောင်ညီအား ချစ်ခင်ကြ၏။ အောင်ညီနှင့် တွေ့လျှင် မည်သူမဆို ပျော်ရွှင်သွားသောကြောင့် ဖြစ်သည်။ သို့သော် လူကြီးလူငယ်မရွေး အနောက်သန်သူ အောင်ညီအား လန့်လည်း လန့်ကြလေသည်။

အောင်ညီကလည်း လူနောက်မှ လူနောက်။

ဘုန်းကြီးကျောင်းသားဘဝ ငယ်ငယ်ကတည်းက ကျောင်းသား အချင်းချင်းအပေါ် အနောက်သန်လွန်းသဖြင့်

တစ်ဖက်မှ မခံနိုင်ဘဲ ဘုန်းတော်ကြီးနှင့် တိုင်တန်းခံရကာ မာန်မဲ ရိုက်နှက် ဆုံးမခံရဖူးပေါင်းလည်း မနည်းလှပေ။ အိပ်ပျော်နေသော ကျောင်းသား၏ ခြေမကြားတွင် လဲမွှေ့ ညှပ်၍ မီးရှို့ပြီးထားရာ လဲမွှေ့မီးက တင်ွေ့ငွေ့လောင်ပြီးနောက် မီးပူ၍ ထိုကျောင်းသား လန့်နိုးသော် အနီးရှိ သူများမှာ အောင်ညီအစား တရားခံတွေ့ဖြစ်ကာ ဘုန်းတော်ကြီး အရိုက်ခံ ထိသူများလည်း မနည်းပေ။

အောင်ညီသည် နောက်သည့် နေရာတွင် ဆရာ ဘုန်းတော်ကြီးပင် မချန်ပေ။ ဘုန်းတော်ကြီး၏ ငယ်စဉ်က လူအမည်မှာ မောင်ဖိုးထင်ဖြစ်သည်။ ဒါကို အောင်ညီက လူကြီး တွေထံမှ သိထားပြီးသကာလ ကျောင်းသားငယ်များအား ပေါက်တီးပေါက်ရှာ အင်္ဂလိပ်စာလုံး ပေါင်းခိုင်းသည်။ မအူမလည် ကျောင်းသားများကလည်း အောင်ညီ သင်ပေး သည်ကို အဟုတ်ထင်မှတ်ပြီး အသံကျယ်ကျယ်နှင့် စာလုံး ပေါင်း၍ ဆိုကြသည်။

"အမ်, ဂျီ-မောင်၊ ပီ, အိပ်ချ်, အို-ဖိုး၊ ထဆင်ထူးရေ ငသတ်ထင်၊ မောင်ဖိုးထင်"

နောက်ဆုံးတွင် ဘုန်းတော်ကြီးက ငေါက်ငန်းတားမြစ်ယူရလေသည်။

တစ်ခါကလည်း ဘုန်းတော်ကြီးသည် ကျောင်းသားများအား ရိုက်နှက်ဆုံးမရာတွင် အသုံးပြုဖို့ရာ ကြိမ်တုတ်တစ်ချောင်းရရှိလာသည်။ ထိုကြိမ်တုတ်သည် အသစ်ကြီးဖြစ်ပါလျက် တစ်ကြိမ်ရိုက်ရုံနှင့် ထက်ပိုင်းကျိုးသွားသည်။ အခြားတုတ်တစ်ချောင်းလည်း အနီးတွင် မရှိသဖြင့် လောလောဆယ် ရိုက်နှက်ဆုံးမခြင်းကို ရပ်ဆိုင်းလိုက်ရပြီး ဘုန်းတော်ကြီးသည် မသက်သာသဖြင့် ကြိမ်တုတ်ပိုင်းနှစ်ခုကို ကောက်ယူ၍ စူးစမ်းကြည့်သည်။ လားလား. . ကြိမ်တုတ်ကျိုးသည့်နေရာတွင် သံပေါက်ရာတွေ့ရပြီး ကျိုးအောင် တမင်ဖန်တီးထားမှန်း သိသာလေသည်။ စုံစမ်းစစ်ဆေးကြည့်ရာ အောင်ညီလက်ချက်ဖြစ်ကြောင်းပေါ်လာသည်။ ဘုန်းတော်ကြီးမရှိတုန်း အောင်ညီသည်ကြိမ်တုတ်ကို သံစူးဖြင့် ဖောက်၍ အပေါက်အတွင်းဆားများထိုးသိပ်ထည့်ထားသည်။ မကြာမီ ဆားစိုအငန်ဓာတ်ကကြိမ်တုတ်အတွင်းသားကို အောက်သွားစေပြီး တစ်ကြိမ်ရိုက်ရုံဖြင့် ယင်းနေရာမှ ထက်ပိုင်းကျိုးသွားရခြင်းဖြစ်ပေ၏။

ဘုန်းတော်ကြီးကျောင်းက ထွက်တော့လည်း ရွာထဲတွင် အောင်ညီသည် လူကြီး လူငယ်မခွဲ အနောက်သန်သဖြင့်

အောင်ညီရောက်လာလျှင် ပျော်စရာ ကောင်းတတ်သလို အနောက်ခံရသူများမှာလည်း လူကြားထဲ ရှက်ဖွယ်သာပြင်ပေရော့။ တစ်ခါ တစ်ခါတွင် အောင်ညီ၏ နောက်ပြောင်ခြင်းက လွန်လွန်းသည့်အတွက် အောင်ညီအားတွေ့လျှင် ဆလံပေးကာ ဝေးဝေးက ရှောင်ရှားကြသူများလည်း မနည်းလှတော့ပေ။

ယခုတော့ အောင်ညီသည် သူ၏အနောက်သန် အကျင့်ကြောင့်ပင် အသက်ငယ်ငယ်နှင့် ဘဝနိဂုံး အဆုံးသတ်ခဲ့ရရှာပြီ။

နောက်သုံးရက်ခန့်က အောင်ညီသည် သူ့သူငယ်ချင်းများအား နောက်ရန်ဟု အကြံတစ်ခုကြံသည်။ ည ၈-နာရီထိုးရွာတံခါးပိတ်ခါနီး ချောင်းရိုးတွင် ငါးရှာရာမှ ပြန်လာသည့် သူငယ်ချင်းသုံးဦးတို့အား တစ္ဆေခြောက်ရန်ဖြစ်သည်။ ည ၇-နာရီကတည်းက အောင်ညီသည် တစ်ကိုယ်လုံး အဝတ်ဖြူ ဝတ်၍မျက်နှာတွင် မြေဖြူမှုန့်များ လိမ်းကျံလျက် တစ္ဆေခြောက်သည်ဟု နာမည်ကြီးလှသော ရွာထိပ်ပေါက်ပင်ခေါင်းကျိုးပေါ် တက်၍ သူငယ်ချင်းများအလာကို စောင့်သည်။ တံငါသည် သူငယ်ချင်းသုံးဦး ဆေးလိပ်မီးတရဲရဲနှင့် လာနေသည်ကို အဝေးမှ လှမ်းမြင်သောအခါ အောင်ညီသည် ပေါက်ပင်ခေါင်းကျိုးပေါ်၌ အသင့်နေရာယူထားပြီး ပေါက်ပင်အနီးရောက်လာ

သည်နှင့် အသံဖျက်၍ ဝမ်းခေါင်းသံကြီးတစ်မျိုးပြုကာ ပေါက်ပင်ကိုင်းပေါ်မှ တွဲလောင်းခိုရ်ခ ချလိုက်သည်။

ပေါက်ပင်ခေါင်းကျိုးအနီးရောက်တိုင်း အလိုလိုမှ ကျောစိမ့်၍ ကြက်သီးထလေ့ရှိသော သူငယ်ချင်းသုံးဦးမှာ ပေါက်ပင်ကိုင်းပေါ်မှ ကျ၍လာသော ဖြူဖြူတွဲလောင်းကြီးကို တွေ့လျှင် ရုတ်တရက် လိပ်ပြာစင်မတတ် ကြောက်ရွံ့ထိတ်လန့်သွားသည်။ သုံးဦးသားအနက် ရှေ့နှစ်ဦးမှာ ငါးတွဲများ၊ ငါးဖမ်းကိရိယာများ ပစ်ချ၍ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျ အောင် အော်ပြေးလေသည်။ နောက်ဆုံးက သူငယ်ချင်းကား ရှေ့မှ သူများကဲ့သို့မပြေးဘဲ ပခုံးပေါ်တွင် အသင့်ပါလာသော လှံကိုစုံဆုပ်၍ ဖြူဖြူတွဲလောင်းကြီးအား တအားကုန် ဆောင့်ထိုးလိုက်လေသည်။

"မလုပ်ပါနဲ့. . . မလုပ်နဲ့၊ ငါပါဟာ၊ အမလေးဗျ"

ကြောက်အားလန့်အားနှင့် အားကုန် ဆောင့်ထိုးလိုက်သောလှံသွားသည် လူတစ်ဦး၏ ကိုယ်ကိုပင် ထုတ်ချင်းခတ်သွားစေနိုင်သော်လည်း လူအော်သံမှန်းသိရလျှင် လှံနှင့်ထိုးနေသူက လှံအချိန်အဆကို လျှော့လိုက်ပါသေး၏။ သို့သော် အရှိန်မထိန်းနိုင်တော့သဖြင့် လှံသွားသည် တစ္ဆေခြောက်သူ အောင်ညီ၏ ဆီးစပ်သို့ ထိုးဖောက်မိရက်သား ဖြစ်သွားလေ

သည်။ အောင်ညီသည် ဆီးစပ်တွင် လှံတန်းလန်းဖြင့် မြေပြင်ပေါ်သို့ ပြုတ်ကျလေတော့၏။

တကယ့်တစ္ဆေမဟုတ်ဘဲ အောင်ညီမှန်းသိရှိရသော အခါ ပြေးကြသူနှစ်ဦးကို ပြန်ခေါ်၍ အောင်ညီအား လှံတန်းလန်းဖြင့် ရွာသို့ ထမ်းခေါ်ခဲ့ကြသည်။ ရွာရောက်လျှင် အောင်ညီအား ညတွင်းချင်း မြို့ဆေးရုံသို့ လှည်းဖြင့် ပို့ကြသည်။ ရဲစခန်းသို့လည်း ဝင်၍ အကြောင်းကြား အမှုဖွင့်ရသည်။

ဆေးရုံ၌ နှစ်ရက်ခန့်ကုသပြီးသော် ကံဆိုးရှာသူ အောင်ညီခမျာ မေးခိုင်ပိုးဝင်ကာ ကွယ်လွန်ခဲ့ရှာလေသည်။ အောင်ညီအား လှံဖြင့်ထိုးခဲ့မိသည့် သူငယ်ချင်းမှာလည်း ရဲ့ အချုပ်တွင် အာမခံမရသဖြင့် အောင်ညီ၏အသုဘကိုပင် လိုက်ပါမပို့ဆောင်နိုင်ရှာဘဲ ကံတိုင်ကိုသာ ခေါင်းနှင့်ဆောင့်၍ ယူကြုံးမရ ဖြစ်ရရှာလေသည်။

အောင်ညီ၏နေအိမ်တွင် ရက်လည် သပိတ်သွတ်သောနေ့က ရွာဦးကျောင်းဆရာတော်သည် ဆွမ်းသွတ်တရားကို သာမက ကွယ်လွန်သူ အောင်ညီကို အကြောင်းပြု၍ နိပါတ်တော်ပုံဝတ္ထုတစ်ခုကိုပါ ထည့်သွင်းတရားကြားဟောပြီးမှ ရေစက်သွန်းချ အမျှပေးဝေခဲ့လေ၏။

လိပ်ခဲတန်းလန်း

ရှေးအခါက ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားအလောင်းသည် ပုဏ္ဏားမျိုးဌာ်ဖြစ်၍ အတတ်ပညာများ သင်ကြားပြီးသော် လူ့လောကီ ဦးဇွေ့ကာ ရသေ့ရဟန်းအသွင်ယူ၍ တောထွက်ခဲ့လေသည်။ ဟိမဝန္တာတောတောင်အတွင်း ဂင်္ဂါမြစ်ကမ်းဌာ် သခ်ိမ်းကျောင်း ဆောက်လုပ်နေထိုင်သီတင်းသုံးလျက် သစ်သီးသစ်ဥ ရှာဖွေစားသောက်ကာ ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်း၍ နေလေသည်။ အရှင်ရသေ့သည် အလောင်းတော်တို့ ကျင့်အပ်သော ပါရမီတော်ဆယ်ပါးအနက် ခန္တီပါရမီ, ဥပေက္ခာပါရမီကို ကျင့်ကြံဖြည့်ဆည်းရာ၌ အထူးအားသန်လေသည်။

အရှင်ရသေ့၏ သခ်ိမ်းကျောင်းအနီးဌာ် မျောက်ငလောင်တစ်ကောင်သည်လည်း ကျက်စားနေထိုင်သည်။ မျောက်ငလောင်သည် လျှပ်ပျော်လော်လီပြီး အကျင့်စရိုက်မကောင်းပေ။ အရှင်ရသေ့က ဂင်္ဂါမြစ်ကမ်းဌာ် ရေကသိုဏ်းရှု၍ ကမ္မဋ္ဌာန်းစီးဖြန်းနေပြီဆိုလျှင် မျောက်ငလောင်သည် အရှင်ရသေ့အား အနှောင့်အယှက် အမျိုးမျိုးပြုလေသည်။

လိပ်ခဲတန်းလန်း

ကိုယ်ပေါ်တက်၊ ထိပ်ပေါ်တက်၊ နားထဲ လက်နှင့်နှိုက်စသည်မျိုးစုံအောင် အရှင်ရသေ့အား ဒုက္ခပေးသည်။ တစ်ခါတစ်ခါမူ မျောက်ငလောင်သည် ညစ်ပတ်စုတ်ပဲ့သည့် အပြုအမူကိုပင် ပြုကျင့်သေး၏။ အရှင်ရသေ့၏ နားထဲသို့ မိမိအင်္ဂါကိုထိုးသွင်း၍ သာယာခြင်းမျိုးအထိ မျောက်ငလောင်သည် တိရစ္ဆာန်မျိုးရိုး ယုတ်ညံ့မှု ဗီဇကို ဖော်ပြလေသည်။ အရှင်ရသေ့သည်မူ ခန္တီပါရမီ, ဥပေက္ခာပါရမီ ကျင့်ကြံဖြည့်ဆည်းသူ ပုဂ္ဂိုလ်မြတ်ပီပီ မျောက်ငလောင်၏ အမူအကျင့်အပေါ် လျစ်လျူရှုထားလေသည်။

တစ်နေ့တွင်ကား မျောက်ငလောင်အား သွန်သင်ဆုံးမမည့်သူတစ်ဦး ပေါ်လာသည်ဆိုရပါမည်။

ဂင်္ဂါမြစ်ကမ်း သဲသောင်ပြင်သည် ပြန့်ပြူးသာယာနေသည်။ နံနက်ခင်း နေမြင့်လာသည်နှင့်အမျှ ဟိမဝန္တာအအေးဓာတ်က ဖျောပြေလာပြီး နေရောင်ခြည်သည် သဲသောင်ပြင်ပေါ်၌ နွေးထွေးစွာ ဖြာကျလာသည်။ ရေထဲမှာသာ၊ ကကုန်းမြေပေါ်မှာပါ ကျက်စားနိုင်သော ရေနေသတ္တဝါတစ်ကောင်ဖြစ်သည့် လိပ်တစ်ကောင်သည် ဂင်္ဂါမြစ်မှတက်၍ သဲသောင်ပြင်ပေါ် နေစာလှုံရန် ရောက်ရှိလာသည်။ လိပ်သည် သဲသောင်အစပ် တစ်နေရာ၌ နေရာယူ၍ ပါးစပ်(ခံတွင်း)ကို ဖွင့်ဟကာ သန့်ရှင်းလတ်ဆတ်သော လေကို ရှူရှိုက်ရင်း

ငိုက်မျဉ်းနေလေ၏။ သမင်, ဒရယ် အစရှိသော အခြားအခြား သော သတ္တဝါတို့သည်လည်း လိပ်သတ္တဝါနည်းတူ နေစာလှုံ့ကြ ရန် သဲသောင်ပြင်ပေါ်သို့ တစ်ကောင်ချင်း၊ တစ်အုပ်ချင်း လာနေကြ၏။

နံနက်ခင်း ဂဏ်မြစ်ကမ်း သဲသောင်ပြင်၏ လွတ်လပ် အေးချမ်းမှုကို အကျည်းတန် ရိုင်းစိုင်းသွားစေသူကား ကိုရွှေ မျောက်ငလောင်ပင် ဖြစ်တော့သည်။

မျောက်ငလောင်သည် သူ၏ယုတ်ညံ့သည့် အမှု အကျင့်အတိုင်း စုတ်ပဲ့ပါလေသည်။ ခံတွင်းကိုဖွင့်ဟ၍ လေရှူ ငိုက်မျဉ်းနေသော လိပ်မှာ မျောက်ငလောင်အား ဖိတ်ခေါ်နေ သကဲ့သို့ သဘောသက်ရောက်စေ၏။ မျောက်ငလောင်သည် လိပ်၏ အနီးသို့ ချဉ်းကပ်၍ ဖွင့်ဟထားသော လိပ်၏ခံတွင်း ဟောင်းလောင်းထဲသို့ မိမိအင်္ဂါကိုထည့်ကာ မိုက်မဲမှုကို စတင် ပါလေသည်။ လိပ်မှာ အရှင်ရသေ့ကဲ့သို့ ခန္ဓီပါရမီ, ဥပေက္ခာ ပါရမီ ကျင့်ကြံ ဖြည့်ဆည်းနေသူ မဟုတ်သည်ကို မျောက် ငလောင်မသိ ရှာပေ။

လိပ်သည် ငိုက်မျဉ်းရာမှနိုး၍ အခြေအနေသုံးသပ် ကြည့်သော် မျောက်ငလောင်၏ ညစ်ပတ်စုတ်ပဲ့မှုကို သိရလေ လျှင် ဆုတ်ဆိုင်းမနေဘဲ မိမိပါးစပ်ထဲ ရောက်ရှိနေသော ပစ္စည်း ကို သေတ္တာအမှုံပိတ်သကဲ့သို့ သွားကိုဖြင့် ကိုက်ချလိုက်လေ

သည်။ မခ္ပိမဆန့် ဝေဒနာကို ပြင်းထန်စွာခံစားရရှာသော မျောက်ငလောင်သည် နာကျင်လွန်းသဖြင့် သဲသောင်ပြင်ပေါ် ဝယ် ဆွေ့ဆွေ့ခုန်နေလေသည်။

သဲသောင်ပြင်ပေါ်ရှိ အခြားတိရစ္ဆာန်များ အနေနှင့် လည်း မည်သူမျှ အကူအညီမပေးနိုင်ကြ။ မျောက်ငလောင်၏ အင်္ဂါကို ခံတွင်းဖြင့် မလွတ်တမ်းခဲထားသော လိပ်က သဘော မတူနိုင်သည့် အင်အားသုံး ကူညီမှုမျိုး ဖြစ်နေခဲ့သော် လိပ်သည် မျောက်၏အင်္ဂါအစိတ်အပိုင်းကို ကိုက်ဖြတ်လိုက်လျှင် အခက်။ ငယုတ်မာမျောက်ငလောင်အဖို့ အရှင်ရသေ့မှလွဲ၍ ကိုးကွယ်ရာ မမြင်တော့ပေ။

"ကယ်တော်မူပါဘုရား--- ကယ်တော်မူပါဘုရား"

မန္တန်ရွတ်ဖတ်ပွဲမှ လျှုဖွယ် ထမင်းဟင်း ဃပိတ်ကို ပွေ့ပိုက်၍ပြန်လာသော ပုဏ္ဏားတစ်ဦးပမာ လိပ်ဝိုင်းဝိုင်ကြီးကို လက်နှစ်ဖက်ဖြင့် ပွေ့ပိုက်၍ ကယ်တော်မူပါ တစာစာဖြင့် သခ်မ်းကျောင်းအတွင်း ဝင်ရောက်လာသော မျောက်ငလောင် အားတွေ့ရလျှင် အရှင်ရသေ့သည် မျောက်ငလောင်အား ဆုံးမ မည့်သူပေါ်ပြီ-ဟု သဘောပေါက်လိုက်သည်။

ကမ္မဋ္ဌာန်းစီးဖြန်းမှု နားနေခိုန်ဖြစ်၍ အရှင်ရသေ့က ပင် ပြုံးရယ်ရင်း ခရီးဦးကြိုဆိုလိုက်သည်။

"ဘယ်လိုတုံး ကိုရွှေပုဏ္ဏားမျောက်ရယ်. . ၊ ဘယ်အရပ် မန္တန်ရွတ်ပွဲက လောင်းလှူလိုက်လို့ သပိတ်အပြည့်စားဖွယ် သောက်ဖွယ်တွေကို မနိုင်မနင်း ပွေ့ပိုက်သယ်လာဟန်နဲ့ အဘယ်သူတုံးဟဲ့"

"တပည့်တော် မျောက်ငလောင်ပါဘုရား။ ဒါတွေ အသာထားပါဦး ဘုရား။ တပည့်တော်ရဲ့ အဖြစ်ကို ကယ်တော်မူပါဦးဘုရား။ အရှင်ဘုရားမှ မကယ်တင်လျှင် တပည့်တော် သေဖွယ်သာ ရှိပါတော့မည် အရှင်ဘုရား"

ဒုက္ခရောက်နေသူ တစ်ဦးအား ကယ်တင်ရန်မှာ ရသေ့သူတော်မြတ်တို့၏ တာဝန်ပင် မဟုတ်ပါလား။

အရှင်ရသေ့သည် လိပ်အား အမျိုးအနွယ်တို့၏ ဆက်စပ်မှုနှင့် ဆီလေ၊ကျ်အောင် ပြောဟော၍ မျောက်ငလောင်အား သည်းခံခွင့်လွှတ်စေရသည်။ ထိုအခါတွင်မှ မျောက်ငလောင်မှာ လိပ်၏ခံတွင်းမှ လွတ်မြောက်သွားခဲ့ပေ၏။

မျောက်ငလောင်ကား လိပ်၏ခံတွင်းမှ လွတ်လျှင် လွတ်ချင်း အလောင်းတော် အရှင်ရသေ့အား ရှိခိုး၍ လွတ်ရာသို့ပြေးလေ၏။ ထိုအချိန်မှစ၍ ထိုအရပ်၌ မျောက်ငလောင်အား တွေ့ချင်၍ပင် မတွေ့ရတော့ပါပေ။

(၂၇၄။ ဥဒပါနဝဂ်-ကစ္ဆပဇာတ်)

ကျီးနှင့်ခင်ပုတ် ရန်ချုတ်ချုတ်

ဇီးကွက်၊ ခင်ပုတ်၊ ဒီးဒုတ်ဟူ၍ သုံးမျိုးရှိသည်။ သုံးမျိုးလုံး ဇီးကွက်မျိုးနွယ်ဝင်ငှက်များ ဟုခေါ်ဆိုနိုင်ပေသည်။

ဇီးကွက်ငှက်ကို မြင်ဖူးသူ နည်းသော်လည်း 'ဇီးကွက်' ကို လူအများ သိရှိကြပါသည်။

ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော် ငှက်မျိုးတွင် ဇီးကွက်ပါသည်။ ဇီးကွက်ငှက်၏ အော်မြည်သံသည် 'ကျိကွက်. . ကျိကွက်'ဟု အသံထွက်ရာ ငှက်သံ၏နေရာ၌ လူသံနှင့် ဖလှယ်လိုက်သောအခါ 'ဇီးဂွက်. . ဇီးဂွက်'ဟု မိမိနာမည်ဖော်ပြီးသား ဖြစ်သွားလေသည်။

ကျေးလက်ဒေသများတွင် ညဘက် လထွက်တပြူ အချိန်အခါမျိုးတွင် ဇီးကွက်၏ အောင်မြည်သံကို ကြားရလေသည်။ အော်မြည်သံသာ ကြားရသော်လည်း ဇီးကွက်၏အင်္ဂါ ကိုမူ ညဉ့်အမှောင်ကြောင့် ထင်ထင်ရှားရှား ကြည့်မြင်ဖို့ရာ မလွယ်ကူလှပေ။

ဇီးကွက်သည် ညဉ့်တွင် ကျက်စားသော ငှက်မျိုးဖြစ်၍ သူ့ကိုဖမ်းမိဖို့ရာလည်း လွယ်ကူသော ကိစ္စမဟုတ်ပါ။ ညဘက်

အစာရှာရင်း အချိန်လွန် မိုးလင်းသွားပြီး မိမိအသိုက်ရှိရာ သစ်ခေါင်းသို့ ပြန်လည်မရောက်ရှိတော့ဘဲ သစ်ခြုံကောင်း ကောင်းခပ်မှောင်မှောင် သစ်ကိုင်းထက် မလှုပ်မယှက် ပုန်းခိုနေရင်း ရန်သူတော် ကျီးငှက်တစ်ကောင်ကောင် တွေ့ရှိရာမှ အဖော်အပေါင်း ကျီးငှက်များကို ခေါ်၍ ဝိုင်းဝန်းထိုးဆိတ်ကြရာ လူမျာပါ သိရှိကုန်ပြီး လူများက ဖမ်းယူသဖြင့် ဇီးကွက်၏ ရုပ်သွင်ကို တွေ့ကြရနိုင်ပါသည်။ ထိုအခါမျိုးတွင် မျက်ရစ်ဝိုင်းဝိုင်း မျက်လုံးကြီးပြူးကြောင်ကြောင် ဟိုကြည့်သည်ကြည့် ရာဇဂ္ဂန္ဒြေအပြည့်ဖြင့် မလှုပ်မယှက် ရပ်တည်နေသော ဇီးကွက်ကို ကလေးများက ချစ်ခင်စွာ ဝိုင်းဝန်းကြည့်ကြသဖြင့် ဇီးကွက်မှာ ကလေးငယ်များအကြားတွင် ဝိုင်းဝိုင်းလည်နေတော့သည်။

ဇီးကွက်ကို လာဘ်ကောင်ငှက်အဖြစ် လူတို့၏ အသိအမှတ်ပြုခံရသည်မှာလည်း တမူ ထူးခြားလှပေ၏။ မြန်မာမှုလေးစားသော အိမ်များတွင် စက္ကန့်တံချိန်သီးနှင့် ဆက်သွယ်၍ မျက်လုံးကို ကလယ်ကလယ်ဖြစ်အောင် ပြုလုပ်ထားသော ဇီးကွက်ရုပ်နာရီ ချိပ်ဆွဲထားသည်ကို လည်းကောင်း၊ ဧည့်ခန်းဗီရိုထိပ်ပေါ်၌ ရွှေရောင်ဇီးကွက်ရုပ်ကို အမြတ်တန်းပြင်ထားကြသည်ကိုလည်းကောင်း တွေ့နိုင်ပါသည်။ [illegible]ကြီးသဖြင့် ရောင်းဝယ်ဖောက်ကားမှုတွင် လာဘ်ကောင်းသည့် အနေဖြင့်

ဈေးဆိုင်များ၊ အရောင်းဌာနများတွင် ဇီးကွက်ရုပ် အသေ အကြီး မချိတ်ဆွဲထားသော ဌာနဟူ၍ မရှိသလောက်ပင်ဖြစ်သည်။

မြို့သူမြို့သားများက ထိုသို့ဇီးကွက်ရုပ်ကို လာဘ်ကောင်းရန် ဆောင်ကြသကဲ့သို့ ကျေးလက်တောရွာနေ ရွာသူရွာသားတို့ကလည်း ဇီးကွက်ဌက်နှင့်ပတ်သက်၍ လာဘ်ကောင်းသည့်အတိတ်နိမိတ်ဖြင့် မှတ်ယူကြပါသည်။ ဥပမာ-ညဘက်လထွက်တပြူအချိန် 'ကျီကွက်-ကျီကွက်-ကျီကွက်' အဆက်မပြတ် အော်မြည်သံကိုပင် 'ပဲစေ့းတက်-ပဲစေ့းတက်'ဟူ၍ လည်းကောင်း၊ 'စပါးစေ့းတက်-စပါးစေ့းတက်'ဟု လည်းကောင်း မည်သံစွဲပြုကာ သီးနှံစေ့း ကောင်းတော့မည်ဟု အတိတ်နိမိတ် ကောက်ယူတတ်ကြပါသည်။

ရွှေဇီးကွက်၏ အထူးခြားဆုံး အရည်အချင်းကား ညကြည့်မျက်လုံးပိုင်ရှင် ဖြစ်ခြင်းပင်။ အခြားဌက်များကဲ့သို့ နေ့ဘက်တွင် မကျက်စားဘဲ တစ်နေ့လုံး သစ်ခေါင်းအသိုက်ထဲတွင်နေပြီး ညဉ့်အမှောင်ရောက်ခါမှ သစ်ပင်တစ်ပင်နှင့်တစ်ပင် ကူးသန်းရင်း အစားအစာကို ရှာသည်။ အမှောင်ရိပ်ကိုခို၍ တွင်းဝမှ ကြွက်တစ်ကောင်ထွက်လာသည်ကို ဇီးကွက်က သူ၏ မျက်လုံးမှ အနီအောက်ရောင်ခြည်ဖြတ်၍ မြင်သည်။ ဇီးကွက်သည် ကာယိန္ဒြေပြိမ်သက်သလောက် မှောင်ရိပ်တွင်းမှ ကြွက်

တစ်ကောင်အား ထိုးသုတ်ယူရာတွင်ကား လျှပ်တစ်ပြက်မျှ အတွင်း အောင်မြင်စွာ သုတ်ချိန်ရိုင်လေသည်။ ညဉ့်ဌက်ဖြစ် သောဇီးကွက်ဌက်တို့၏ အမှောင်ကို ထိုးဖောက်နိုင်သည့် မျက်လုံး၏ မျက်ကြည်လွှာကို အတုယူ၍ခေတ်သစ်သိပ္ပံပညာက ညကြည့်မှန်ပြောင်းကို တည်ထွင်နိုင်ခဲ့ကြသည်ဟု အဆိုရှိ ပေသည်။

အကယ်လည်း ဇီးကွက် ဌက်ခမျာ ညမျက်လုံးရှိပေ၍ သာတော်ပါသည်။ သို့မဟုတ်ပါက ဇီးကွက်တို့၏ ကမ္ဘာရန် ကျီးကန်းတို့၏ အန္တရာယ်ဖြင့်ပင် ဇီးကွက်မျိုးတုံးရပေမည်။ ကျီးကန်းတို့ကလည်း ကျီးကန်းတို့ပင်ဖြစ်သည်။ နေ့ဘက်တွင် သစ်ခေါင်းပြင်ဘက် ရောက်ရှိနေသည့် ဇီးကွက်တစ်ကောင် ကောင်ကို မတွေ့လိုက်နှင့်၊ တွေ့လိုက်သည်နှင့် ကျီးကန်းအများ အပြား ဝိုင်းဝန်းထိုးဆိတ်ကြသဖြင့် ဇီးကွက် အဖို့ လွတ်အောင် မရှောင်နိုင်ပါက သေဖို့ရာ တစ်လမ်းသာ ရှိတော့လေသည်။

ဇီးကွက်နှင့် ကျီးကန်းတို့၏ ကမ္ဘာရန်ဖြစ်ကြသည့် ပုံပြင် တစ်ပုဒ်ကို ဘုန်းကြီးကျောင်းသားများ ကြားဖူးကြပေ၏။

ရှေးရှေးအခါက ကျွဲကျောင်းသားတစ်ယောက်သည် မိမိ၏ကျွဲအုပ် ညွှန်လူးနေချိန်တွင် လက်စွဲတော် လေးခွဖြင့် ကျွဲစားကျက်ကွင်းအနီးရှိ သစ်ပင်တန်းတွင် ဌက်လိုက်ပစ်သည်။

တစ်ကြိမ်တွင် ဇီးကွက်အကြီးအကဲ တစ်ကောင်ကို တွေ့၍ လေးဖြင့်ပစ်ရာ လေးသီးခေါ် လောက်စာလုံးသည် ဇီးကွက်အား တကယ့် ချက်ကောင်းကိုမှသွား၍ ထိမှန်လေသည်။ ချက်ကောင်းနေရာဆို၍ ဇီးကွက်၏သေလောက်သည့် နေရာအား ထိမှန်ခြင်းမဟုတ်။ လောက်စာလုံးသည် ဇီးကွက်၏ စအိုထဲသို့ တန်း၍ဝင်ရောက်သွားခြင်းဖြစ်လေသည်။

ဇီးကွက်အဖို့ စအိုဝ နာကျင်သွားရုံမက လောက်စာလုံးသည်စအိုဝတွင် အလုံးမပျက်တစ်နေသဖြင့် ကျင်ကြီးစွန့်၍ မရ။ နေလို့စားလို့မရ ဖြစ်နေသည်။ ဇီးကွက်မျိုးအချင်းချင်း ပြောဆိုအကြံထုတ်ကြပါသော်လည်း မည်သူမျှ စအိုထဲမှ လောက်စာလုံးထွက်စေမည့် နည်းလမ်းကို မစဉ်းစားမတွေးခေါ်နိုင်ကြပေ။

နောက်ဆုံးတွင် ဇီးကွက်သည် ငှက်ငလည် ကျီးကန်းဆီရောက်ရှိလာပြီး အကြံဉာဏ် အကူအညီတောင်းခံရသည်။ ကိုရွှေကျီးကန်းကလည်း သူ၏ခွင်ထဲ ရောက်ရှိလာသူ သကောင့်သားအား လက်လွတ်မခံဘဲ ဉာဏ်နီဉာဏ်နက် အကြံထုတ်လေသည်။

"အဆွေတော် ကိုဇီးကွက်၊ ခင်ဗျားရဲ့ရောဂါ အဲ-ဒုက္ခကို ပျောက်အောင် ကျုပ်တို့ကုပေးနိုင်ပါတယ်။ ကျုပ်တို့ခိုင်းတဲ့ အတိုင်းတော့ လုပ်ရမယ်။ အဲ-တစ်ခုတော့ ခင်ဗျားဖက်က

ကြိုတင်ကတိကဝတ် ပြုထားရမယ်နော်။ ရောဂါပျောက်တဲ့ အခါမှာ ဆေးဖိုးဝါးခ ကျွေးတို့ကိုပေးရမယ်။ အဲဒါသဘော တူရင်အဆွေတော်ရဲ့ ရောဂါကို ကျွေးတို့ကုပေးမယ်။"

ဇီးကွက်သည် ကျရောက် ခံစားနေသော ရောဂါ ဝေဒနာအတွက် ကြံရာမရ ဖြစ်နေသဖြင့် ကျီးကန်းတောင်း သည့် ကတိကဝတ်ကိုပေး၍ ဆေးကုသမှု ခံယူလေ၏။

လောက်စာလုံးဆိုသည်မှာ အနေတော်ရှိ့ပျော့ကို လက်ဝါးနှစ်ဖက် အကြားသွင်း၍ စကောဝိုင်းထိုးကာ လိုသလို ပွတ်လှိမ့်ခြင်းဖြင့် လုံးဝိုင်းသော သဏ္ဌာန်ရရှိပြီး အခြောက်ခံ၍ ထားသော အရွယ်တော် မြေလုံးကလေးများဖြစ်သည်။ ရှိ့မြေ တို့မည်သည် ရေနှင့်ထိတွေ့ပါက ရေပျော်တတ်မြဲဖြစ်သည်။ ထိုအခြေအနေကို သိထားသော ကျီးကန်းက စအိုထဲ လောက်စာလုံး (မြေခဲ) ဝင်နေသည့် ဇီးကွက်အား ရေအင်တုံ အတွင်းဖင်ထိုင်၍ ရေစိမ်ခိုင်းရာ မကြာမီ လောက်စာလုံးမှာ အရေပျော်သွားလေသည်။

မိမိဘာသာ ဖင် ရေစိမ်ရုံနှင့် စအိုတွင်းမှ လောက်စာ လုံး အရည်ပျော် ထွက်သွားသည့် ကိစ္စတွင် ဇီးကွက်သည် ကျီးကန်း၏ ဆေးကုသမှုအပေါ် တန်ဖိုးနှင့်မမြင်ပေ။ လောက သားသတ္တဝါတို့၏ သဘောအရ ကိစ္စပြီးသွားသည့်အခါ သူ

ကျေးဇူးကို ဖျောက်ပစ်တတ်သည့် စိတ်ထားကလည်း အခြေအနေကို မူတည်၍ သဘောထားတစ်မျိုး ပြောင်းသွားစေတတ်သည့်အလျောက် ကျီးကန်းအား ပေးထားသည့် ကတိကို ဇီးကွက်ကဖျက်လေသည်။ ဆေးကုခ မပေးပေ။

ဤတွင်ဇီးကွက်နှင့်ကျီးကန်းတို့၏ ကမ္ဘာရန် စ, တော့လေ၏။။ ထိုအချိန်မှစ၍ ကျီးကန်းတို့သည် ဇီးကွက်ငှက်တို့အား အမျိုးလိုက် မုန်းတီးစိတ်ထားကာ ဇီးကွက်တစ်ကောင်အား အပြင်မှာ မတွေ့လိုက်နှင့် တွေ့သမျှ ဇီးကွက်အား အင်အားစု၍ ဝိုင်းဝန်းထိုးဆိတ် သတ်ဖြတ်ကြလေသည်။ ဇီးကွက်တို့မှာလည်း မျိုးပွားအင်အား နည်းသည့်အလျောက် ထိုအခါမှစ၍ ကျီးငှက်တို့၏ ကမ္ဘာမကျေရန်ကြောင့် နေ့ဖက်တွင် သစ်ခေါင်းအောင်း၍ ညဖက်တွင်သာ အပြင်သို့ ထွက်ရရှာသတည်း။

နိပါတ်တော်လာ ဇီးကွက်နှင့်ကျီးကန်းတို့၏ ကမ္ဘာရန်အကြောင်းကလည်း တစ်မျိုးရှိသေး၏။

ကမ္ဘာဦးအခါက လူတို့သည် အရည်အချင်းနှင့် ပြည့်စုံသူတစ်ဦးကို အကြီးအကဲ ဘုရင်အဖြစ် တင်မြှောက်ကြလေသည်။ လူတို့နည်းတူ အခြေလေးချောင်းရှိ တိရစ္ဆာန် သတ္တဝါတို့သည်လည်း တိရစ္ဆာန်အကြီးအကဲ တင်မြှောက်ကြသည်။

အခြေနှစ်ချောင်းရှိ သတ္တဝါဖြစ်သော ဌာန်လောကခ္ဏကား အကြီး အကဲ မတင်မြှောက်ရသေးပေ။

တစ်နေ့တွင် ဌာန်တို့သည် မိမိတို့၏ အကြီးအကဲ တင်မြှောက်ရန်အတွက် ဟိမဝန္တာတောအတွင်းရှိ ကျောက်ဖျာ ထက်၌ အစည်းအဝေးပြုကြသည်။

အစည်းအဝေးတွင် ဣန္ဒြေသမ္ဘတ္တိနှင့် ပြည့်စုံသော ဇီးကွက်မျိုးနွယ် ခင်ပုတ်ဌာန်အား ဌာန်တို့၏ အကြီးအကဲ တင်မြှောက်ရန် စိုင်းပြင်းနေကြသည်။ အဆိုတင်သူကတင် ထောက်ခံသူက ထောက်ခံနှင့် နှစ်ကြိမ်တိုင် အဆိုတင်ပြီး နောက် အတည်ပြုရတော့မည်ကဲ့သို့ ရှိလေ၏။

ထိုအချိန်တွင် ကန့်ကွက်မည့်သူတစ်ဦး(တစ်ကောင်) ပေါ်လာသည်။ အခြားသူမဟုတ်။ ကျီးဌာန်အမျိုး ကျီးကန်း ၊ စ်ကောင်ဖြစ်လေသည်။

"ခင်ပုတ်ကို အကြီးအကဲမြှောက်တာတော့ ဟုတ်ပ။ မပြောမရှိနဲ့ ကိုယ့်လူတို့၊ စဉ်းစဉ်းစားစားတော့ လုပ်ကြဗျို့။ ဒီလောက် မျက်နှာပေါက် အကြောတင်းတဲ့သူကို ဌာန်လောက ရဲ့ဘုရင်မြှောက်လို့ကတော့ ရိုးရိုးမျက်နှာမျက်မြင်ရုံနှင့်တောင် ကျောစိမ့်စရာ ကောင်းနေတာ စိတ်ဆိုးအမျက်ထွက်ကဲ့အခါဆို

အိုးကင်းထဲ ဆားကိုထည့် အလျှော်ခံရတဲ့အတိုင်း ကြောက်လို့ နေစရာတောင် ရှိကြမယ် မဟုတ်ပေဘူး။ အကြည့်ခံရတဲ့ နေရာမှာပဲ သေကြေပျက်စီးကုန်ပါလိမ့်မယ် ခင်ဗျား”

ကျီးဌက်မျိုးတို့မှာ တစ်ကောင်အော်လိုက်အော်၊ အသံကြားဝိုင်းအုံကြသည့် အကျင့်အရ ကျီးကန်းတို့၏ ကန့်ကွက်မှုသည်အစည်းအဝေးကို ရုတ်ရုတ်သဲသဲ ဖြစ်သွားစေကာ အစည်းအဝေး ပျက်လေတော့၏။

အစည်းအဝေးမှ အဆိုတင်ခဲ့သော ကျီးကန်းသည် ခင်ပုတ်ဌက်မျိုးတို့၏ ဦ[illegible]ခင်တော့မည်ကို သိသဖြင့် အစည်းအဝေးမှထွက်၍ ကောင်းကင်ယံသို့ ပျံတက်လေ၏။ ခင်ပုတ်ဌက်သည်လည်း ဌက်သဘာင်အလယ်တွင် မိမိအား သိက္ခာချရပါမည်လောဟု ကျီးကန်းအား ထိုးဆိတ်ရန် ကောင်းကင်သို့ ပျံတက်၍ လိုက်သည်။ ခင်ပုတ်နှင့် ကျီးကန်းတို့၏ ကောင်းကင်ယံတိုက်ပွဲသည် လူတို့၏လေကြောင်းတိုက်ပွဲပမာ ပြင်းထန်လေသည်။

ဌက်တို့၏ အစည်းအဝေးသဘာင်ပွဲ၌ ခင်ပုတ်ဌက်အား အကြီးအကဲ တင်မြှောက်ရေး ပျက်ပြယ်ကာ နောက်ဆုံးတွင် ရွှေဟသ်ာမင်းအား ဌက်တို့၏ အကြီးအကဲအဖြစ် တင်

မြောက်လိုက်နိုင်ခဲ့ကြသည်။ ထိုအခါမှစ၍ ခင်ပုတ် (ဇီးကွက်) နှင့် ကျီးကန်းတို့သည် ကမ္ဘာ့ရန်များဖြစ်ခဲ့ကြကာ ဇီးကွက် (ခင်ပုတ်) တို့မှာလည်း အင်အားကောင်းသော ကျီးငှက်မျိုးနွယ်စုတို့၏ လွှမ်းမိုးမှုကို ခံရရှာသတည်း။

(၂၇၀။ ပဒုမ၀ဂ်၊ ဥလူကဇာတ်)



မုသားခြေ လုံ့ပြီထင့်

ဖိုးမြိုင်သည် ဘုန်းကြီးကျောင်းသားများထဲတွင် ဉာဏ်တော်သူတစ်ဦးဖြစ်သည်။ ဘုန်းတော်ကြီးသည် ဉာဏ်တော်သူများအား အရေးပေးတတ်ရာ ဘုန်းတော်ကြီး၏ အမြှောက်စားခံရသူများထဲတွင် ဖိုးမြိုင်လည်း ပါလေသည်။

ဖိုးမြိုင်သည် ဉာဏ်တော်သလောက် အဆော့သန်ပြီး စကားအလွန်များသူလည်း ဖြစ်လေသည်။ ကျောင်းထဲရှိ သရက်ပင်၊ မာလကာပင်၊ ပိန္နဲပင်၊ မန်ကျည်းပင်အားလုံး သူမတက်ဖူးသည့်အပင် မရှိ။ တခါက သစ်ပင်ပေါ် တက်ဆော့ရင်း လိမ့်ကျသဖြင့် အောက်မှ ငုတ်စွန်းနှင့် မေးစေ့ကို ထိခိုက်မိသည်။ ဒဏ်ရာ အတန်ငယ်ကြီးသဖြင့် မြို့ဆေးရုံထိ သွားရောက်ကုသရသည်။ မေးစေ့ပေါက်သည်ကို 'ဝှေးစေ့'ပေါက်သည်ဟု သတင်းပျံ့နှံ့ပြီး ရွာတွင် ရယ်စရာသတင်းတစ်ပုဒ် ဖြစ်ခဲ့ဖူးသည်။

ဖိုးမြိုင်တွင် အခြားနာမည်တစ်ခု ရှိသေးသည်။ 'ဖိုးစကား' ဟူ၍ဖြစ်၏။ ဖိုးမြိုင် စကားများလွန်းသဖြင့် ဘုန်းတော်ကြီးက ကျောင်းနာမည် ပေးထားခြင်း ဖြစ်သည်။

ကျောင်းတွင်မူ ဖိုးမြိုင်အစား ဖိုးစကားအမည်က ပိုမိုတွင်ကျယ်လေသည်။

ဖိုးမြိုင်ခေါ် ဖိုးစကားသည် ကျက်စာမရသောကြောင့် တစ်ကြိမ်မျှ အရိုက်မခံရဘဲ အဆော့သန်မှု စကားအလွန်များမှု တို့ကြောင့်သာ ဘုန်းတော်ကြီး၏ အရိုက်ခံရတတ်လေသည်။

တစ်ခုသော ညဦးတွင်ဖြစ်သည်။

ဘုန်းကြီးကျောင်း ညအိပ်ကျောင်းသားများသည် ည ၇-နာရီထိုးလျှင် ကြေးစည်ထိုး၍ ဘုရားဝတ်တက်ကြရသည်။ ဘုရားဝတ်တက်ပြီးသော် ကိုရင်ကျောင်းသားများ ဝိုင်းဖွဲ့၍ ဘုရားရှိခိုးစာများကို ရွတ်အံကြရသည်။ ရေနံဆီမီးနှင့် အလင်းအားမကောင်းသဖြင့် စာကြည့်၍ ကျက်မှတ်ခြင်းမပြုဘဲ ဘုရားရှိခိုးစာ ရပြီးသူများက တစ်လှည့်စီ ရှေ့မှတိုင်ပေးပြီး နောက်မှ လိုက်ဆို၍ အလွတ်ကျက်မှတ်ကြရခြင်းဖြစ်သည်။

ဖိုးမြိုင်က ဉာဏ်ကောင်းသူပီပီ ရှေ့မှတိုင်ပေးသူများ ထဲတွင် ပါဝင်သည်။ ဖိုးမြိုင်သည် သူ့အလှည့် တိုင်ပေးပြီးသော် သူငယ်ချင်းဖြစ်သူ တင်အောင်အား လက်တို့ခေါ်၍ အပေါ့အပါးသွားသလိုလိုနှင့် ကုဋီတံတားဖက် ဆင်းခဲ့သည်။ တံတားအနီး ပြတင်းပေါက်ဖွင့်၍ ကျော်တက်လိုက်လျှင် တစ်ဖက်၌ အဆင်းလေခါး သွပ်မိုးပေါ် ရောက်ရှိသွားနိုင် သည်ကို ဖိုးမြိုင် ဘယ်အချိန်က ကြံထားသည်မသိ။

နောက်လိုက် သူငယ်ချင်းတင်အောင် တွန့်နေသည်ကိုပင် အတင်းတွန်းတင်၍ သူက နောက်မှကျော်တက်ပြီး ပြတင်းပေါက်ကို ပြန်ပိတ်ထားလိုက်သည်။ ထိုအခါတွင်မှ သူငယ်ချင်း တင်အောင်လည်း ဖိုးမြိုင်စာမဆိုဘဲ ချောင်ခိုတော့မည့်အစီအစဉ်ကို သိရှိနားလည်လေ၏။ နေရာတကျရှိပြီးသော် ဖိုးမြိုင်က အိပ်ထဲတွင် အသင့်ပါလာသော ပဲကြီးလျှော်ထုပ်ကို သူငယ်ချင်းအား ထုတ်ပေးသည်။ သွပ်သံမြည်မှာစိုး၍ နေရာမှ မရွှေ့အောင် ဂရုစိုက်ကြရသလို ပဲကြီးလျှော်ကိုလည်း အသံမမြည်အောင် ဝါးကြရင်း နှစ်ဦးသား ဇိမ်တွေ့နေကြလေသည်။

ဖိုးမြိုင်ကား သူ့ဝါသနာ စကားမများဘဲ မနေနိုင်ပေ။ သူငယ်ချင်းက 'ရှူး တိုးတိုးပြော. . . တိုးတိုးပြော'နှင့် တတားတည်း တားနေရသည်။

မကြာပါ။ ပြတင်းတံခါး ချက်ဖွင့်သံနှင့်အတူ တံခါးပွင့်လာပြီး ဦးခေါင်းတစ်ခုထွက်လာသည်။ ဦးခေါင်းမှာ ဘုန်းတော်ကြီး၏ ဦးခေါင်းမှန်း လရောင် အလင်းမှုန်မှုန်ဖြင့် သိရှိလိုက်သည်နှင့် နှစ်ယောက်စလုံး ဦးခေါင်းချာချာလည်သွားတော့သည်။

စင်စစ် ဘုန်းတော်ကြီးသည် ကုဋ္ဌီသို့လာရင်း ဖိုးမြိုင်၏ စကားသံ တိုးတိုးကြားသဖြင့် တံခါးဖွင့်စစ်ရာမှ အချောင်ခိုသူ

နှစ်ဦး ပြေး၍မလွတ်တော့ခြင်း ဖြစ်လေသည်။ ဘုန်းတော်ကြီး ၏အသံက တရားခံဖိုးမြိုင်တို့နှစ်ဦးအဖို့ နားထဲတွင် မိုးကြိုး ပစ်လိုက်သည့်နှယ်ပင်။

"ဘယ်သူတွေလဲ၊ ဘာလုပ်နေကြတာလဲ၊ လာ-ဆင်းခဲ့ကြ"

တရားခံနှစ်ဦးသား ကုပ်ကုပ်ကလေး တံခါးကျော်ဆင်းလာကြ**ပြီး**သော် ဖိုးမြိုင်က နှုတ်သွက်၏။ သူငယ်ချင်းတင်အောင်၏ လက်ထဲမှ ဘုရားရှိခိုးစာတွေကူးထားသော ဗလာစာအုပ်ကို ဖျတ်ခနဲ ဆွဲယူ၍ ဘုန်းတော်ကြီးအားပြသည်။

"တပည်တော်တို့ ဖိုးမြိုင်နှင့်တင်အောင်ပါဘုရား၊ ညနေက ဆော့ကြရင်း တင်အောင့်ဘုရားရှိခိုးစာအုပ်ကို ဒီသွပ်မိုးပေါ် ပစ်တင်ထားခဲ့လို့ ခုမှသတိရပြီး တက်ယူပေးတာပါဘုရား"

ဘုန်းတော်ကြီးက ဖိုးမြိုင်ကမ်းပေးသော ဗလာစာအုပ်ကိုလှမ်းယူပြီး 'သွား-ကျောင်းလယ်ခေါင်မှာ မတ်တတ်ရပ်နေ' ဟုပြောကာ ကုဋီဖက်ဆက်ကြွသွားသည်။

ဉာဏ်မျှားသူ ဖိုးမြိုင်ပါမှတော့ ဘုန်းတော်ကြီးက အဘယ်မှာလျှင် လွယ်လွယ်နှင့် ယုံပါတော့မည်နည်း။

ဖိုးမြိုင်နှင့်တင်အောင်တို့ ကျောင်းမကြီးအပေါ် တက်လာတော့ ကိုရင်ကျောင်းသားများက အကြောင်းအကျိုး ဝိုင်းဝန်းမေးမြန်း ကြသည်။ အဖြစ်မှန်ကို ပြောပြတော့ ဖိုးမြိုင်တို့ နှစ်ဦးအား သနားမည့်သူ တစ်ယောက်မျှမရှိ။ အချောင်ခို တဲ့သူ အရိုက်ခံရမှာ နည်းတောင်နည်းသေးဟု ခန့်ကြပြီး လက်ခုပ်သြဘာ ပေးဟန်ပြုကြသည်။

ဘုန်းတော်ကြီးသည် ကုဋီမှ ပြန်လာပြီး ဝါးစိမ်းတုတ်ရှိရာ သွားကတည်းက ဖိုးမြိုင်နှင့်တင်အောင်တို့၏ ကံကြမ္မာကို ကိန်းသေတွက်၍ ရပြီဖြစ်သည်။ ဘုန်းတော်ကြီးက လက်စွဲတော် ဝါးစိမ်းတုတ်ကို ကောက်ကိုင်၍ 'လာခဲ့ကြ'ဟု ခေါ်လိုက်ချိန်တွင်ကား ကိုရင်ကျောင်းသားများ၏ ဘုရားရှိခိုး ရွတ်အံ့မှုပါ ရပ်ဆိုင်းသွားပြီး ကျောင်းပေါ်တွင် အပ်ကျသံမျှ မကြားရအောင် ပင် ငြိမ်သက်သွားလေ၏။

"ဒင်းတို့နှစ်ယောက် ခုရိုက်ခံရမှာ ဘယ်နှစ်ပြစ်လဲ သိလား။ သွပ်ပြားပေါ်တက်တာက တစ်ပြစ်၊ သွပ်ပြားတွေ ဆွေးနေတာ ပေါက်ပြဲ မိုးယိုကုန်မှာ မသိဘူးလား။ မတော်လို့ သွပ်ပြားပေါ်က မိုးရေနဲ့ လျှောကျသွားမယ်။ အောက်က တန်းအဆွေးတွေ ပြုတ်ပျက်ကျကုန်မယ်ဆိုရင် ဒဏ်ရာသေးကွေးမယ်မဟုတ်ဘူး။ ဘုရားရှိခိုး ချပေးနေတာကို မဆိုချင်လို့

အချောင်ခိုတာကတစ်ပြစ်၊ နောက်ဆုံးအပြစ်ကတော့ လိမ်တာပဲ။ ဖိုးမြိုင်က သွပ်ပေါ်စာအုပ်ပစ်တင်ထားမိလို့ အခု တက်ယူတာပါတဲ့။ ဘယ်တုန်းကလဲဆိုတော့ ညနေကဆော့ပြီး တင်ထားတာတဲ့။ စောစောကတင် မိုးတစ်ချီရွာထားပြီးပြီ။ စာအုပ်မိုးမစိုတာ အံ့ရော။ လိမ်တာတစ်ပြစ်။ ကဲ. . ကဲ သုံး ပြစ်ဆိုမှတော့ မများပါဘူး။ သုံးချက်စီပေါ့။ ကဲ. မှောက်. . မှောက်. . . ”

ဖိုးမြိုင်နှင့်တင်အောင်တို့နှစ်ဦး တစ်လှည့်စီ ဘုန်းတော်ကြီးရှေ့တွင် အားလျားမှောက် ပေးကြရပြီး သုံးချက်စီ အနှံ့ခံရသဖြင့် ကျောကော့၍ သွားကြလေသတည်း။

မုသားဖလှယ် ဟန်ရေးကြွယ်

မုသားဖလှယ် ဟန်ရေးကြွယ်

ရှေးအခါက ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ကာသိတိုင်းဝယ် ရွာကြီးတစ်ရွာ၌ ဘုရားလောင်းသည် သူကြွယ်မျိုး၌ ဖြစ်လေ၏။

နုစဉ်ကာလ ဘုရားလောင်း၏ မယားသည် မယ်မဒ္ဒီ, သမ္ဘူလတို့နှင့် တခြားစီသာ ဖြစ်၏။ မယ်မဒ္ဒီ, သမ္ဘူလတို့သည် လင်ယောက်ျား အပေါ်၌ မယားဝတ္တရားနှင့်အညီ သစ္စာရှိသည့် အရာတွင် တော်လေးဝင် မိန်းမမြတ်များ စာရင်းဝင်ကြသည်။ ယခု ဘုရားလောင်း သူကြွယ်၏ မယားသည်ကား လင်ကြီးအားဘေးတွင် ငုတ်တုတ်ထား၍ ရွာသူကြီးနှင့် တိတ်တိတ်ပုန်းဖောက်ပြန်နေသူ ဖြစ်လေသည်။ သူကြွယ်သည် အခြေအနေရိပ်စားမိသော်လည်း သူတော်ကောင်းစိတ်ဓာတ်ရှိသူပီပီ အချိန်အခါကို စောင့်လျက် အမျက်ကို အပြင်မထွက်စေဘဲ မျိုသိပ်ထားလေသည်။

တစ်နေ့တွင် သူကြွယ်သည် ကိစ္စတစ်ခုဖြင့် အပြင်သို့ ထွက်လေသည်။ ယင်းအခြေအနေမျိုးကို စောင့်စားနေသော

ကြာကူရီ ရွာသူကြီးသည် သူကြွယ်၏မိန်းမနှင့် ယုတ်မာမှု ပြုရန် သူကြွယ်ထွက်သွားလျှင်ပင် အိမ်၏မလွယ်ပေါက်မှ ရောက်ရှိ လာသည်။

အိမ်ထဲသို့ ရွာသူကြီးရောက်ခါရှိသေး၊ သူကြွယ်သည် သူ၏ ပြုဖွယ်ကိစ္စ လမ်းမှာတွင် ပြီးခဲ့သဖြင့် အိမ်သို့ ပြန်လာ သည်။ မိန်းမကလည်း မိန်းမလည်မို့ နားပါးလှသည်။ နှစ်အိမ် ကျော်လောက်မှ သူ့လင်၏ အိမ်နီးနားချင်း နှုတ်ဆက်သံကြား သည်နှင့် တံခါးပေါက်သို့ ပြေးကြည့်ပြီး ဖြစ်သည်။ လားလား-သူ့ယောကျ်ား သူကြွယ်မှ သူကြွယ်ကိုး။

မိန်းမက လင်ငယ် ရွာသူကြီးအား အသိပေးလျှင် ရွာသူကြီးမှာ ခိုးထုပ်ခိုးထည်နှင့် မိပြီမို့ ထိတ်လန့်ပြီး နေစရာ မရှိတော့။ သို့သော် မိန်းမက မိန်းမတို့၏ လတ်တလော တခ်ီကုပ္ပတ္တိဉာဏ်ဖြင့် 'ဘာမှ မစိုးရိမ်နှင့်' ဟု ပြောသည်။ သူပြောသည့်အတိုင်းသာ အလိုက်သင့် လိုက်လုပ်ရန် ဇာတ် တိုက်သည်။ ကြာကူရီ ရွာသူကြီးအဖို့ ယခုအချိန်တွင် မိန်းမ ပြောသည့်အတိုင်း လိုက်လုပ်ရန်မှ လွဲ၍ အကြံကုန်လေပြီ။

အိမ်ထဲသို့ သူကြွယ်ဝင်ရောက်လာသောအခါ ရွာ သူကြီးကို အိမ်အလယ်ခန်းဦးတွေ့ရပြီး မိန်းမမှာ စပါးကျီပေါ်သို့ တက်သည့် လှေခါးထိပ်ဦးရပ်၍ ကျီထဲငုံ့ကြည့်နေသည်။

ရွာသူကြီးက ပြောသည်။ နှစ်ကြိမ် ထပ်၍ ပြောသည်။

"အမဲဖိုး ပေးပါ။ ကျုပ်မှာလဲ ဒီက ရတာနဲ့ ဆီဝယ်ဆန်ဝယ်ရာမှာ"

မိန်းမက ကျီထဲငုံ့ကြည့်ရင်းက လက်ခါပြသည်။

"ကျီထဲမှာ စပါးတစ်စေ့မှကို မရှိတော့ဘူး။ တမြန်မနေ့ကပဲ နောက်ဆုံးအသုတ် ဆန်ဖွပ်လိုက်ပြီ။ အမဲဖိုးကို ကောက်ဦးပေါ်ရင် အလျှင်ဆုံးပေးပါ့မယ်။"

သူကြွယ်သည် စဉ်းစားကြည့်၏။

အချိန်ကား တော်သလင်း သီတင်းကျွတ် မိုးကုန်စ အချိန်ဖြစ်၍ ရွာသူရွာသားတို့အဖို့ ကောက်ဟောင်း ပြတ်လပ်ချိန်တည်း။ လက်တွင်လည်း ငွေမရှိချိန်ဖြစ်၍ စားရေးသောက်ရေး ကသီလင်တနိုင်သော အချိန်လည်းဖြစ်၏။ ဟင်းကျွေးဟင်းလျှာ ရှားပါးသဖြင့် လွန်ခဲ့သော လဝက်ကပင် နှစ်လဆိုင်း ကောက်ပေါ်ပေးဖြင့် ရွာသူကြီး ပိုင်ဆိုင်သော နွားအိုတစ်ကောင်ကို ပေါ်၍ တစ်ရွာလုံး ဝိုင်းဆုံစားခဲ့ကြ၏။ ငွေကြေးပြည့်စုံလင့်ကစား အကြွေးရလျှင် ဆင်တောင်ဝယ်စီးတတ်ကြသည့် လူ့သဘာဝအတိုင်း သူကြွယ်သည်လည်း ကောက်ပေါ်ပေး နှစ်လဆိုင်းဖြင့် အမဲဝယ်စားသူစာရင်းတွင် ပါဝင်လေသည်။

ယခုကောက်သစ်လဲ မပေါ်သေး။ ကာလအားဖြင့် တစ်လသာ ကုန်လွန်သေးသောအချိန်၌ အမဲရှင်ရွာသူကြီးက အမဲဖိုး အကြွေးလာတောင်းသည့်ကိစ္စတွင် သူကြွယ်သည် ဘဝင်မကျနိုင်ပေ။ တန်တော့၊ သူကြွယ်အဖို့ အစွယ်ပြမှ ဖြစ်ပေတော့မည်။

"ကဲ---ကဲ--- သဏ္ဌာန်လုပ် သရုပ်ဆောင်မနေကြနဲ့။ အသင်တို့ နှစ်ဦးလုံးကို ကျုပ်မယုံဘူး။ အသင်တို့ သူခိုးနှင့် လူလိမ်တွေပဲ။ သူကြီးဆိုတဲ့ လူယုတ်မာကလည်း အမဲဖိုးကို နှစ်လဆိုင်းပေးထားပါလျက် လဝက်တည်းနဲ့ အမဲဖိုးလာတောင်းတာ ဘာမှ အဓိပ္ပါယ်မရှိဘူး။ ဟို သစ္စာပျက်မတော့ ဒင်းလဲ ကျီးထဲမှာ စပါးမရှိမှန်း သိပါလျက်နဲ့ ကျီထဲတက်ကြည့်နေတာ ကူလီကူမာနဲ့ ဟန်လုပ်ကြည့်နေတာပဲ"

သူကြွယ်သည် ကြာကူရီရွာသူကြီး၏ သျှောင်ထုံးကို ကိုင်၍ ဆွဲဆောင့်ကာ ရိုက်ပုတ်ထောင်းထုသည်။ အပြစ်ရှိသူ တရားခံ ရွာသူကြီးမှာ အလိုလို စိတ်ဓာတ်အားဖြင့် သိမ်ငယ်ပြီး ဖြစ်သူမို့ သူကြွယ်၏ ရိုက်ပုတ်ထောင်းထုမှုကို မရှုမလှ ခံယူရပြီး အရှက်တကွဲဖြင့် အိမ်ထဲမှ ပြေးထွက်သွားရလေသည်။

မိမိ၏ အရှင်သခင် လင်ယောကျ်ားအား သစ္စာမဲ့သူ မယားအား ဆုံးမရန်အတွက်မူ သူကြွယ်သည် စဉ်းစားရလေသည်။

အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် စွန့်ပစ်လိုက်လျှင်လည်း မိန်းမမျိုးသည် ပျက်စီးခြင်းငါးပါးထဲ ရောက်ရှိသွားနိုင်ပေသည်။ မိမိအဖို့လည်း ဒီအသက် ဒီအရွယ်ရောက်မှ ငယ်ကအသွင်မျိုး အဖြစ်မျိုးကို ပြန်ယူ၍ အိမ်ထောင်မှုတစ်ခုကို အသစ်ထူဆောက်ရပေဦးမည်။ သို့သော်လည်း မိမိ၏ လက်ရှိ အိမ်ထောင်ရေးတွင် သဲတရှပ်ရှပ် ဖြစ်ခဲ့ပြီဆိုတော့ လျစ်လျူပြု၍လည်း ရနိုင်မည်မဟုတ်ပေ။

လောလောဆယ် မိန်မအား ကျီထိပ်မှ ဆင်းသက်စေသည်။ ပြီးမှ ဆံပင်ဆွဲဆောင့်၍ ရိုက်ပုတ်အားရသောအခါ ပထမဆုံးနှင့် နောက်ဆုံးအကြိမ်အဖြစ် သတိပေးကာ (နောင်လေသံတောင် မကြားရစေပါဘူး) ကတိကိုသာ ရယူလိုက်ရှာပေသတည်း။

(၁၉၉။ ရှုဟကဝဂ်၊ ဂဟပတိဇာတ်)

- ဗုဒ္ဓဓမ္မ ယဉ်ကျေးမှုရင်ခွင်မှာ နွေးထွေးမိစေဖို့
- ရိုးစင်းသန့်စင်သော ရိုးရာဒဿနအတွေးအမြင်ကို စေ့ငုံ ခြေရာခံမိစေဖို့
- ပြုံးထေ့ရသမှ မြန်မာမှုဆင့်ပွားသုတများ ရင်မှာ စွဲပိုက်ပွားသစ်မိစေဖို့
- လူကြီးမိဘ ဆရာသမားတို့၏ ဂုဏ်ကျေးဇူးကို လေးစား ရိုကျိုးစေ၍

  အမျိုးဘာသာ သာသနာ ချစ်ခင်စိတ် စွဲခိုင်စေဖို့

ဘုရားကျောင်းကန်ဝန်းကျင်မှ

ရွှေကျောင်းပျော် ဟာသရသပုံဝတ္ထုများ

တင်အောင်ထွန်း | သုတေသနု |

ISBN 978-99971-0-2126-4 (ခ)